# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက် ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၈ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ [၅၄]၊ အမှတ် [၂၇၆]


**အရိယ သစ္စာန ဒဿနံ**
**ဧတံမင်္ဂလ မုတ္တမံ**
**သစ္စာလေးပါးကိုသိခြင်းသည်**
**မြတ်သော မင်္ဂလာမည်၏။**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ


“ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ သီလဝါနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး”

စာမျက်နှာ ➢ ၃



# ကရဝိက်ဥယျာဉ် သို့မဟုတ် အများနှင့်ဆိုင်သောကမ္ဘာ

သတင်းဆောင်းပါး-ခင်လေးမြင့်အောင်
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



**စိမ်းလန်းစိုပြည်သောရပ်ဝန်းသို့ လာရောက်အပန်းဖြေသော ပြည်သူမိသားစုများမှာ အများအပြားဖွင့်လှစ်ထားသည့် စျေးဆိုင်ခန်းများနှင့် မော်တော်ယာဉ်များကြောင့် စိတ်အပန်းမပြေ ဖြစ်ကြရသည်။**

ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော မိုးရနံ့ပါသည့်လေကို အားပါးတရ ရှူရှိုက်ရင်း တစ်နေ့တာပင်ပန်းသမျှ အမောဖြေခွင့်ရရန် ရန်ကုန်မြို့ပြ လူတန်းစားတို့ စိတ်ကူးမျှော်လင့်ကြသည်။ စိတ်ကူးကို အကောင်အထည်ဖော်ကာ သားသမီးများလည်း ဆော့ကစားရင်း၊ ကိုယ်တိုင်လည်းအေးချမ်းစွာ အပန်းဖြေရင်းဖြင့် မွန်းကျပ်သည့် ရန်ကုန်ကို ခဏတာရှောင်တိမ်းရန်အလို့ငှာ ကိုမင်းဇော်နှင့် သူ့မိသားစုတို့ ကန်တော်ကြီး ကရဝိက်ဥယျာဉ်ကမ္ဘာသို့ ရောက်ရှိနေသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ✻




# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

မဲဆန္ဒရှင်များ မဲပေးသင့်သည်၊
မဲပေးမည်ဆိုပါက သင့်အမည် မဲစာရင်းတွင် ပါရန်လိုသည်။

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### ကျောက်မီးသွေးဖြင့် ဓာတ်အားမြှင့်တင်

လူနေမှုအဆင့်အတန်း မြင့်မားအောင်ဆောင်ရွက်ရာတွင် လည်းကောင်း၊ စီးပွားရေးနှင့် စက်မှုဖွံ့ဖြိုး တိုးတက်အောင် ကြိုးပမ်းရာတွင် လည်းကောင်း လျှပ်စစ်ဓာတ်အားအပြည့်အဝသုံးစွဲနိုင်ရေးသည် အဓိက လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားကို ထုတ်ယူသုံးစွဲလျက်ရှိရာတွင် အဓိကအားဖြင့် သဘာဝစွမ်းအင်အရင်းအမြစ်များဖြစ်သည့် နေ၊ ရေ၊ လေတို့မှ ထုတ်ယူသုံးစွဲနေသကဲ့သို့ ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့နှင့် နျူကလီးယားစွမ်းအင်တို့မှလည်း ထုတ်ယူသုံးစွဲလျက်ရှိပါသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားကို အဓိကအားဖြင့် ရေအားလျှပ်စစ်မှ ထုတ်ယူသုံးစွဲလျက်ရှိပါသည်။ အခြားသော စွမ်းအင်များမှ ဓာတ်အားထုတ်ယူသုံးစွဲမှုမှာ လွန်စွာနည်းပါးနေပါသေးသည်။ ယခုအခါ ကျောက်မီးသွေးအရင်းအမြစ်များကို အသုံးပြုကာ ဓာတ်အားပေးစက်ရုံများ ထူထောင်သွားရန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဇူလိုင် ၅ ရက်တွင် ဂျပန်နိုင်ငံ နာဂိုယာမြို့ ဟဲခိနန်အဆင့်မြင့်နည်းပညာသုံး ကျောက်မီးသွေးအသုံးပြု ဓာတ်အားထုတ်လုပ်သည့် စက်ရုံသို့ရောက်ရှိစဉ် မိမိတို့နိုင်ငံအနေဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် အရင်းအမြစ်များစွာရှိသော်လည်း ရေအားလျှပ်စစ်သည် ရာသီဥတုအပေါ် မူတည်နေသည့်အတွက် အပြည့်အဝအားကိုး၍မရနိုင်ကြောင်း၊ ထို့ကြောင့် သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့သည် အဓိကလျှပ်စစ်ဓာတ်အားထုတ်လုပ်ရာ အရင်းအမြစ်များဖြစ်လာကြောင်း၊ နေရောင်ခြည်နှင့် လေစွမ်းအင်တို့သည် အနာဂတ်အတွက် အလားအလာရှိသော်လည်း ထုတ်လုပ်မှု ကုန်ကျစရိတ် မြင့်မားသည့်အတွက် စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများတွင်ပင် အပြည့်အဝအသုံးမချနိုင်သေးကြောင်း၊ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ များသည် အလျင်အမြန်တည်ဆောက်နိုင်ပြီး ထုတ်လုပ်မှုစရိတ်လည်းနည်းပါးကြောင်း၊ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြင့် ကျောက်မီးသွေးမှလျှပ်စစ်ဓာတ်အားထုတ်လုပ်နေသည့် ဂျပန်နိုင်ငံ၏ အတွေ့အကြုံနှင့် နည်းပညာများကို မိမိတို့အသုံးပြုလိုကြောင်း၊ ချူဘူးကုမ္ပဏီအနေဖြင့်လည်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်စေလိုကြောင်း ပြောကြားခဲ့ပါသည်။

ဂျပန်နိုင်ငံသည် ကျောက်မီးသွေးမှ ဓာတ်အားထုတ်လုပ်ရာတွင် ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဟဲခိနန်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံမှ နေ့စဉ်မဂ္ဂါဝပ် ၄၁၀၀ ထုတ်လုပ်ပေးနေကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် လက်ရှိကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ တစ်ရုံသာရှိပြီး ရှမ်းပြည်နယ် တီကျစ်မြို့၌တည်ရှိသည်။ ယင်းမှလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် နေ့စဉ် ၁၂၀ ထုတ်လုပ်ပေးလျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်များနှင့် ပူးပေါင်းကာ ဖြစ်မြောက်နိုင်စွမ်း၊ လေ့လာမှုလုပ်ငန်းဆောင်ရွက်ဆဲ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း ၁၁ ခုရှိကြောင်း သိရသည်။

ဤကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများ အမှန်တကယ် တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၉၀၀၀ ကျော် တိုးတက် ထုတ်လုပ်လာနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ကျောက်မီးသွေးပြာကို အသုံးပြုကာ ဒေသလိုအပ်ချက် ဘိလပ်မြေကိုလည်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်း ပေးနိုင်ရန်အတွက် လက်ရှိဆောင်ရွက်နေဆဲဖြစ်သော ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများ အလျင်အမြန် အကောင်အထည်ဖော်ဆောင်ရွက်ရေး ဝိုင်းဝန်းကြိုးပမ်းအားထုတ်သင့်ပေကြောင်း။ ။

ထင်သာမြင်သာပြုပြင်စရာ

### မော်လူးနှင့် အုန်းဒုတ်မီးရထားသံလမ်းကျော် ပြုပြင်ရန်မျှော်လင့်

မော်လူးနှင့် အုန်းဒုတ်၊ အုန်းဒုတ်မှ မော်လူးသို့ နေ့စဉ် ကားကြီးများ၊ သုံးဘီး ယာဉ်များ သုံးဘီးဆိုက်တွဲများ၊ ထော်လာဂျီများ ၊ ဆိုင်ကယ်များသည် မော်လူးနှင့် အုန်းဒုတ်ကြား ဖြတ်သန်းဖောက်လုပ်ထားသော မြစ်ကြီးနား-မန္တလေး မီးရထားသံလမ်းကိုကျော်ကာ လိုရာစခန်းသို့သွားကြသည်။

ယခုမူ အများအခေါ် မော်လူး-အုန်းဒုတ် သံလမ်းကျော်အမည်ရှိ မီးရထားသံလမ်းပြုပြင်ပြီးသော်လည်း ယာဉ်ကြီးယာဉ်ငယ် အဆင်ပြေစေရေးအတွက် သံလမ်းကြားအတွင်း ကျောက်ချခြင်း၊ ဇလီဖားတုံးချခင်းခြင်းများမပြုဘဲ လျစ်လျူရှုကာနေခြင်းသည် အန္တရာယ်ကို ဖိတ်ခေါ်သကဲ့သို့ဖြစ်နေသဖြင့် ပြုပြင်ထားပြီးသော မီးရထားသံလမ်းများအတွင်း ကျောက်ချခြင်း၊ မြေဖို့ခြင်း၊ ဇလီဖားတုံးများ ချခြင်းတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် ယာဉ်အန္တရာယ် ကင်းရှင်းပြီး အဆင်ပြေသွားလာရေးအတွက် မိဘပြည်သူများ မျှော်လင့်လျက်ရှိကြောင်း သိရသည်။ **ညိုမင်းထက်(မြန်မာစာ)**





နေပြည်တော် တပ်ကုန်းမြို့နယ် အနော်ရထာရပ်ကွက် အောင်သီတာပျိုးဥယျာဉ်ကျောင်းတိုက်အတွင်း၌ မဟာသိမ်တော်မြတ် ပန္နက်တော်မင်္ဂလာနှင့် အုတ်မြစ်ချ တည်ဆောက်ခြင်းကို ရန်ကုန်မြို့ အောင်သီတာစာသင်တိုက် ဆရာတော်ကြီးဦးစီး၍ ဇူလိုင် ၁ ရက်က ဆောင်ရွက်စဉ်။ (လ-ဝ၁၆)

### ဝိနယာဒိနဂ္ဂဟစာပြန်ပွဲတော်ကြီး ကျင်းပပြီးစီး

**ညောင်ရွှေ ဇူလိုင် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့တွင် ရှမ်းပြည်နယ်လုံးဆိုင်ရာ (၈၁+၈၄) ကြိမ်မြောက် ဝိနယာဒိနဂ္ဂဟ စာပြန်ပွဲတော်ကြီးကို ဇွန် ၂၈ ရက်မှစ၍ ဇူလိုင် ၆ ရက်အထိ ကျင်းပရာ အမြို့မြို့အနယ်နယ်မှ သံဃာတော် ၄၀၀၀ ကျော်တို့ ကြွရောက်တော်မူကြသည်။

ထို့နောက် ဇူလိုင် ၆ ရက်တွင် စာအောင်သံဃာတော် ၁၆၆၆ ပါးတို့အား အောင်လက်မှတ်များနှင့် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်းသိရသည်။ သံဃာတော်များအနက် ထူးချွန်အောင်မြင်တော်မူကြသော ဂုဏ်ထူးတန်းအောင် အရှင်ခေမာဝံသ ၊စာချတန်း(ရိုးရိုး) ကျမ်းပြီးအောင် ဦးသီဟဉာဏ၊ ဦးဝေက(၂)၊ စာချတန်း(ရိုးရိုး) နှစ်ကျမ်းအောင် ဦးလက္ခဏာသာမိ၊ စာချတန်း(ရိုးရိုး) တစ်ကျမ်းအောင် အရှင်ဓမ္မပါလနှင့် ဦးသုနန္ဒတို့အား ညောင်ရွှေမြို့နယ် သာသနာ နဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးဘုန်းကြွယ်ဦးဆောင်၍ မော်တော်ယာဉ်များဖြင့် မြို့တွင်း ပင့်ဆောင်လှည့်လည်ပူဇော်ခံကြကြောင်း သိရသည်။ (ဝ၅၄)

### မဲရုံများလုံခြုံရေး ဆွေးနွေး

**မြစ်ကြီးနား ဇူလိုင် ၇**

၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအား အောင်မြင်စွာဖြင့်ကျင်းပနိုင်ရန်၊ မဲရုံများလုံခြုံရေး အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၆ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဝင်းက အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် မြစ်ကြီးနား၊ ဝိုင်းမော်၊ တနိုင်းမြို့နယ်နှင့် ဆဒုံး၊ ကန်ပိုက်တည်၊ ဆင်ဘိုမြို့တို့မှ ရဲတပ်ဖွဲ့မှူးများက မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများ၌ မဲရုံတည်ရှိမှု၊ ရှေ့ပြေးကြိုတင်မဲဆန္ဒရှင်စာရင်းကြေညာနိုင်မှု၊ လုံခြုံရေးစီမံချက် ကြိုတင်ရေးဆွဲထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **မိုးဃ်ကျ(မြစ်ကြီးနား)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၇-၇-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၀၃၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၇၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**


| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၁၀ |
| ဥရောပ | တစ်ယူရို | ၁၂၄၀.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၂၈.၂၀ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၅ |
| တရုတ် | တစ်ယွမ် | ၁၇၈.၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆ |

ခင်ရတနာ-စုစည်းသည်။

# နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နေမှုဆွေးနွေး



**နေပြည်တော် ဇူလိုင် ၇**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်၊ နိပ္ပွန်ဖောင်ဒေးရှင်းနှင့် ဆာဆာကာဝါဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ရိုဟဲအိဆာဆာကာဝါ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ သီလဝါနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဦးစိုးသိန်း၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာသန်းအောင်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် မစ္စတာ ရိုဟဲအိဆာဆာကာဝါနှင့်အတူ ဆာဆာကာဝါ-အမေရိကန်၏ အမှုဆောင်အရာရှိချုပ် ဘုတ်အဖွဲ့ဥက္ကဋ္ဌ၊ အမေရိကန် အမျိုးသားစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ ညွှန်ကြားရေးမှူးဟောင်း ရေတပ်ဗိုလ်ချုပ်ကြီး ဒန်းနစ်စ်ဘလဲနှင့် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန၏ အထူးအကြံပေးပုဂ္ဂိုလ် ဗိုလ်ချုပ်ကြီးဟောင်း ရှီဂဲရု အီဝါဆာကီတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ရေးကိစ္စဆွေးနွေး


**နေပြည်တော် ဇူလိုင် ၇**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့ရှိ ဩစတြေးလျအမျိုးသားတက္ကသိုလ် College of Asia and the Pacific, South Asian Studies မှ Professor Andrew Walker နှင့် သင်တန်းသားကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံခဲ့ရာ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ရေးကိစ္စ၊ လူ့အခွင့်အရေးကိစ္စများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွှန့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# သံအမတ်ကြီးဦးစိုးနွယ် ၄င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၈**

ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးနွယ်သည် ၄င်း၏ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ်ဇူလိုင် ၁ ရက်တွင် ဖနောင်ပင်မြို့၌ ကမ္ဘောဒီးယားနိုင်ငံဘုရင်မင်းမြတ် ပရာဘတ် ဆမ်ဒက် ပရယ်ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို လိုက်နာခြင်းမရှိသောဂျာနယ်အား ခေါ်ယူသတိပေး

**ရန်ကုန် ဇူလိုင် ၇**

ဇွန် ၂၆ ရက်နေ့ထုတ် 8 days ဂျာနယ်အတွဲ(၇)အမှတ်(၁၁)စာမျက်နှာ (၁၈)ပါ "ဒီတစ်ပတ်အညှဲ့ဆုံးဖက်ရှင်ဘယ်သူဝတ်ဆင်" သတင်းတွင် ဝတ်လစ်စားလစ် နိုင်ငံခြားမော်ဒယ်တစ်ဦး၏ဓာတ်ပုံအား ပုံကြီးဖြင့် ထင်ရှားစွာ ထည့်သွင်းဖော်ပြထားပါသည်။ ထိုသို့ဖော်ပြခြင်းမှာ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအခန်း(၄) ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် လိုက်နာရန် စည်းကမ်းပုဒ်မ(၈)ပုဒ်မခွဲ (ဂ) ပါ ညစ်ညမ်း စာများကို ဖော်ပြခြင်းမပြုရဆိုသည့်စည်းကမ်းကို ဖောက်ဖျက်ကျူးလွန်သဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူ များက ၆-၇-၂၀၁၅ ရက်နေ့တွင် 8 days ဂျာနယ်တာဝန်ခံအယ်ဒီတာ ဒေါ်မေသက်မာအား ရန်ကုန်မြို့ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲတွင် ခေါ်ယူတွေ့ဆုံ၍ နောင်တွင် ယခုကဲ့သို့ ဥပဒေကို ဖောက်ဖျက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးရှင်းလင်းပြောကြား ထားပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**






# ဆိုမာလီကမ်းလွန်ပင်လယ်ပြင်တွင် ပင်လယ်ဓားပြနှိမ်နင်းရေးလုပ်ငန်းများ ဂျပန်တိုးချဲ့လုပ်ဆောင်မည်



**တိုကျို ဇူလိုင် ၇**

ဆိုမာလီကမ်းလွန်ပင်လယ်ပြင်တွင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ ပင်လယ်ဓားပြတိုက်ဖျက်နှိမ်နင်းရေးလုပ်ငန်းကို လာမည့်နှစ်တွင် တိုးချဲ့သွားမည်ဖြစ်ကြောင်း ဂျပန်အစိုးရက ဆုံးဖြတ်ချက်ချခဲ့သည်။

လက်ရှိ ဆောင်ရွက်မှုသည် ဇူလိုင်လနှောင်းပိုင်းတွင် ပြီးဆုံးမည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် ၂၀၀၉ ခုနှစ်ကတည်းက ကုန်သွယ်ရေကြောင်း သင်္ဘောများကို ပင်လယ်ဓားပြရန်မှ ကာကွယ်မှုပြုလုပ်နိုင်ရန် ကင်းလှည့်လေယာဉ်နှင့် အစောင့်အကြပ် သင်္ဘောများကို ယင်းကမ်းလွန်ပင်လယ်ပြင်၌ တပ်ဖြန့်ချထားခဲ့သည်။ ၂၀၁၅ ခုနှစ် မေလက ပင်လယ်ဓားပြများကိုနှိမ်နင်းရာတွင် နိုင်ငံပေါင်းစုံ ပထမဆုံး ပူးပေါင်းဆောင်ရွက်မှု ပင်လယ်ရေကြောင်း ကာကွယ်ရေးတပ်ဖွဲ့ အကြီးအကဲတစ်ဦးက တာဝန်ယူခဲ့သည်။

ဇူလိုင် ၇ ရက်တွင် ဂျပန်လွှတ်တော်က ပင်လယ်ဓားပြနှိမ်နင်းရေးကို အတည်ပြုပြီးနောက် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီးနာဂါတနီက ပင်လယ်ဓားပြခြိမ်းခြောက်မှုရန်သည် အဆိုပါဒေသတွင် ဆက်လက်ဖြစ်ပွားနေပြီး ဆိုမာလီကို ဆင်းရဲတွင်းပိုမိုနက်အောင်ပြုလုပ်သကဲ့သို့ ဖြစ်နေကြောင်း၊ ထို့ပြင် ၎င်းသည်ပင်လျှင် ပြဿနာ၏ရင်းမြစ်ဖြစ်ပြီး အမြစ်ပြတ်ချေမှုန်းမှု မလုပ်ဆောင်နိုင်သေးကြောင်း ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံသည်အခြားနိုင်ငံ များမှ ပင်လယ်ဓားပြချေမှုန်းရေးတပ်ဖွဲ့များနှင့် ပူးပေါင်းပြီး အဓိက ပင်လယ်ရေလမ်းကြောင်းဖြစ်သော ဆိုမာလီကမ်းလွန်ပင်လယ်ပြင်တွင် ပင်လယ်ဓားပြရန်မှ အန္တရာယ်ကင်းလုံခြုံစိတ်ချမှုရှိရန် ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးက ပြောခဲ့သည်။

(အင်န်အိတ်ချ်ကေ)

## ကမ္ဘာ့အသက်အကြီးဆုံး ဂျပန်အမျိုးသားကွယ်လွန်

**တိုကျို ဇူလိုင် ၇**

ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသားအဖြစ် ဂင်းနက်စ်မှတ်တမ်းတင်ခံရသည့် ဆာကာရီမိုမိုအီသည် အသက် ၁၁၂ နှစ်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာများက အင်္ဂါနေ့တွင်သတင်းထုတ်ပြန်သည်။

တိုကျိုမြို့အနီး ဆိုင်တာမာမြို့တွင် နေထိုင်သော မိုမိုအီသည် ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ဂင်းနက်စ်အဖွဲ့ကြီးက ကမ္ဘာ့အသက်အကြီးဆုံးအမျိုးသားအဖြစ် အသိအမှတ်ပြုခဲ့သည်။

၎င်းသည် တနင်္ဂနွေနေ့က တိုကျိုမြို့ဆေးရုံတစ်ရုံ၌ ကျောက်ကပ်ရောဂါဖြင့် ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။

မိုမိုအီသည် ကျောင်းဆရာဟောင်းဖြစ်ပြီး ဆိုင်တာမာနှင့်ဖူကူရှီးမားစီရင်စုများရှိ အထက်တန်းကျောင်းများ၌ စိုက်ပျိုးရေးဆိုင်ရာ ဓာတုဗေဒဘာသာရပ် သင်ကြားပေးခြင်းဖြစ်သည်။ ၎င်းကွယ်လွန်ပြီးနောက် နာဂိုယာမြို့တွင် နေထိုင်သော အသက် ၁၁၂ နှစ်ရှိ ယာဆုတာရိုကိုအီဒဲသည် ဂျပန်နိုင်ငံတွင် အသက်အကြီးဆုံးအမျိုးသားဖြစ်လာကြောင်း ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ပြောကြားသည်။

(ဆင်ဟွာ)

## ကင်ညာတွင် လက်ပစ်ဗုံးများနှင့်တိုက်ခိုက်၍ ၁၄ ဦးသေဆုံး

**မန်ဒါရာ(ကင်ညာ) ဇူလိုင် ၇**

ကင်ညာနိုင်ငံ ဆိုမာလီနယ်စပ်အနီး မန်ဒါရာဒေသ၌အယ်လ်ရှာဘတ်ဟု သံသယရှိသော တိုက်ခိုက်ရေးသမားတစ်ဦးက အင်္ဂါနေ့အစောပိုင်းတွင် အကြမ်းဖက်တိုက်ခိုက်ခဲ့သဖြင့် အနည်းဆုံးလူ ၁၄ ဦးသေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများကပြောသည်။

သေနတ်သမားများက မန်ဒါရာမြို့မှ နှစ်ကီလိုမီတာအကွာ လူနေအိမ်အဆောက်အအုံတစ်ခုအတွင်း လက်ပစ်ဗုံးများဖြင့် ပစ်ပေါက်တိုက်ခိုက်သွားခဲ့ကြောင်း မန်ဒါရာကော်မရှင်မင်းကြီး အဲလက်အိုလီကိုယိုက အဆိုပါ နံနက်ပိုင်းတွင် အတည်ပြုပြောကြားသည်။

"သေဆုံးသူတွေက အမျိုးသား ၁၃ ဦးနဲ့အမျိုးသမီးတစ်ဦးပါ။ အများစုကတော့ ဆောက်လုပ်ရေးလုပ်သားတွေပါ။ အရက်တက် တိုက်ခိုက်မှုအတွင်း သေဆုံးသွားခဲ့ပါတယ်။ ဒဏ်ရာရ ၁၂ ဦးကိုတော့ နီးစပ်ရာဆေးရုံသို့ အမြန်ဆုံးတင်ပို့ခဲ့ပါတယ်" ဟု ၎င်းက ဆင်ဟွာသို့ ဖုန်းဆက်ပြောသည်။

(ဆင်ဟွာ)

## ဝါရှင်တန်ရှိ ရေခဲဂူပြိုကျ တစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

**ဝါရှင်တန် ဇူလိုင် ၇**

တနင်္လာနေ့က ဝါရှင်တန်ပြည်နယ်တွင် ရေခဲဂူ တစ်စိတ်တစ်ပိုင်းပြိုကျခဲ့ရာ တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ အမေရိကန် သစ်တောရေးရာဌာနမှ ရာသီဥတုမညီမျှဖြစ်ပြီး အပူလွန်ကဲမှုကြောင့် အန္တရာယ် ဆက်လက်ဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးထားသည်။

စီယက်တယ်လ် မြောက်ပိုင်း မိုင် ၄၀ အကွာခန့် ဂရာနိုက်ရေတံခွန်အနီးရှိ ရေခဲဂူကြီးလေးခု၌ ထိခိုက်ဒဏ်ရာရသူ သုံးဦးကို အနီးအနားဆေးရုံသို့ လေကြောင်းဖြင့် ပို့ပေးခဲ့ကြောင်း စနိုဟိုမစ်(ရှ်) ခရိုင်ကင်းလှည့်ရဲဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

သေဆုံးသူကို အတည်မပြုရသေးကြောင်း၊ ခန္ဓာကိုယ်မှာ အပျက်အစီးများအောက်၌ နစ်မြုပ်နေကြောင်း စီယက်တယ်လ်တိုင်း(မ်) သတင်းစာတွင် ဖော်ပြထားသည်။

ပြိုကျမှုဖြစ်ပွားစဉ် ဂူအတွင်း၌ အပျော်ခရီးသွား မည်မျှရှိနိုင်ကြောင်း ရှာဖွေကယ်ဆယ်ရေးအဖွဲ့က စုံစမ်းဆဲဖြစ်သည်။ ပြိုကျမှုသည် ဂူဝင်ပေါက်အနီး၌ ဖြစ်ပွားခြင်းဖြစ်ကြောင်း သက်ဆိုင်ရာက ပြောသည်။

ဂူများသည် အပျော်ခရီးသွားခြေလျင် တောင်တက်သမားများအတွက် တောင်တက်လမ်းနေရာဖြစ်ပြီး မောင့်ဘိတ်ကာစနိုးကွာလ်မီး အမျိုးသားဉယျာဉ်၏ အစိတ်အပိုင်းနေရာလည်းဖြစ်သည်။ ပုံမှန်မဟုတ်သောအပူချိန်ကြောင့် ရေခဲဂူပြိုကျမှုဖြစ်ပွားပြီးနောက် ရေခဲဂူလေးခုသို့ ဝင်ရောက်ခြင်းမပြုရန် တောင်တက်သမားများကို သစ်တောရေးရာဌာနမှ မေလအတွင်းက သတိပေးထားသည်။

"အနည်းဆုံး စက်တင်ဘာလအထိတော့ ဂူအခြေအနေက ပုံမှန်ပြန်မဖြစ်နိုင်သေးဘူး" ဟု ကွင်းဆင်းလေ့လာရေးဦးဆောင်သူ ရန်ဂျာ မက်သရူးက ပြောသည်။

ဂူအနီးအနားတစ်ဝိုက် ပိတ်ထားရန် အတည်မပြုရသေးကြောင်း သိရသည်။

ပူနွေးသောကာလများ၌ ရေခဲများ ပျော်ကျမှုကြောင့် ဒေသတွင်း တောင်တက်သမားများကို အန္တရာယ်ဖြစ်စေကြောင်း ၂၀၁၀ ပြည့်နှစ်က ရေခဲအပိုင်းအစများ ထိမှန်မှုကြောင့် ၁၁ နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့ရကြောင်း သစ်တောရေးရာဌာနမှ သိရသည်။

(ရိုက်တာ)





## နျူကလီးယားလောင်စာသုံး ဓာတ်ပေါင်းဖို ပြန်လည်လည်ပတ်

**ဖူကိုအိုကာ ဇူလိုင် ၇**

ဂျပန်နိုင်ငံ ဆန်ဒိုင်း နျူကလီးယားဓာတ်ပေါင်းဖိုများတည်ရှိရာ နေရာ၌ ကျူးရှူးလျှပ်စစ်စွမ်းအားကုမ္ပဏီသည် ဩဂုတ်လလယ်မှစတင်၍ နျူကလီးယားဓာတ်ပေါင်းဖို၌ နျူကလီးယားလောင်စာများအသုံးပြု၍ စတင်လည်ပတ်တော့မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ၂၀၁၁ ခုနှစ်က ဖူကူရှီးမားဓာတ်ပေါင်းဖို ယိုစိမ့်မှုဖြစ်ပြီးနောက် တိကျသေချာသော လုံခြုံရေးစနစ်များဖြင့် လုပ်ဆောင်မည်ဖြစ်သည်။ အဆိုပါ နျူကလီးယားဓာတ်ပေါင်းဖိုပြန်လည်လည်ပတ်ခြင်းသည် ၁၉၈၆ ခုနှစ်က ချာနိုဘိုင်းနျူကလီးယားဓာတ်ပေါင်းဖို ပေါက်ကွဲပြီးနောက် ကမ္ဘာပေါ်တွင် အဆိုးရွားဆုံး နျူကလီးယားဘေးအန္တရာယ်နှင့် ကြုံတွေ့နေရသော ဂျပန်နိုင်ငံ၏ နျူကလီးယားစွမ်းအင်ထုတ်လုပ်မှု ပြန်လည်ရှင်သန်လာခြင်းပင် ဖြစ်သည်။

အစိုးရနှင့် စက်မှုလုပ်ငန်းများသည် လောင်စာဆီကို နိုင်ငံခြားမှဈေးကြီးပေး၍ တင်သွင်းကြရပြီး လျှပ်စစ်မီး၊ ရေအစရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်နေသူများအတွက် နျူကလီးယားဓာတ်ပေါင်းဖိုများ လုံခြုံစိတ်ချစွာ ပြန်လည် လည်ပတ်နိုင်မည့်နည်းလမ်းကို လိုလားကြသည်။

ဖူကူရှီးမားစက်ရုံတွင် ရေဒီယိုသတ္တိကြွယိုစိမ့်မှုဖြေရှင်းရန် ဆောင်ရွက်နေသည့်ကြားမှ နျူကလီးယားဓာတ်ပေါင်းဖိုများပြန်လည် လည်ပတ်၍ဆောင်ရွက်ခြင်းကို ပြည်သူများက ကျေနပ်ခြင်းမရှိပေ။

(ကျိုဒို)

# အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးအခြေအနေ




### ပါလီမန်တိုက်ခိုက်ခံရ

ဇွန်လ ၂၂ ရက်နေ့၌ တာလီဘန်စစ်သွေးကြွများသည် ကဘူးလ်မြို့တော်ရှိ ပါလီမန်အဆောက်အအုံကို စီးနင်းဝင်ရောက်တိုက်ခိုက်ခဲ့ရာ သေနတ်သံနှင့် ပေါက်ကွဲသံများကြားတွင် ဥပဒေပြုအမတ်များသည် လုံခြုံရေးအကာအကွယ်ယူ၍ တိမ်းရှောင်ခဲ့ရသည်။

လွန်ခဲ့သည့်နှစ်က နေတိုးတိုက်ခိုက်ရေးတပ်ဖွဲ့များ အာဖဂန်မှ ရုပ်သိမ်းသွားပြီးနောက်တွင် တာလီဘန်သူပုန်များသည် အကြမ်းဖက်တိုက်ခိုက်မှုများ မြှင့်တင်ဆောင်ရွက်လာသည့်အတွက် နိုင်ငံ၏လုံခြုံရေးကို ထိန်းချုပ်ထားနိုင်ရန် အာဖဂန် အမျိုးသားတပ်မတော်က မနိုင်မနင်း ကြိုးပမ်းဆောင်ရွက်နေရသည်။

ဇွန်လ ၂၂ ရက်နေ့တွင် ပါလီမန်၌အရေးပါသော ကာကွယ်ရေးဝန်ကြီးသစ်ကို ခန့်အပ်နိုင်ရန်အတွက် ငြင်းခုံဆွေးနွေးကြစဉ် အချိန်ကိုက်၍တာလီဘန်တို့က ဗုံးခွဲတိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။

ဖြစ်စဉ်မှာ ပါလီမန်လွှတ်တော် ဂိတ်တံခါးအနီး ကားလမ်းပေါ်တွင် အသေခံကားဗုံးခွဲတိုက်ခိုက်ပြီးနောက် တာလီဘန်စစ်သွေးကြွခြောက်ဦးက လွှတ်တော်ကို ပစ်ခတ်တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်တာလီဘန်စစ်သွေးကြွများကြား နှစ်နာရီကြာမျှတိုက်ပွဲဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများအားလုံးကို သတ်ဖြတ်နိုင်ခဲ့သည်ဟု ကဘူးလ်ရဲတပ်ဖွဲ့မှူး အဗ္ဗဒူလာကာရီမီက ပြောဆိုသည်။

တစ်ချိန်တည်းမှာပင် အာဖဂန်နစ္စတန်နိုင်ငံ၏ မြောက်ပိုင်းကွန်ဒုဇ်ပြည်နယ်ရှိ ချာဒါရာခရိုင်နှင့်ဒတ်ဒီအာချီခရိုင်များကို တာလီဘန်စစ်သွေးကြွများက ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ထို့ပြင် ဘက်ဒက်ရှန်းပြည်နယ်ရှိ ယမ်ဂန်ခရိုင်ကိုလည်း တာလီဘန်တို့က သိမ်းပိုက်ခဲ့ကြသည်။

တာလီဘန်စစ်သွေးကြွများသည် ပါလီမန်လွှတ်တော်နှင့်ကွန်ဒုဇ်ပြည်နယ်ရှိ ခရိုင်မြို့ကြီးများကို တိုက်ခိုက်သိမ်းပိုက်ခြင်းမှာ အာဖဂန်နစ္စတန်အစိုးရနှင့်အာဖဂန်၌ စတင်ခြေကုပ်ယူလာသည့် အိုင်အက်စ်စစ်သွေးကြွများကို အင်အားပြ၍ ဟန့်တားခြိမ်းခြောက်လိုက်သော နည်းဗျူဟာများပင်ဖြစ်သည်ဟု နိုင်ငံရေးပညာရှင်များက သုံးသပ်ဝေဖန်သည်။

အာဖဂန်တာလီဘန်အဖွဲ့၏ ဒုတိယခေါင်းဆောင် မူလာအက်တာမန်ဆာက ဆီးရီးယားအိုင်အက်စ်အဖွဲ့ခေါင်းဆောင် အဘူဘေကာအယ်ဘက်ဒါဒီထံသို့ စာတစ်စောင်ပေးပို့၍ အိုင်အက်စ်လူဆိုးလူမိုက်ရာဇဝတ်သားများအနေဖြင့် အာဖဂန်နိုင်ငံရေး၌ ဝင်မရှုပ်ရန် ပြင်းထန်စွာ သတိပေးခဲ့သည်။

မကြာမီက အာဖဂန်အရှေ့ပိုင်း နန်ဂါဟာဒေသတွင် တာလီဘန်သူပုန်များနှင့် ခြေကုပ်ယူလာသည့်အိုင်အက်စ်စစ်သွေးကြွများကြားတွင် တိုက်ပွဲများဖြစ်ပွားခဲ့ရာ နှစ်ဖက်အကျအဆုံးများပြားခဲ့သည်ဟု သတင်းများထွက်ပေါ်နေခဲ့သည်။

အာဖဂန်တွင် တာလီဘန်အဖွဲ့ခွဲ အမျိုးမျိုးကြားစိတ်ဝမ်းကွဲစေရန်အတွက် အိုင်အက်စ်အဖွဲ့သည် ဗျူဟာဉာဏ်နီဉာဏ်နက်များ အသုံးပြုလုပ်ဆောင်နေသည်ဟု တာလီဘန်ခေါင်းဆောင်ဟောင်းကြီး မူလာအိုမာက သတိပေးပြောဆိုသည်။အာဖဂန်နိုင်ငံတွင် အိုင်အက်စ်အဖွဲ့၏ ခေါင်းဆောင်တစ်ဦးဖြစ်သည့် အဗ္ဗဒူရာဟင်းမူဆလင်ဒိုစ်က နန်ဂါဟာဒေသတွင် အိုင်အက်စ်အဖွဲ့နှင့် တာဘီဘန်တို့ ခိုဂျန်နီမြို့အနီး၌ တိုက်ပွဲများဖြစ်ခဲ့မှုကြောင့် နှစ်ဖက်စလုံးမှ တိုက်ခိုက်ရေးသမား ၈၀ ကျော် သေဆုံးခဲ့ကြကြောင်း ဝန်ခံပြောဆိုခဲ့သည်။

လွန်ခဲ့သည့် ရက်ပိုင်းအတွင်းက အာဖဂန်လုံခြုံရေးတပ်ဖွဲ့များသည် ကွန်ဒုဇ်ပြည်နယ်၌ တာလီဘန်တို့ သိမ်းပိုက်ထားသည့် ချာဒါရာခရိုင်ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ အာဖဂန်တပ်ဖွဲ့မှူး အလီမူရတ်က ချာဒါရာတိုက်ပွဲတွင် တာလီဘန် ၈၅ ဦးကို သုတ်သင်နိုင်ခဲ့သည်ဟု သတင်းထုတ်ပြန်ခဲ့သည်။

မည်သို့ပင်ဆိုစေ တာလီဘန်သူပုန်များသည် နိုင်ငံ၏ အမြင့်ဆုံးအာဏာတည်ရှိရာ ပါလီမန်လွှတ်တော်နှင့် ကွန်ဒုဇ် ပြည်နယ်ဒေသအချို့ကို တိုက်ခိုက်သိမ်းပိုက်၍ အင်အားများပြသနိုင်ခဲ့ကာ အကြမ်းဖက်တိုက်ခိုက်မှုများ မြင့်တက်လာခဲ့သည့်အတွက် အာဖဂန်တပ်မတော်သည် တိုင်းပြည်တည်ငြိမ်လုံခြုံမှုရှိစေရန် ကြိုးပမ်းအားထုတ်နေရသည်။

### ငြိမ်းချမ်းရေးဆွေးနွေးပွဲများ

လွန်ခဲ့သည့် သီတင်းပတ်၌ အာဖဂန်အစိုးရနှင့် တာလီဘန်ကိုယ်စားလှယ်များသည် နော်ဝေနိုင်ငံ အော်စလိုမြို့တွင် အလွတ်သဘောဆွေးနွေးခဲ့ကြပြီး နိုင်ငံရေးအဖြေတစ်ရပ်ရရှိနိုင်ရန် ကြိုးပမ်းခဲ့ကြသည်။ ၎င်းဆွေးနွေးပွဲ၌ သဘောတူညီချက် မရရှိခဲ့သော်လည်း အစ္စလာမ်ဥပုသ်လကုန်ဆုံးချိန် ဇူလိုင်လနှောင်းပိုင်းတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ထပ်မံပြုလုပ်ရန် စီစဉ်နိုင်ခဲ့သည်။

သို့သော် တာလီဘန်တို့သည် အစ္စလာမ် ဥပုသ်လစတင်သည့်အချိန်မှာပင် ပါလီမန်နှင့် ကွန်ဒုဇ်ပြည်နယ်ဒေသများကို အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်၍ စည်းကမ်းများဖောက်ဖျက်ခဲ့ကြသည်။ တာလီဘန်သူပုန်များသည် ဥပုသ်လအတွင်းမှာပင် ကုသိုလ်ကောင်းမှုများမပြုကြဘဲ လောကီကိစ္စများဖြစ်သည့် အာဖဂန်အစိုးရကို ဖြုတ်ချရေး၊ နေတိုးတပ်ဖွဲ့များကို အာဖဂန်မှ မောင်းနှင်ထုတ်ရေးနှင့် တာလီဘန်နိုင်ငံ ပြန်လည်ထူထောင်ရေးကို မဟာဗျူဟာရည်မှန်းချက်အဖြစ် ကြိုးပမ်းဆောင်ရွက်နေကြသည်ဟု စစ်ရေးပညာရှင်များက ဝေဖန်ပြောဆိုသည်။

တာလီဘန်တို့သည် ဘာသာရေးသာမက အမျိုးသားရေးဝါဒကို ကျင့်သုံးဖော်ဆောင်ကာ အာဖဂန်နိုင်ငံကို အာဖဂန်လူမျိုးများသာပိုင်ဆိုင်ရမည်ဟု ဆောင်ပုဒ်ကို ဝက်ဘ်ဆိုက်များပေါ်တွင် လွှင့်တင်ထားသည်။

ယနေ့အချိန်၌ အာဖဂန်နိုင်ငံတွင် အစ္စလာမ္မစ်နိုင်ငံ အိုင်အက်စ်အဖွဲ့သည်လည်း ခြေကုပ်ယူလှုပ်ရှားလာကြပြီး လူကြိုက်များသော တစ်ကမ္ဘာလုံး ဂျီဟတ်စစ်ပွဲဆင်နွှဲမည်ဟု အတွေးအခေါ်တစ်ရပ်ကိုကြွေးကြော်ကာ တာလီဘန်တို့ သိမ်းပိုက်ထားသည့်ဒေသများကို ဖွဲ့ထုတ်ယူရန် ကြိုးပမ်းနေကြပြီဖြစ်သည်။

ထို့ပြင် အာဖဂန်တာလီဘန်ခေါင်းဆောင် အချို့မှာ အိုင်အက်စ်ခေါင်းဆောင် အဘူဘေကာ အယ်လ်ဘက်ဒါဒီကို သစ္စာခံထားကြသည်ကိုလည်း တွေ့ရှိနေရသည်။ မကြာမီက ထင်ရှားသော တာလီဘန်ခေါင်းဆောင်ကြီး မူလာအိုမာ၏တပ်မှူးများက မခံမရပ်နိုင်ဖြစ်ကာ အိုင်အက်စ်ခေါင်းဆောင် အယ်လ်ဘက်ဒါဒီထံသို့ စာတစ်စောင်ပေးပို့ကာ အိုင်အက်စ်တို့ အာဖဂန်တွင် လက်ရှောင်နေကြရန် သတိပေးပြောဆိုခဲ့သည်။

ထို့ကြောင့်ပင် အာဖဂန်အစိုးရကိုယ်စားလှယ်များနှင့် တာလီဘန်ကိုယ်စားလှယ်များ လျှို့ဝှက်စွာဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ပြုလုပ်နေကြစဉ် တာလီဘန်တို့သည် နိုင်ငံတကာသတင်းမီဒီယာများတွင် ၎င်းတို့သတင်းများကို ဖော်ပြစေခဲ့ပြီး ကမ္ဘာကအာရုံစိုက်လာစေရန် ရည်ရွယ်၍ ပါလီမန်လွှတ်တော်ကိုပင် ဝင်ရောက်စီးနင်းတိုက်ခိုက်ပြသခဲ့ခြင်းဖြစ်သည်ဟု နိုင်ငံရေးပညာရှင်တို့က ဆိုသည်။

ကွန်ဒုဇ်ပြည်နယ်ဒေသအချို့ကို တာလီဘန် စစ်သွေးကြွများသည် ရည်ရွယ်ချက်ရှိရှိဖြင့် တိုက်ခိုက်သိမ်းပိုက်ပြခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က နေတိုးတပ်ဖွဲ့များ၏ ကာကွယ်စောင့်ရှောက်မှု၊ နိုင်ငံတကာ၏ ငွေကြေးထောက်ကူမှုကောင်းမွန်သော အုပ်ချုပ်ရေးနှင့် တက်ကြွလွတ်လပ်သော လူ့အဖွဲ့အစည်းရှိမှု၊ တရားဥပဒေစိုးမိုးမှုရှိပြီး ခေတ်မီအဆင့်မြင့် အခြေခံအဆောက်အအုံများပြည့်စုံမှုများ အပြည့်ရှိသည့် စံပြပြည်နယ်တစ်ခုအဖြစ်

## ထွန်းတောက်

တည်ထောင်ပြရန်အတွက် ကွန်ဒုဇ်ပြည်နယ်ကို သတ်မှတ်ကာ ဖော်ဆောင်ခဲ့ကြခြင်းဖြစ်သည်။

သို့သော် ၁၂ နှစ်ကြာမျှ နိုင်ငံတကာ၏အကူအညီဖြင့် စံပြပြည်နယ်ဖြစ်စေရန်ဆောင်ရွက်ထားသော ကွန်ဒုဇ်ပြည်နယ်မှာ လွယ်ကူစွာပင် တာလီဘန်တို့၏ လက်ထဲသို့ကျရောက်သွားခဲ့ခြင်းအားဖြင့် နိုင်ငံတကာ၏ ထောက်ပံ့ကူညီမှုများ အချည်းအနှီးဖြစ်သွားရပုံကို တာလီဘန်တို့က ကမ္ဘာကိုပြသချင်သည့်အတွက် ပြည်နယ်ဒေသအချို့ကို တိုက်ခိုက်သိမ်းပိုက်ပြခဲ့ခြင်းဖြစ်သည်ဟု နိုင်ငံရေးပညာရှင်တို့ကဆိုသည်။

### နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးအခြေအနေ

ကမ္ဘာ့နိုင်ငံရေး သုတေသီများက အာဖဂန်နစ္စတန်နိုင်ငံ၏ အကြောင်းအကျိုးဆက်စပ်မှုရှိနေသည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လုံခြုံရေးအခြေအနေများကို ဆန်းစစ်ဖော်ပြရာတွင် အထက်ပါနယ်ပယ်သုံးရပ်၌ တစ်ခုခုချို့ယွင်းအားနည်းခဲ့လျှင် ကျန်နယ်ပယ် နှစ်ရပ်မှာလည်း ထိခိုက်ကျဆုံးနိုင်ပါသည်ဟု လေ့လာသုံးသပ် ဝေဖန်ကြသည်။

အာဖဂန်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လုံခြုံရေးအခြေအနေမှာ စံနှုန်းသတ်မှတ်ချက်သို့ မရောက်နိုင်သေးသည့်အတွက် ကျေနပ်နှစ်သိမ့်ရောင့်ရဲမနေသင့်ပေ။

အာဖဂန်၏အနေအထားမှာ နိုင်ငံတကာ၏ ထောက်ပံ့ကူညီမှုကို ဆက်လက်လိုအပ်နေဆဲ၊ လုံခြုံရေးကောင်စီ၏ ဂရုစိုက်မှုကို အမြဲလိုအပ်နေဆဲဖြစ်သည်ဟု လေ့လာသူတို့က ဆိုသည်။

လွန်ခဲ့သည့်နှစ်၌ အမေရိကန်နှင့် နေတိုးတိုက်ခိုက်ရေးတပ်ဖွဲ့များ ရုပ်သိမ်းသွားပြီးနောက်တွင် အာဖဂန်၏ စီးပွားရေးမှာ သိသာစွာ ကျဉ်းကျုံ့သွားခဲ့သည်။ နိုင်ငံ၏ ဘတ်ဂျက်ငွေကြေးသုံးစွဲမှုနှင့် နိုင်ငံ၏ အရင်းအမြစ်များ ထုတ်နုတ်၍ တင်ပို့ရောင်းချနိုင်မှု နှိုင်းယှဉ်ရာတွင် ဘတ်ဂျက်အသုံးစရိတ် ပိုမိုများပြားနေသည်။

ထိုကဲ့သို့ စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးနေချိန်တွင် ဘိန်းစိုက်ပျိုးထုတ်လုပ်ရောင်းချမှုကဲ့သို့သော တရားမဝင်စီးပွားရေးလုပ်ငန်းများမှာလည်း အန္တရာယ်ရှိစွာ ကြီးထွားလာနေသည်။

လုံခြုံရေးအခြေအနေကို လေ့လာကြည့်လျှင်လည်း အာဖဂန်

*စာမျက်နှာ ၆ သို့*

# ကျောင်းသား ကျောင်းသူများကို ပညာအရည်အသွေးပြည့်ဝပြီး ထူးချွန်ထက်မြက်အောင် လေ့ကျင့်သင်ကြား

**နေပြည်တော် ဇူလိုင် ၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် လားရှိုးမြို့သို့ ရောက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်စိုး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက လားရှိုးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့ရှိ အမှတ်(၄)၊ အမှတ်(၅)နှင့် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းတို့မှ ဆရာ ဆရာမများ၊ မိဘဆရာအသင်းအဖွဲ့များနှင့် ကျောင်းအကျိုးတော်ဆောင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ကျောင်းအုပ်ဆရာကြီး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဒုတိယကျောင်းအုပ်ဆရာကြီးတို့က သက်ဆိုင်ရာကျောင်းအလိုက် ကျောင်းသမိုင်းအကျဉ်းနှင့် ပညာရေးဆိုင်ရာ အချက်အလက်များ၊ နှစ်အလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်မှုနှုန်းနှင့် ထူးချွန်အောင်မြင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မိဘဆရာအသင်းအဖွဲ့ဝင်များနှင့် ကျောင်းအကျိုးတော်ဆောင်များက သက်ဆိုင်ရာကျောင်းအလိုက် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးနေမှု၊ စာသင်ဆောင်နှင့် သင်ထောက်ကူလိုအပ်ချက်၊ ဆရာ ဆရာမ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုရန် တစ်ကျောင်းလျှင် အလှူငွေကျပ်သိန်း ၅၀ စီကို သက်ဆိုင်ရာ ကျောင်းအကျိုးတော်ဆောင်များထံ ပေးအပ်သည်။



ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း လားရှိုးမြို့မှ ဆရာ ဆရာမများ၊ မိဘ ဆရာ အသင်းအဖွဲ့များနှင့် ကျောင်းအကျိုးတော်ဆောင်များအား တွေ့ဆုံပွဲတွင် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ယင်းနောက် ဒုတိယသမ္မတသည် မိဘဆရာ အသင်းအဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး စုပေါင်း၍ ဓာတ်ပုံရိုက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယသမ္မတက ယခင်လားရှိုးမြို့ ခရီးစဉ်တွင် ဒေသခံများ၏ တင်ပြချက်များအရ လားရှိုးမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၏ လိုအပ်ချက်များကို သိရှိရသည့်အတွက် အတတ်နိုင်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးရန် ယခုကဲ့သို့ လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နှစ်ထက် တစ်နှစ်ဘဏ္ဍာငွေများ ပိုမိုခွင့်ပြုချထားပေးပြီး ဘက်ပေါင်းစုံက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသော်လည်း ပညာရေးကဏ္ဍသည် ကြီးမားကျယ်ပြန့်ပြီး လိုအပ်ချက်များစွာရှိနေသဖြင့် ဦးစားပေးအစီအစဉ်အတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တာဝန်ရှိသူများအနေဖြင့် ဒေသဆိုင်ရာလိုအပ်ချက်များကို တင်ပြရာတွင် မိမိတို့ဒေသရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများနှင့် ချိတ်ဆက်ပြီး စနစ်တကျတင်ပြရန် လိုအပ်ပါကြောင်း၊ သို့မှသာ မိမိတို့တင်ပြချက်သည် ထိရောက်မှန်ကန်မှုရှိပြီး အကျိုးသက်ရောက်မှု မြန်ဆန်ကောင်းမွန်မည် ဖြစ်ပါကြောင်းဖြင့် ပြောကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် လားရှိုးမြို့ရှိ အမှတ်(၂)၊ အမှတ်(၃)၊ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမများ၊ မိဘဆရာ အသင်းအဖွဲ့များနှင့် ကျောင်းအကျိုးတော်ဆောင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ကျောင်းအုပ်ဆရာကြီး၊ ကျောင်းအုပ်ဆရာမကြီးတို့က သက်ဆိုင်ရာကျောင်းအလိုက် ကျောင်းသမိုင်းအကျဉ်းနှင့် ပညာရေးဆိုင်ရာ အချက်အလက်များ၊ နှစ်အလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်နှုန်းနှင့် ထူးထူးချွန်ချွန်အောင်မြင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မိဘဆရာအသင်းအဖွဲ့ဝင်များနှင့် ကျောင်းအကျိုးတော်ဆောင်များက သက်ဆိုင်ရာကျောင်းအလိုက် ကျောင်းနှင့်ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးနေမှုအခြေအနေများကိုလည်းကောင်း၊ စာသင်ဆောင်နှင့် သင်ထောက်ကူလိုအပ်ချက်၊ ဆရာ ဆရာမ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုရန် တစ်ကျောင်းလျှင် အလှူငွေကျပ်သိန်း ၅၀ စီကို သက်ဆိုင်ရာ ကျောင်းအကျိုးတော်ဆောင်များထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယသမ္မတသည် မိဘဆရာ အသင်းအဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး စုပေါင်း၍ ဓာတ်ပုံရိုက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယသမ္မတက နိုင်ငံတော်ကို တည်ဆောက်ရာတွင် ပညာရေးသည်သာ ဦးဆောင်ဦးရွက်ပြုနိုင်သည်ဟု ယေဘုယျအားဖြင့် ပြောလိုပါကြောင်း၊ ထို့ကြောင့် ပညာရေးအဆင့်အတန်း မြင့်မားပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ ပညာအရည်အသွေးသည် အလွန်အရေးကြီးပါကြောင်း။

မိမိတို့၏ အဓိကရည်မှန်းချက်သည် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပညာအရည်အသွေး ပြည့်ဝရေးဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများကိုယ်တိုင် ပညာအရည်အသွေးမြင့်မားအောင် အမြဲမပြတ်ဖြည့်ဆည်းလျက် သားတပည့်များဖြစ်သည့် ကျောင်းသား ကျောင်းသူများကို ပညာအရည်အသွေး ပြည့်ဝပြီး ထူးချွန်ထက်မြက်သည့် လူတော်လူကောင်းများဖြစ်အောင် လေ့ကျင့်သင်ကြားပေးရန် အထူးလိုအပ်ပါကြောင်း။

မိမိတို့ကျောင်းများ၏ ရရှိပြီး အောင်မြင်မှု အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းပြီး အနာဂတ်တွင် ရုပ်ပိုင်းဆိုင်ရာနှင့် ပညာအရည်အသွေးပိုင်းပါ ပိုမိုတိုးတက်အောင်မြင်အောင် တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းပြောကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**(သတင်းစဉ်)**

---

*စာမျက်နှာ ၅ မှ*

အမျိုးသားလုံခြုံရေးတပ်ဖွဲ့ (ANSF) ဟုခေါ်သည့် အာဖဂန်တပ်မတော်သည် ကျယ်ပြန့်သောတစ်နိုင်ငံလုံး၏ လုံခြုံရေးအခြေအနေကိုလည်း နည်းနည်းနှင့် ကျဲကျဲဝိုင်း၍ မနိုင်မနင်း တာဝန်ယူထိန်းသိမ်းပေးနေရသည်။

ယနေ့အချိန်၌ ယခင်က လုံခြုံမှုရှိသည်ဟု သတ်မှတ်ထားသည့်နေရာဒေသများတွင် အကြမ်းဖက်မှုများ မြင့်တက်နေသည်။ မကြာမီကပင် ကဘူးလ်မြို့တော် ပါလီမန်လွှတ်တော်နှင့် မဟာဗျူဟာမြောက်အရေးပါသည့် ကွန်ဒုဇ် ပြည်နယ်ဒေသများ အကြမ်းဖက်တိုက်ခိုက်ခံရသည်။

ဇွန်လ ၂၀ ရက်နေ့တွင် ဟယ်မန်ပြည်နယ်၌ လမ်းဘေးထောင်ဗုံးပေါက်ကွဲမှုကြောင့် ကလေးအပါအဝင် အရပ်သား ၁၉ ဦး သေဆုံးသွားခဲ့သည်ဟု အာဖဂန်အရာရှိများက ပြောဆိုသည်။

အာဖဂန်၏ လုံခြုံတည်ငြိမ်ဖွံ့ဖြိုးမှုကို ဆောင်ရွက်ပေးရန်ကြိုးပမ်းနေသည့် အာဖဂန်တပ်မတော်ကို မြောက်ပိုင်းအိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်လာသည့် စစ်သွေးကြွများနှင့် အာဖဂန်တို့က ဒါအက်ရှ်(Daesh) ဟုခေါ်သည့် အိုင်အက်စ်တို့၏ ခြေကုပ်ယူလာမှုကလည်း ကြီးကျယ်သောစိန်ခေါ်မှုများဖြစ်နေသည်။

အာဖဂန်နစ္စတန်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများမှ အစပျိုးလာသည့် အကြမ်းဖက်ဝါဒကို ဝန်ထုပ်ဝန်ပိုးသဖွယ် ပခုံးထမ်းနေရသည့်အတွက် အိမ်နီးချင်းနိုင်ငံအာဏာပိုင်များသည် အာဖဂန်နှင့်ပူးပေါင်း၍ အကြမ်းဖက်ဝါဒဘုံရန်သူကို ဟန့်တားသင့်သည်။

ထူးခြားချက်မှာ အာဖဂန်နှင့် ပါကစ္စတန်အစိုးရတို့သည် ပူးပေါင်းဆောင်ရွက်ကာ အကြမ်းဖက်ဝါဒကို နှိပ်ကွပ်နိုင်ရန် ကြိုးပမ်းနေမှုမှာ တိုးတက်မှုတစ်ရပ်ဖြစ်သည်။

အာဖဂန်နှင့် အိမ်နီးချင်းနိုင်ငံများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်လာပါက ဒေသတွင်း တည်ငြိမ်ဖွံ့ဖြိုးမှုကို ဖြစ်ပေါ်စေမည်သာဖြစ်သည်။

ယနေ့အချိန်၌ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အာဖဂန်နှင့် ပါကစ္စတန်နိုင်ငံများတွင် သေဆုံးသွားခဲ့ရသည့် အပြစ်မဲ့အရပ်သားများမှာ ၄၂၁၆ ဦး ရှိသည်ဟု စစ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။

ထောင်ပေါင်းများစွာသော အာဖဂန်စစ်ပြေးဒုက္ခသည်များအား နိုင်ငံတကာလူသားချင်းစာနာမှုအကူအညီများ ထောက်ပံ့ရာတွင် အချို့ဒေသများမှာ လုံခြုံမှုမရှိ၍ ထိရောက်စွာ မကူညီနိုင်ပေ။ အကူအညီပေးလုပ်သားများကိုယ်တိုင်ပင် ပစ်မှတ်ထားတိုက်ခိုက်ခံနေရသည်။

အာဖဂန်နိုင်ငံရေးအခြေအနေကို လေ့လာကြည့်လျှင် သမ္မတအက်ရှရက်ဂါနီ၏အစိုးရ ကက်ဘိနက်ဝန်ကြီးအဖွဲ့ဝင်အားလုံးကို ခန့်အပ်ခဲ့ပြီး ကာကွယ်ရေးဝန်ကြီးကိုခန့်အပ်ရန် ပါလီမန်တွင် ဆွေးနွေးနေဆဲရှိသည်။

ယနေ့အချိန်အထိ ပြည်နယ်အုပ်ချုပ်ရေးမှူး ၂၁ ဦးကို ခန့်အပ်ခဲ့ပြီး ကျန်ပြည်နယ်အုပ်ချုပ်ရေးမှူးများကို ဆက်လက်ခန့်အပ်နိုင်ရန် စီစဉ်လျက်ရှိသည်။

ထို့ပြင် မကြာမီက အာဖဂန်အစိုးရသည် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကော်မရှင်ကိုလည်း ဖွဲ့စည်းပေးခဲ့ပြီဖြစ်သည်။ ထို့ပြင် နိုင်ငံရေးတင်းမာမှုများရှိသော်လည်း အာဖဂန်နိုင်ငံရေးအဖွဲ့အစည်းများသည် အတူတကွပူးပေါင်းဆောင်ရွက်၍ နိုင်ငံ၏အချုပ်အခြာဆိုင်ရာ ပြဿနာများကို အဖြေရှာရန် ကြိုးပမ်းနေကြသည်။

အာဖဂန်အစိုးရနှင့် ရွေးကောက်ပွဲကော်မရှင်သည် နောက်လာမည့် ရွေးကောက်ပွဲအတွက် ကျင်းပမည့် ရက်သတ်မှတ်ခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခြင်းများကို ကုလသမဂ္ဂအဖွဲ့က စောင့်ကြည့်နေလျက်ရှိသည်။

ထို့ပြင် သမ္မတ အက်ရှရက်ဂါနီ ဦးဆောင်သည့် အာဖဂန်အစိုးရအဖွဲ့သည် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးစဉ်က ကတိပြုချက်များ၊ လန်ဒန်မြို့၌ ကျင်းပခဲ့သည့် အစည်းအဝေးမှ သဘောတူချမှတ်ခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးစသည့် နယ်ပယ်များတွင် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရန် အချိန်ကျရောက်နေပေပြီ။

အစိုးရအဖွဲ့သည် ရက်ပေါင်း ၁၀၀ ဝန်ကြီးများ၏ အရေးယူဆောင်ရွက်မှုစီမံချက် (Action-Plan) ကိုရေးဆွဲကာ စတင်ဆောင်ရွက်နေပြီဟု သိရှိရသည်။

ထို့ပြင် လာမည့်သုံးလအတွင်း၌ တိုကျိုမြို့တွင်ကျင်းပမည့် နိုင်ငံတကာအလှူရှင်များအဖွဲ့နှင့် အာဖဂန်ထိပ်တန်းအရာရှိများကြား တွေ့ဆုံဆွေးနွေးပွဲကို အပြန်အလှန်တာဝန်ခံမှု မူဘောင်ချမှတ်ရေးအစည်းအဝေးဟု အမည်ပေးထားပြီး အာဖဂန်တွင် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်စေရန် ၎င်းအစည်းအဝေးမှ မူဘောင်များ ချမှတ်ပေးမည်ဖြစ်သည်။

လွန်ခဲ့သည့် ၁၀ စုနှစ်တွင် အာဖဂန်၏ စီးပွားရေးနှင့် နှစ်စဉ်တစ်ဦးချင်းဝင်ငွေ ကျဆင်းလျက်ရှိပါသည်ဟု အာဖဂန်စီးပွားရေးဝန်ကြီး အဗ္ဗဒူဆက်တာမူရတ်က ပြောဆိုကာ လူဦးရေ၏ ၃၆ ရာခိုင်နှုန်းမှာ ဆင်းရဲမှုမျဉ်းလိုင်းအောက်တွင် ကျဆင်းနေပါသည်ဟု ဝေဖန်ဖော်ပြခဲ့သည်။ အစိုးရအနေဖြင့် စီးပွားရေးပြဿနာအဖြေကို မရှာနိုင်လျှင် မကြာမီသောကာလတွင် စီးပွားရေးအကျပ်ရိုက်မှုတွေ့ကြုံနိုင်သည်ဟု ၎င်းကပြောဆိုသည်။

အာဖဂန်အစိုးရအနေဖြင့် တွေ့ဆုံဆွေးနွေးသောနည်းလမ်းများဖြင့် ငြိမ်းချမ်းရေးရရှိရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်သော်လည်း အာဖဂန်အစိုးရသည် အကြမ်းဖက်ဝါဒကို ရှေ့တန်းမှ မားမားရပ်တည်၍ တိုက်ခိုက်နေကြောင်း၊ နိုင်ငံတကာက အာဖဂန်အား ထောက်ခံကူညီမှုမပေးလျှင် အကြမ်းဖက်ဝါဒသည် ကမ္ဘာကို ခြိမ်းခြောက်လာနိုင်သည်ဟု သတိပေးပြောဆိုခဲ့ပါကြောင်း။ ။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်အဆုံးအဖြတ်ရယူ

**နေပြည်တော် ဇူလိုင် ၇**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်များဖြင့် ပေးပို့လာသော ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာများကို တင်ပြကြရာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ လွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီအဖွဲ့ဝင် ဦးစိုးမြင့်က ဘွိုင်လာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအဖွဲ့ဝင် ဦးခင်မောင်ရွှေက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအဖွဲ့ဝင် ဦးသိန်းထွန်းက မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍လည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါ ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် ဥပဒေကြမ်း ပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းနှင့် ကော်မတီဝင်များက တင်ပြကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသည်။

ဆက်လက်၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်က ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ(၁)တွင် မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်လွတ်လပ်သည့် နိုင်ငံဖြစ်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ယင်းအနှစ်သာရကို မိမိတို့ သရုပ်ဖော်ကြရမည်ဖြစ်ပါကြောင်း၊ ယခုဥပဒေသည် အခြားသော ဥပဒေများနှင့် မတူဘဲ ပြည်တွင်း၊ ပြည်ပများမှ ကန့်ကွက်နေသည့်ကြားကပင် ယင်းဥပဒေကို ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်နိုင်ပြီဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ခေတ်အဆက်ဆက်ကတည်းက မြန်မာအမျိုးသမီးများနှင့် ပတ်သက်ပြီး အသုံးပြုခဲ့သည့် ဓမ္မသတ်၊ ဓလေ့ထုံးတမ်းစဉ်လာများ ရှိခဲ့ပါကြောင်း။

၁၉၅၄ ခုနှစ် ဥပဒေထဲတွင်လည်း မြန်မာ့ထုံးတမ်းဓလေ့များနှင့် ဗုဒ္ဓဘာသာ ဓမ္မသတ်များကို ထည့်သွင်းဆုံးဖြတ်ဆောင်ရွက်ခဲ့သည်များ ရှိပါကြောင်း၊ ယခုလည်း မိမိတို့အမျိုးသားလွှတ်တော်က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတို့နှင့်အညီ ဆုံးဖြတ်ရမည်၊ ပြည်သူ့လွှတ်တော်က ဤဥပဒေနှင့်အညီ ဆုံးဖြတ်ရမည်ဟု ပါဝင်ပါကြောင်း၊ ဤဥပဒေသည် မြန်မာ့ဓလေ့အားလုံးကို မစည်းနှောင်နိုင်ဟုဆိုသည့်တိုင် လိုအပ်သည့်အခါတွင် ထိရောက်မှန်ကန်သည့် အဆုံးအဖြတ်ကိုရရှိနိုင်ရန် ပံ့ပိုးအထောက်အကူပေးနိုင်မည်ဟု ယူဆပါကြောင်း။

မိမိတို့နိုင်ငံတွင် ခေတ်အဆက်ဆက်က ကျင့်သုံးခဲ့ကြသည့် ဓလေ့ထုံးတမ်းများနှင့်အစဉ်အလာများ၊ ယဉ်ကျေးမှုများပျောက်ကွယ်၍ ပျက်စီးမသွားစေရန် ရည်ရွယ်ပါကြောင်း၊ ဆုံးဖြတ်ချက်မှန်ကန်၍ တိကျနိုင်ရန်လည်း ရည်ရွယ်ပါကြောင်း၊ ၁၉၅၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေ၌ ပုဒ်မ(၂၆)တွင် ဤဥပဒေအရ ထိမ်းမြားကြသူတို့သည် သို့တည်းမဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့၏ အမွေဆက်ခံမှုနှင့်စပ်လျဉ်းသည့် ကိစ္စအားလုံးကို ထိုသူတို့နှင့် ထိုသူတို့၏ မိသားစုအားလုံးသည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ ဖြစ်ဘိသကဲ့သို့ ဗုဒ္ဓဘာသာ ဓမ္မသတ်အတိုင်း ဆုံးဖြတ်ရမည်ဟု ပါဝင်ပါကြောင်း။

ယခုဥပဒေကို ပြဋ္ဌာန်းရာတွင်လည်း အစဉ်အဆက်အသုံးပြုလာခဲ့သည့်အပေါ် ဆိုးကျိုးမရှိဘဲ ယင်းကိုအသုံးပြုခြင်းအားဖြင့် ကောင်းကျိုးကိုသာ ဖြစ်လာနိုင်ပြီး အမှန်ကန်ဆုံး ဆုံးဖြတ်ချက်ကိုသာ ချမှတ်နိုင်မည်ဖြစ်သည့်အတွက် အမျိုးသားလွှတ်တော်၏ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင် မဟုတ်သော ယောကျ်ားတို့၏ ထိမ်းမြားခြင်း၊ လင်မယားကွာရှင်းခြင်း၊ ပစ္စည်းခွဲဝေရေး၊ အမွေဆက်ခံရေး၊ သားသမီး ထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် အငြင်းပွားမှုများကို ဤဥပဒေနှင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတို့နှင့်အညီ ဆုံးဖြတ်ရမည်ဆိုသည်ကို မိမိက ထောက်ခံဆွေးနွေးအပ်ပါကြောင်းဖြင့် တင်ပြဆွေးနွေးပြီး တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့အား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများအဖြစ် ရငွေ၊ သုံးငွေစာရင်းများ ပြောင်းလဲပြင်ဆင်ရန် ကိစ္စနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီကိုယ်စား ရွှေပြည်သာ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်အတွက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ယင်းသို့ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဓိကလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများ တိုးတက်မှုရှိရမည်ဖြစ်ပြီး ထိုသို့တိုးတက်ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ ဓာတ်အားလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အတွက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

အလားတူ မလှိုင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်က လျှပ်စစ်ဓာတ်အားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ပုဂ္ဂလိကပိုင်းဖြင့် ဆောင်ရွက်နေမှုအခြေအနေများ၊ ဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်မှုဖြင့် ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူကြသည်။

ထို့နောက် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ (ခ)တွင် အကျုံးဝင်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြပြီး ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူမည့်အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

**(သတင်းစဉ်)**

## သွားဘက်ဆိုင်ရာ ဆေးပညာ စဉ်ဆက်မပြတ် ပြန့်ပွားရေး ဟောပြောပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၇**

သွားဘက်ဆိုင်ရာဆေးပညာ စဉ်ဆက်မပြတ်ပြန့်ပွားရေး (CDE Programme) ဟောပြောပွဲကို သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်နှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ပူးပေါင်းပြီး ယနေ့မွန်းလွဲ ၁ နာရီက အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။ ဟောပြောပွဲတွင် ဂျပန်နိုင်ငံမှ Professor TAKESHI UCHIDA ဦးဆောင်သော ပညာရှင်သုံးဦးက CAD/CAM Technology ခေါင်းစဉ်ဖြင့် ဟောပြောကြပြီး ဆရာ ဆရာမများ၊ အလုပ်သင်ဆရာဝန်များ၊ ဘွဲ့လွန်သင်တန်းသား၊ သင်တန်းသူများနှင့် သွားတုသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ပုဂ္ဂလိကသို့ အပြီးအပိုင်ရောင်းချထားသော ရုပ်ရှင်ရုံများအနက် ဘဏ်လုပ်ငန်းအဖြစ် ပြောင်းလဲလုပ်ဆောင်နေသော ရုပ်ရှင်ရုံများ မူလရောင်းချစဉ်က စာချုပ်ပါအတိုင်း ရုပ်ရှင်ပြသရေးလုပ်ငန်းကို ပူးတွဲဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဇူလိုင် ၇**

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၉၉၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း နိုင်ငံပိုင် ရုပ်ရှင်ရုံ ၁၃၅ ရုံအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ပုဂ္ဂလိကသို့ အပြီးအပိုင်ရောင်းချခဲ့သည်။ ၎င်းတို့အနက် ရုပ်ရှင်ရုံ ၉၃ ရုံသည် ရောင်းချစဉ်က စာချုပ်ပါ စည်းကမ်းအရလည်းကောင်း၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ၁၇-၈-၁၉၉၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၉၅ အရလည်းကောင်း မူလလုပ်ငန်းနှင့်ဆက်နွယ်သော အခြားလုပ်ငန်းများနှင့် မူလလုပ်ငန်းတိုးတက်စေရန် အခြားစီးပွားရေးလုပ်ငန်းများကို အများပြည်သူအကျိုးငှာလုပ်ပိုင်ခွင့်ရှိသော်လည်း မူလရုပ်ရှင်ပြသခြင်းလုပ်ငန်းကိုမူ မပျက်မကွက်ထည့်သွင်း လုပ်ကိုင်ရမည်ဖြစ်ပါသည်။ သို့သော်လည်း ၎င်းရုပ်ရှင်ရုံများအနက် ရုပ်ရှင်ရုံ ၇၃ ရုံသည် မူလစာချုပ်ပါအတိုင်း ရုပ်ရှင်ပြသမှုမရှိခြင်း၊ ရုပ်ရှင်ရုံဟောင်းအားဖြိုဖျက်ပြီး အသစ်ဆောက်လုပ်မှုမရှိခြင်း၊ အခြားစီးပွားရေးလုပ်ငန်းသို့ ပြောင်းလဲလုပ်ဆောင်ခြင်းတို့ကြောင့် မူလစာချုပ်ပါအတိုင်း ရုပ်ရှင်ပြသခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခြင်းမရှိသဖြင့် မူလစာချုပ်ပါအတိုင်း ရုပ်ရှင်ပြသခြင်းလုပ်ငန်းဆောင်ရွက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကသို့ အပြီးရောင်းချသော ရုပ်ရှင်ရုံ ၁၃ ရုံမှ ဝယ်ယူထားသူများအား ၃-၇-၂၀၁၅ ရက်နေ့က ရန်ကုန်မြို့တွင် တွေ့ဆုံပြီး ဆက်လက်အကောင်အထည်ဖော်မည့်အစီအစဉ်ကို တစ်လအတွင်း တင်ပြရန်၊ ခြောက်လအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ထိုသို့ဆောင်ရွက်ခြင်းမပြုနိုင်ပါက စာချုပ်ပါ စည်းမျဉ်း စည်းကမ်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ရှင်းလင်းဆွေးနွေးခြင်းကို ဇူလိုင်လ ၄ ရက်နေ့ထုတ် သတင်းစာများတွင်ဖော်ပြခဲ့ပြီး အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ ရုပ်ရှင်ရုံဝယ်ယူထားသူများထံသို့လည်း တရားဝင်စာဖြင့် ဆက်လက်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

အထက်ပါ ပုဂ္ဂလိကသို့ အပြီးအပိုင်ရောင်းချပြီး ရုပ်ရှင်ရုံများအနက် အောက်ပါရုပ်ရှင်ရုံ ခုနစ်ရုံသည် မူလစာချုပ်ပါအတိုင်း ရုပ်ရှင်ပြသမှုလုပ်ငန်း မပါရှိဘဲ ပုဂ္ဂလိကဘဏ်လုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရှိရသည်-

(၁) တောင်ငူမြို့ ဆန်းသီရိရုပ်ရှင်ရုံ CB ဘဏ်၊
(၂) ကောလင်းမြို့ မြို့မရုပ်ရှင်ရုံ မြန်မာ့ရှေ့ဆောင်ဘဏ်၊
(၃) သထုံမြို့ ကြယ်တာရာရုပ်ရှင်ရုံ မြန်မာ့ရှေ့ဆောင်ဘဏ်၊
(၄) မြောင်းမြမြို့ စံပြရုပ်ရှင်ရုံ မြန်မာ့ရှေ့ဆောင်ဘဏ်၊
(၅) သီပေါမြို့ စိန်မေတ္တာရုပ်ရှင်ရုံ မြန်မာ့ရှေ့ဆောင်ဘဏ်၊
(၆) ကျိုင်းတုံမြို့ ခေမရဋ္ဌရုပ်ရှင်ရုံ မြန်မာ့ရှေ့ဆောင်ဘဏ်၊
(၇) အောင်ပန်းမြို့ ငွေဗိမာန်ရုပ်ရှင်ရုံ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်။

ရုပ်ရှင်ပြသမှုလုပ်ငန်းမပါဝင်ဘဲ ဘဏ်လုပ်ငန်းသက်သက်သာ ဆောင်ရွက်လျက်ရှိသော ဘဏ်များမှတာဝန်ရှိသူများအား ပြန်ကြားရေးဝန်ကြီးဌာန ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာတင်နှင့်တာဝန်ရှိသူများက ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရုံး၌ တွေ့ဆုံ၍မူလစာချုပ်ပါ စည်းကမ်းနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ်၊ ၃/၉၅ တို့အရ ရုပ်ရှင်ပြသခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍လက်ရှိဘဏ်အဆောက်အအုံတွင် ရုပ်ရှင်ပြသခြင်းလုပ်ငန်းထည့်သွင်းခြင်းသော်လည်းကောင်း၊ သက်ဆိုင်ရာမြို့ရှိသင့်တော်သည့်နေရာတွင် ရုပ်ရှင်ရုံပြန်လည်တည်ဆောက်ပေးခြင်းဖြင့်သော်လည်းကောင်း မူလစာချုပ်နှင့်အမိန့်ကြော်ငြာစာပါ စည်းကမ်းအတိုင်းဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်မည့်အစီအမံကိုနှစ်လအတွင်း ပြန်ကြားရေးဝန်ကြီးဌာနသို့ တင်ပြရန်နှင့်ရုပ်ရှင်ရုံတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပျက်ကွက်ပါက အမိန့်ကြော်ငြာစာအမှတ်၊ ၃/၉၅ နှင့်အညီ ရုပ်ရှင်ရုံအား ပြန်လည်သိမ်းယူသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# မြန်မာနိုင်ငံအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများစွာ ဖော်ဆောင်နိုင်ခဲ့သည့် ဂျပန်ခရီးစဉ်

**(၇)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ခဲ့ပြီး နိုင်ငံအတွက် အကျိုးရလဒ်များစွာ ဆောင်ကြဉ်းနိုင်ခဲ့သည့် ခရီးစဉ်အဖြစ် သမိုင်းဝင်ခဲ့သည်။**

**သတင်းဆောင်းပါး - တင်မောင်လွင်**
**ဓာတ်ပုံ - မြင့်လှိုင်**

နိုင်ငံအတွင်း အခြေခံလိုအပ်ချက်များဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍများ အပါအဝင် စီးပွားရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နိုင်ရန် ချေးငွေအကူအညီ ယန်း ဘီလီယံ ၁၀၀ ကို ပေးအပ်ရန် ဂျပန်နိုင်ငံက အတည်ပြုခဲ့သည်။

ထို့အပြင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ လက်ရှိမြန်မာနိုင်ငံ၌ ဆောင်ရွက်နေသည့် အထူးစီးပွားရေးဇုန်ကြီးများတွင် ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်များ ပိုမိုပူးပေါင်းပါဝင် ဆောင်ရွက်ရေး စသည်တို့ကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပြီး နွေးထွေးကြိုဆိုဖိတ်ခေါ်ခဲ့သည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က “ဒီအစည်းအဝေးမှာ ဂျပန်နိုင်ငံအနေနဲ့ မဲခေါင်ဒေသကို ဘယ်လိုကူညီနိုင်မလဲဆိုတာကို ဆွေးနွေးခဲ့ကြပြီး ရှေ့လုပ်ငန်းစဉ်တွေကို ချမှတ်ခဲ့ကြပါတယ်။ အထူးသဖြင့် ဒေသတွင်းမှာ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေး၊ သွားလာရေး၊ ပို့ဆောင်ရေးလုပ်ငန်းတွေဘယ်လိုတိုးတက်အောင်လုပ်ကြမလဲဆိုတာ ဆွေးနွေးနိုင်ခဲ့တယ်။ ပြီးတော့ မြန်မာနိုင်ငံအနေနဲ့ အိန္ဒိယသမုဒ္ဒရာနဲ့ ပစိဖိတ်သမုဒ္ဒရာတွင်းမှာရှိတဲ့ နိုင်ငံတွေကို ဘယ်လိုဆက်သွယ်ပေးမလဲ၊ ကုန်းတွင်းပိုင်းစကြံကို ဘယ်လိုတည်ဆောက်မလဲဆိုတဲ့ကိစ္စရပ်တွေကို ဆွေးနွေးချမှတ်ခဲ့ပါတယ်။

ဒီထဲမှာ ဒေသတစ်ခုလုံးကို အန္တရာယ်ပြုနေတဲ့ သဘာဝဘေးအန္တရာယ်တွေ ဘယ်လိုကာကွယ်တားဆီးမလဲ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းတွေကို ဘယ်လိုဦးစားပေးဆောင်ရွက်မလဲဆိုတာတွေ ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ အဲဒီလိုပဲ ဒေသတွင်းမှာဖြစ်နေတဲ့ ဒေသတွင်းပြဿနာတွေမှာလည်း ဘယ်လိုရပ်တည်ချက်နဲ့ ဘယ်လို ဆောင်ရွက်သွားမလဲ၊ အဓိက ဒေသတွင်း လုံခြုံရေးနဲ့



**ဦးဝဏ္ဏမောင်လွင်**
**ပြည်ထောင်စုဝန်ကြီး**

တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေး ဒီလိုကိစ္စရပ်တွေအတွက် အားလုံးကနေပြီးတော့ ပြဿနာတွေ၊ အခက်အခဲတွေ၊ အငြင်းပွားမှုတွေ၊ ငြိမ်းချမ်းစွာ အဖြေရှာတဲ့နည်းနဲ့ နိုင်ငံတကာကနေ သဘောတူချမှတ်ထားတဲ့ နိုင်ငံတကာဥပဒေနဲ့အညီ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ငြိမ်းချမ်းရေးဆွေးနွေးစားပွဲဝိုင်းမှာ ဆွေးနွေးသွားကြဖို့ဆိုတဲ့ သဘောတူညီချက်တွေ ရရှိခဲ့ကြပါတယ်။

“ဒီမဲခေါင်နိုင်ငံ အားလုံးဟာ အာဆီယံအဖွဲ့ဝင် နိုင်ငံတွေဖြစ်တဲ့အတွက်ကြောင့် နိုင်ငံအားလုံးဟာ အာဆီယံရဲ့ တူညီဆန္ဒတွေနဲ့ ချမှတ်ထားတဲ့ ရပ်တည်ချက်တွေပေါ်မှာပဲ ဆက်လက်ရပ်တည်ပြီး ဂျပန်နိုင်ငံအနေနဲ့လည်း ဒီရပ်တည်ချက်ကို အလေးထားကာ ဒေသတွင်းတည်ငြိမ်ရေးနဲ့ အေးချမ်းရေး၊ လုံခြုံရေးတွေကိုလည်း ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတဲ့ သဘောတူညီချက်တွေ ရရှိခဲ့တာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးတဲ့အခါမှာ ဂျပန်နိုင်ငံကလည်း မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုတွေ၊ နိုင်ငံရေးအသွင်ကူးပြောင်းမှုတွေမှာ ဆက်လက်အားပေးမယ်။ နောက်တစ်ခုကတော့ ထားဝယ်အထူးစီးပွားရေးဇုန်နဲ့ ပတ်သက်ပြီး မြန်မာ-ဂျပန်-ထိုင်းသုံးနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ တည်ထောင်ရေးအတွက်ကို အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားဖို့ MOI သုံးနိုင်ငံလက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။



**ဦးတင်နိုင်သိန်း**
**ပြည်ထောင်စုဝန်ကြီး**

“မြန်မာ-ဂျပန် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲတွေမှာဆိုရင်လည်း ဂျပန်နိုင်ငံနဲ့ ရှေ့ဆက်အလားအလာကောင်းတွေ အများကြီးရရှိခဲ့တာ။ အလားတူပဲ ဒီဆွေးနွေးပွဲတွေနဲ့တစ်ဆက်တည်း ဘေးမှာဆောင်ရွက်ခဲ့တဲ့အခမ်းအနားတွေမှာလည်း အထူးသဖြင့်တော့ ဂျပန်-မြန်မာအသင်းကြီးကနေပြီးတော့ နှစ်ရှည်လများကတည်းက မြန်မာနဲ့ရင်းနှီးခဲ့ကြတဲ့ မိတ်ဆွေဂျပန် စီးပွားရေးလုပ်ငန်းရှင်တွေ၊ နိုင်ငံရေးဘက်ကပုဂ္ဂိုလ်တွေ ဒီလိုပုဂ္ဂိုလ်တွေပါ အကုန်တက်ရောက်ကြပြီး မြန်မာနိုင်ငံနဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ ဦးဆောင်မှုအောက်မှာ ဆောင်ရွက်နေတဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ ရရှိခဲ့တာကို ထောက်ခံအားပေးပြီး သမ္မတကြီးရဲ့ လုပ်ဆောင်မှုကို လေးစားကြည်ညိုချစ်ခင်လေးစားစွာနဲ့ အားပေးထောက်ခံမှုတွေ အများကြီးရရှိခဲ့ပါတယ်။

နောင်မှာလည်း သီလဝါစက်မှုဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်ကိစ္စတွေကို ဂျပန်နိုင်ငံကနေ အနီးကပ်ပူးပေါင်းဆောင်ရွက်လာမယ့် အခြေအနေတွေကို တွေ့ရှိရတဲ့အတွက် မြန်မာနိုင်ငံအတွက် အခွင့်အလမ်းကောင်းတွေအများကြီးရရှိခဲ့တဲ့ ခရီးစဉ်တစ်ခုဖြစ်ပါတယ်” ဟု ပြောကြားသည်။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက “ဒီမဲခေါင်-ဂျပန် ထိပ်သီးအစည်း



**ဒေါက်တာကံဇော်**
**ပြည်ထောင်စုဝန်ကြီး**

အဝေးမှာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့၊ မြန်မာနိုင်ငံအရှေ့ပိုင်း ရှမ်းပြည်နယ်ကျိုင်းတုံမှာ မဲခေါင်တက္ကသိုလ်တစ်ခု ထူထောင်ဖို့ဆိုတာလည်း နိုင်ငံအတွက် အကျိုးရှိမယ့်ကိစ္စဖြစ်ပါတယ်။ မြဝတီ-ကော့ကရိတ်လမ်းကလည်း တော်တော်လေးဖောက်လို့ပြီးနေပြီ။

ကော့ကရိတ်ကနေ မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဘက်ကို အရှေ့အနောက် ဆက်ပြီးဖောက်မှာဖြစ်တဲ့အတွက် ကောင်းပါတယ်။ နောက်တစ်ခုက သမ္မတကြီး အထူးစိတ်ဝင်စားတဲ့ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းပါ။ သမ္မတကြီး ကျိုတို-အိုဆာကာ ခရီးစဉ်အတွင်းမှာ သမဝါယမ စုပေါင်းစိုက်ခင်းလေးတစ်ခုကို သွားရောက်လေ့လာခဲ့တယ်။ အဲဒီ သမဝါယမစိုက်ခင်းလေးရဲ့ အနေအထားကြည့်ရတာဟာ မြန်မာနိုင်ငံအတွက်ကို Community Development ဆိုတဲ့ ကျေးလက်ပြည်သူတွေအတွက် ကျေးလက်အစုအဖွဲ့မှ လုပ်ကိုင်ဆောင်ရွက်လာနိုင်တဲ့ စွမ်းဆောင်ရည်တွေ မြင့်မားတိုးတက်လာအောင်လုပ်နိုင်မယ့် နည်းလမ်းတွေကို လေ့လာခြင်းပဲဖြစ်ပါတယ်။ ဒါဆိုရင် သမဝါယမစနစ်နဲ့ Community Development စနစ် စိုက်ပျိုးထုတ်လုပ်မှုကို မြှင့်တင်ဖို့နဲ့ ကျေးရွာတွေမှာ ဝင်ငွေမြင့်မားဖို့အတွက် အများကြီး အထောက်အကူပြုတဲ့ ကိစ္စတစ်ရပ်ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ အိုဆာကာမှာ သဘာဝဘေးအန္တရာယ်တွေကို ကာကွယ်တားဆီးနိုင်ဖို့အတွက် သူတို့ကတော့ ဆူနာမီကို အကြောင်းပြုပြီးတော့မှ ဖြစ်ပေါ်လာလို့ရှိရင် ခိုလှုံမယ့်နေရာရော၊ လျှပ်စစ်၊ သောက်သုံးရေ၊ အစားအစာ ဒီအစီအမံတွေကို လေ့လာတွေ့ရှိခဲ့ပါတယ်။ ဘာပဲပြောပြော ဒီခရီးစဉ်ဟာ မြန်မာနိုင်ငံအတွက် အများကြီးအကျိုးပြုတဲ့ ခရီးစဉ်တစ်ခု ဖြစ်ပါတယ်။

“ဒီခရီးစဉ်ဟာ တိုကျိုမှာရှိတဲ့ ကီယိုယိုရှီရှာဆိုတဲ့ မူလတန်းကျောင်းကို သွားရောက်လေ့လာခွင့်ရခဲ့ပါတယ်။ အဲဒီကျောင်းက မြန်မာနိုင်ငံလိုဆိုရင် မူလတန်းအဆင့် ကျောင်းလို့ခေါ်ရမှာ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံရဲ့ ပညာရေးစနစ်ကိုကြည့်မယ်ဆိုရင်



**ဦးဆက်အောင် ဗဟိုဘဏ်**
**ဒုတိယဥက္ကဋ္ဌ**

၆-၃-၃ စနစ်ပါ။ မူလတန်းမှာ ခြောက်နှစ်၊ အလယ်တန်းမှာ သုံးနှစ်၊ အထက်တန်းမှာ သုံးနှစ်၊ စတဲ့ပညာရေးစနစ်နဲ့ သွားနေတာပါ။

သွားရောက် လေ့လာတဲ့ကျောင်းက မူလတန်းကျောင်း Grade 1 to Grade 6 ခြောက်တန်းရှိပါတယ်။ ဒီကျောင်းတွေရဲ့ ကလေးတွေကို လေ့ကျင့်ပျိုးထောင်ပုံတွေ လေ့လာကြည့်ရှုတဲ့အခါမှာ စာပေ၊ အသိပညာ၊ ဗဟုသုတသာမကပဲနဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ Community ဆက်ဆံပေါင်းသင်းတဲ့ လူမှုရေးဆိုင်ရာ၊ နောက်တစ်ခါ ကျန်းမာရေးဆိုင်ရာ၊ ဒီဟာတွေကို အခြေခံပြီးတော့မှ ငယ်စဉ်ကတည်းက သူတို့ရဲ့ဘဝကို ဘယ်လိုရင်းနှီးခိုင်မာအောင် တည်ဆောက်ပြီးတော့မှ ကြိုးစားသွားရမယ်ဆိုတဲ့ အနေအထားလေးကို သင်ကြားလေ့ကျင့်ပေးတာကို တွေ့ရှိရပါတယ်။

အထူးသဖြင့် ကလေးတွေရဲ့ နှလုံးရည်ရော၊ လက်ရုံးရည်ပါ ပြည့်စုံအောင် အတွက်ပါ။ အဲဒီမှာ ဘာကို အထူးပြုပြီးတော့ လေ့လာခွင့်ရလဲဆိုတော့ ကလေးတွေရဲ့ တီထွင်စဉ်းစားထိုးထွင်းကြံဆတတ်တဲ့ဉာဏ်၊ သူတို့ရဲ့ ဆွေးနွေးနိုင်တဲ့အနေအထားလေးတွေကို သင်ကြားနည်း၊ သင်ယူနည်း နည်းစနစ်လေးတွေကတော့ ကျွန်တော်တို့နိုင်ငံနဲ့ နည်းနည်းကွာတာလေး တွေ့ရှိရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ဂျိုက်ကာ အပါအဝင် ဖွံ့ဖြိုးမှုမိတ်အဖွဲ့ကိုးဖွဲ့နဲ့ မြန်မာ့ပညာရေးကို နိုင်ငံတကာအဆင့်မီအောင် လုပ်တဲ့အခါမှာ ကလေးတွေရဲ့ စဉ်းစားတွေးခေါ်ဉာဏ်ရည်ဉာဏ်သွေးတွေ ပိုမိုတိုးတက်လာဖို့ အဲဒါလေးတွေကို ပြောင်းလဲပြီးတော့မှ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီနေရာမှာ ဆရာတွေရဲ့ အရည်အသွေးပိုင်းကလည်း အဓိကကျတယ်။

“ဂျပန်နိုင်ငံမှာ ဆရာတွေ လေ့ကျင့်မွေးထုတ်တဲ့အပိုင်းကို တော်တော်လေး ဂရုစိုက်ပါတယ်။ အတန်းထဲမှာ ဆရာတွေနဲ့ ကျောင်းသားတွေရဲ့ ဆက်ဆံရေးကလည်း ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းမေးနိုင်၊ ဖြေနိုင်၊ ပြောကြားနိုင်တဲ့ အနေအထားလေးတွေ၊ သင်ကြားမှုကိုလည်း အချိန်ရအောင် ဖန်တီးပေးထားတဲ့အနေအထားလေးတွေကို တွေ့ရှိပါတယ်” ဟု ပြောသည်။

ဆက်လက်ပြီး အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က“အခု ထိပ်သီးအစည်းအဝေးမှာ ဂျပန်ကနေ မြန်မာနိုင်ငံကို တရားဝင်ဖွံ့ဖြိုးမှုအကူအညီ ချေးငွေယန်း ဘီလီယံ ၁၀၀ ချေးပေးတဲ့ လုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ပါတယ်။ ဂျပန်ဝန်ကြီးချုပ်ကနေ ဒါကို ကတိကဝတ်ပြုတာဝန်ယူလိုက်တာ ဖြစ်ပါတယ်။ အထူးသဖြင့်ဒါကတော့ချေးငွေ ဆိုတာထက် တရားဝင်ဖွံ့ဖြိုးမှု အကူအညီ (Official Development Assistant)လို့ ခေါ်ပါတယ်။

ချေးငွေဆိုပေမယ့်လည်း နှစ်ပေါင်း ၄၀ ကြာအောင် ပေးဆပ်ရတာဖြစ်တဲ့အတွက် အတိုးနှုန်းကလည်း ၀ ဒသမ ၀၀၁ ဖြစ်တော့ တကယ်တော့ တရားဝင်ဖွံ့ဖြိုးမှုအကူအညီပဲဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးဟာ တစ်နိုင်ငံမှ ဒီတရားဝင်ဖွံ့ဖြိုးမှုအကူအညီငွေနဲ့ လွတ်ကင်းခဲ့တာမရှိပါဘူး။ တောင်ကိုရီးယားတို့၊ အခု ဂျပန်တို့တောင် ယခင်တုန်းက သူတို့ရဲ့နိုင်ငံကို ပြန်လည် တည်ဆောက်တဲ့အခါမှာ တရားဝင်ဖွံ့ဖြိုးမှုဆိုတဲ့ အကူအညီတွေကို အနောက်နိုင်ငံတွေဆီကနေ ယူခဲ့ပြီးတော့မှ ဒီဘဝကိုရောက်ရှိအောင် ထူထောင်လာခဲ့ကြတာဖြစ်ပါတယ်။

အခုရရှိတဲ့ယန်းဘီလီယံ ၁၀၀ ကို နေရာသုံးနေရာမှာ သုံးစွဲဖို့အတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးနဲ့ ရန်ကုန်မြို့ပတ်ရထားများတိုးချဲ့ဖို့ပဲ ဖြစ်ပါတယ်။ ဒီရက်ပိုင်းမှာ ရန်ကုန်မြို့ပတ်ရထားမှာဆိုရင် အဲကွန်းရထားအသစ်တစ်တွဲ ထပ်တွဲထားပါတယ်။ ရန်ကုန်မြို့ပတ်ရထားဟာ ရန်ကုန်မှာ ခရီးသည် သယ်ယူပို့ဆောင်ရေးအတွက် မရှိမဖြစ်လိုအပ်တဲ့၊ အလွန့်အလွန် လိုအပ်တဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့ မြို့ပတ်ရထားလမ်းတွေ ပိုပြီးတော့ အဆင့်မြှင့်ခိုင်မာလာအောင် အဲကွန်းရထားတွဲတွေ၊ တွဲဆိုင်းယာဉ်တွေ ဝယ်ယူပြီးတော့ အသစ်တွေလောက်နီးပါး ဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ လျှပ်စစ်မဟာဓာတ်အား တိုးချဲ့ရေးအတွက်ဖြစ်ပါတယ်။ လျှပ်စစ်မဟာဓာတ်အားလိုင်းများ အဆင့်မြှင့်တင်ရေးမှာဆိုရင် ယခုမြန်မာနိုင်ငံမှာ *စာမျက်နှာ ၉ သို့*



ဂျပန်နိုင်ငံ တိုကျိုဘူတာ၌ Nozomi 27 ကျည်ဆန်ရထားများကို တွေ့ရစဉ်။

# တပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုတိုးမြှင့်ရေးနှင့် ဂျပန်ကာကွယ်ရေးတက္ကသိုလ်တွင် မြန်မာပိုလ်လောင်းများတက်ရောက်ရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်အစိုးရ၏အထူးကိုယ်စားလှယ် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာရိုဟဲ အီဆာဆာကာဝါအား ယနေ့နံနက် ၉ နာရီခွဲတွင် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မစ္စတာရိုဟဲအီဆာဆာကာဝါနှင့်အတူ ဆာဆာကာဝါ-အမေရိကန်၏ အမှုဆောင်အရာရှိချုပ်ဘုတ်အဖွဲ့ဥက္ကဋ္ဌ၊ အငြိမ်းစား ရေတပ်ဗိုလ်ချုပ်ကြီး ဒန်းနစ်စ် ဘလဲ၊ ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန၏ အထူးအကြံပေးပုဂ္ဂိုလ် ဗိုလ်ချုပ်ကြီး ရှိဂဲဂုအီဝါ ဆာကီနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုတိုးမြှင့်ရေး၊ ဂျပန်နိုင်ငံ ကာကွယ်ရေးတက္ကသိုလ်တွင် မြန်မာပိုလ်လောင်းများ တက်ရောက်သင်ကြားနိုင်ရေး၊ ဂျူဒိုနှင့်လုံ့စွပ်ထိုး စသည့် အားကစားများမြှင့်တင်ရေးအတွက် နည်းပြများစေလွှတ်ရေး၊ ဝတ်စုံများကူညီထောက်ပံ့ရေး၊ ဒုက္ခသည်များ ကူညီထောက်ပံ့မှုကိစ္စရပ်များနှင့် မြန်မာ-အမေရိကန်နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား အပြန်အလှန် ဆွေးနွေးကြသည်။ **(မြဝတီ)**



# ကျောက်ဖြူမြို့နယ် မင်းပြင်အထက(ခွဲ) ကျောင်းဆောင်သစ်ဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၇**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မင်းပြင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) RC နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇူလိုင်လ ပထမပတ်ကကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် ပညာရေးဝန်ကြီးဌာနသို့ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ယခုကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ဒေသခံတိုင်းရင်းသား ကျောင်းသူကျောင်းသားလေးများအနေဖြင့် ယခင်ကနှင့်မတူဘဲ အဆင့်အတန်းမြင့်မြင့်ဖြင့် လုံခြုံစွာပညာရပ်များကို သင်ယူနိုင်မည်ဖြစ်ပါကြောင်း၊ ကျောင်းဆောင်သစ်ဆောက်လုပ်ရာတွင်လည်း သဘာဝဘေးအန္တရာယ်များကာကွယ်နိုင်ရန်အတွက် အစီအမံများထားရှိ၍ ဆောက်လုပ်ထားပါကြောင်း၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များက ကျောင်းဆောင်သစ်အား ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်ပါကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံသို့ လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှက ကျောင်းသား၊ ကျောင်းသူလေးများအတွက် ကျောင်းဝတ်စုံများကိုလည်းကောင်း ပေးအပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(သတင်းစဉ်)**



# ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ သုံးသပ်အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၇**

(၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ သုံးသပ်အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းကော်မတီနှင့် မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ လုပ်ငန်းကော်မတီဝင်များ၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ အသင်းဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၇-၇-၂၀၁၅ ရက် နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၀ တွင်ပါရှိသည့် (၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပပြီးစီးသတင်းတွင် ကျောက်မျက်နှင့် ကျောက်စိမ်းတွဲများရောင်းချခဲ့ရမှု၏ စုစုပေါင်းရငွေ ယူရို ၉၄၉ သန်းကျော် အစား ၉၄၄ ဒသမ ၀၁ သန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

*စာမျက်နှာ ၈ မှ*

ဗို့အား ၂၅၀၀၀၀ သာ သယ်နိုင်တဲ့ ဓာတ်အားလိုင်းပဲရှိပါတယ်။ ဗို့အား ၂၅၀၀၀၀ အစား ဗို့အား ၅၀၀၀၀၀ သယ်ဆောင်နိုင်တဲ့ ဓာတ်အားလိုင်း တိုးချဲ့ဖို့ရယ်၊ ဓာတ်အားလိုင်းကွန်ရက်ကြီးကို ယခုထက်ပိုအားတောင့်အောင် သယ်နိုင်တဲ့ ဓာတ်အားလိုင်း ဖြစ်ဖို့အတွက် ဆောင်ရွက်မှာဖြစ်ပါတယ်။ နောက်တတိယတစ်ချက်ကတော့ အာရှရဲ့ အရှေ့အနောက် စင်္ကြံလိုဖြစ်တဲ့ ဗီယက်နမ်နိုင်ငံ ပစိဖိတ်ဒေသကနေ အနောက်ဘက် အိန္ဒိယသမုဒ္ဒရာအထိ ဆက်စပ်တဲ့ အာရှအရှေ့အနောက် စင်္ကြံရှိပါတယ်။ ဒီအာရှရဲ့ အရှေ့အနောက်စင်္ကြံမှာ သီလဝါ စီးပွားရေးဇုန်၊ ထားဝယ်စီးပွားရေးဇုန်နဲ့ ကျောက်ဖြူစီးပွားရေးဇုန်နေရာတွေကလည်း ဆက်စပ်နေပါတယ်။

အဲဒီစင်္ကြံကြီးမှာ မြန်မာနိုင်ငံဘက်က လိုအပ်တဲ့အခြေခံအဆောက်အအုံတွေ တည်ဆောက်ဖို့အတွက် အရှေ့အနောက်စင်္ကြံမှာ အခုဂျပန်နိုင်ငံအနေနဲ့ဆိုရင် သီလဝါ အထူးစီးပွားရေးဇုန်မှာ ပါဝင်ဆောင်ရွက်တဲ့အပြင် အဓိကပါဝင်တဲ့ မိတ်ဖက်လည်းဖြစ်ပါတယ်။

ထို့အတူပဲ ထားဝယ်စီးပွားရေးဇုန်မှာပါဝင်ဖို့ အခုခရီးစဉ်မှာ လက်မှတ်ရေးထိုးခဲ့ပြီဖြစ်ပါတယ်။

ဒါကြောင့် အရှေ့အနောက်စင်္ကြံကြီးမှာ လိုအပ်တဲ့အခြေခံအဆောက်အအုံတွေ၊ လမ်းတို့၊ တံတားတို့ အဲဒါတွေကို တည်ဆောက်နိုင်ဖို့အတွက် ကူညီပေးခြင်းဖြစ်ပါတယ်။ဒါကြောင့်မို့ သုံးနေရာစလုံးမှာ အခြေခံအဆောက်အအုံတွေကို အဓိကလိုအပ်တဲ့ အခြေခံအဆောက်အအုံတွေကို အားကောင်းလာအောင် ဆောင်ရွက်ပေးတဲ့ ကာလရှည်ရင်းနှီးမြှုပ်နှံမှုတွေ လိုအပ်ပါတယ်။ ချေးငွေဆိုတာထက် ဖွံ့ဖြိုးတိုးတက်မှုအတွက် တရားဝင်ကူညီတဲ့ ODA သာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်လိုက်ပါသွားခဲ့သည့် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က "ကျွန်တော့်အနေနဲ့ ဒီမဲခေါင်ထိပ်သီးအစည်းအဝေးကို တက်တာ ဒါပထမဆုံးတက်ရောက်ခြင်းဖြစ်ပါတယ်။ အဓိက လာရတဲ့ အကြောင်းကတော့ ထားဝယ်အထူးစီးပွားရေးဇုန်နဲ့ပတ်သက်ပြီး လာရတာဖြစ်ပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ အစကတည်းက ပူးတွဲလုပ်တဲ့ ထားဝယ်စီးပွားရေးဇုန်နဲ့ ပတ်သက်ပြီး ဂျပန်အစိုးရက ဝင်လာခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီလိုဝင်လာတဲ့အခါမှာ MOI ကို ထားဝယ်ဥက္ကဋ္ဌကနေ လက်မှတ်ထိုးပါတယ်။

မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးမှာ စီးပွားရေးဖိုရမ်တစ်ခုလုပ်ပါတယ်။ အဲဒီဖိုရမ်မှာ ထားဝယ်စီးပွားရေးဇုန်နဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံမှာ ထားဝယ်ကို ဘာကြောင့်လုပ်ရတယ်ဆိုတဲ့ ကိစ္စတွေ၊ ထားဝယ်စီမံကိန်းလုပ်ငန်းကနေ ဘယ်လောက်ထိ အောင်မြင်မှုတွေကို ခန့်မှန်းထားတယ်ဆိုတဲ့ကိစ္စနဲ့ ပတ်သက်လို့ စီးပွားရေးဖိုရမ်မှာ ရှင်းလင်းတင်ပြဖို့လာတာ ဖြစ်ပါတယ်။ ဒီစီးပွားရေးဖိုရမ်မှာ ထားဝယ်နဲ့ပတ်သက်တဲ့အာဆီယံနိုင်ငံ ငါးနိုင်ငံရော နောက်ပြီး ဂျပန်မှာရှိတဲ့ လုပ်ငန်းရှင်တွေရောကိုပါ ထားဝယ်မှာ ဘယ်လောက်အထိ အောင်မြင်နိုင်တယ်ဆိုတဲ့ကြောင်းကို Presentation လုပ်တယ်။ ထားဝယ် MOI လက်မှတ်ရေးထိုးတဲ့ပွဲကို သုံးနိုင်ငံအကြီးအကဲတွေရှေ့မှာပဲ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က လက်မှတ်ရေးထိုးကြတယ်။ ထားဝယ်စီမံကိန်းနဲ့ပတ်သက်ပြီး ကနဦးစီမံကိန်းအနေနဲ့ကတော့ ကျွန်တော်တို့ ဖိတ်ခေါ်တယ်။ ဒုတိယစီမံကိန်းကို လောလောဆယ် မစနိုင်သေးပါဘူး။ ထားဝယ်စီးပွားရေးဇုန်ကြီးက ထားဝယ်မြို့နဲ့တော့ နီးပါတယ်။ ဒါပေမယ့် အများကြီးတော့မနီးပါဘူး။ အဲဒီနေရာကို အစွန်အဖျားဧရိယာ မဖြစ်ဘဲနဲ့ စက်မှုဇုန်တွေ အထူးစီးပွားရေးဇုန်တွေ ဒီထက်များလာရင် အဲဒီဒေသမှာရှိသူတွေ ပိုပြီးဖွံ့ဖြိုးတိုးတက်လာမယ်။ ဒေသခံပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးရလာမယ်။ နောက်ပြီး လျှပ်စစ်မီးတွေကအစ အားလုံး အဆင်ပြေလာမယ်။ အဲဒီဒေသခံပြည်သူတွေ ဒီဖွံ့ဖြိုးတိုးတက်မှုရဲ့အနှစ်သာရကို အမြန်ဆုံးခံစားရမလားဆိုပြီး ကနဦး စလုပ်တာပါ။ စီမံကိန်းအသေးစားလေးတွေပါ။ အဓိကစီမံကိန်းတွေမှာ စက်မှု ဆိုင်ရာ အထူးစီးပွားရေးဇုန် အဲဒါက လည်း သိပ်မကြီးပါဘူး။ နောက်ပြီး ထိုင်းနိုင်ငံနဲ့ဆက်တဲ့လမ်းပါ။ အဲဒါတွေကတော့အဓိကပါ။ တခြားလည်း လျှပ်စစ်ထုတ်လုပ်ရေးတို့ တခြားဟာတွေလည်း ပါပါတယ်။ အားလုံးစီမံကိန်းကတော့ ရှစ်ခုလောက်ရှိပါတယ်။ ဒါကတော့ အီတာလျံ-ထိုင်းကုမ္ပဏီနဲ့လုပ်ဖို့ စဉ်းစားထားပါတယ်။ အဲဒီလိုလုပ်တဲ့အခါမှာလည်း အရင်တုန်းကလို အများကြီးပေးလိုက်တာမျိုးမဟုတ်ဘဲနဲ့ သူဘယ်လောက်လုပ်နိုင်တယ်ဆိုတဲ့အပေါ်မှာ မူတည်ပြီးတော့ အဆင့်လိုက် အဆင့်လိုက်ပေးသွားမှာ ဖြစ်ပါတယ်။

ဂျပန်ပါဝင်လာတာကတော့ ဒီထက်ပိုပြီးကြီးတဲ့ ဒုတိယအဆင့်တွေမှာ ဖြစ်ပါတယ်။ အဲဒီမှာ စီမံကိန်းအကြီးကြီးတွေ ရှိပါတယ်။ ကျွန်တော်တို့ အရင်တုန်းကတော့ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံ ပူးပေါင်းပြီးတော့ လုပ်တာပေါ့။ အဲဒီတုန်းကတည်းက ဂျပန်က ပါဝင်ဖို့ သူတို့အနေနဲ့ စိတ်ဝင်စားမှုရှိပါတယ်။ နောက်ပြီး သီလဝါကတော့ မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးတဲ့ စီမံကိန်းပါ။ သီလဝါဖြစ်လာမယ်ဆိုရင်တော့ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် အများကြီး အကျိုးကျေးဇူးရှိမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

❖ *ကျောဖုံးမှ*

တစ်နိုင်ငံလုံးရှိ အခြေခံမဲဆန္ဒရှင်စာရင်းကပ်ထားမှုမှာ ပထမအဆင့်အနေဖြင့် ပြီးဆုံးခဲ့ပြီဖြစ်လေသည်။

**ထုတ်ပြန်ကြေညာထားသည့် အခြေခံမဲစာရင်းများ၏ ဂယက်**

အခြေခံမဲစာရင်းများ ထုတ်ပြန်ရာတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် သီတာလမ်းတွင် နေထိုင်သည့် အငြိမ်းစားဝန်ထမ်းသားအမိနှစ်ဦး၏ အမည်စာရင်းသည် အိမ်ထောင်စုစာရင်းတွင် ပါဝင်သော်လည်း မဲဆန္ဒရှင်စာရင်းတွင် ပါရှိခဲ့ခြင်းမရှိပေ။ အဆိုပါ သားအမိနှစ်ဦး သာမကဘဲ တစ်လမ်းတည်းတွင်နေထိုင်သည့် မဟာန္တယ်ဦး၏အမည်မှာ ယဉ်နွယ်ဦးအမည်ဖြင့် မှားယွင်းပါရှိနေခဲ့သည်။

ယင်းကဲ့သို့ မှားယွင်းသော အဖြစ်အပျက်များစွာသည် တာမွေမြို့နယ်တစ်ခုတည်းတွင်သာမကဘဲ အခြားအခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ပါ မှားယွင်းမှု အများအပြား ဖြစ်ပေါ်ခဲ့သည်။ အခြေခံမဲဆန္ဒရှင်စာရင်း ထုတ်ပြန်ခဲ့ရာတွင် ထင်ရှားကျော်ကြားသည့် အနုပညာရှင်အချို့၏ အမည်များ မဲစာရင်းတွင်ပါဝင်မှု မရှိခြင်း၊ သေဆုံးကွယ်လွန်ခဲ့သူများ မဲစာရင်းတွင် ပါဝင်နေခြင်း၊ ရွာလုံးကျွတ်နီးပါး မွေးလ၊ မွေးရက် တစ်ရက်တည်း ထပ်တူညီနေခြင်းစသည့် အကြောင်းအရာများသည် အင်တာနက် လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့မှုအများဆုံးနှင့် လူထုစိတ်ဝင်စားမှုအများဆုံး အကြောင်းအရာများ ဖြစ်လာကြသည်။

**မဲဆန္ဒရှင်စာရင်းများမှာ ဘယ်အချက်တွေက မှားယွင်းမှုအများဆုံးလဲ**

ရန်ကုန် အနောက်ပိုင်းခရိုင်ရှိ မြို့နယ်များသို့ သွားရောက်၍ ပြည်သူလူထုနှင့် ကော်မရှင်အဖွဲ့ခွဲများသို့ မေးမြန်းခဲ့ချက်များအရ မဲဆန္ဒရှင်စာရင်းတွင် ပုံစံ (၄-ဂ)ဖြင့် ပြင်ဆင်မှုပြုလုပ်ရသည့် မဲဆန္ဒရှင်အမည် သတ်ပုံမှားယွင်းခြင်း၊ မှတ်ပုံတင်ဖြည့်စွက်/မှားယွင်းခြင်း၊ မွေးသက္ကရာဇ်မှားယွင်းခြင်း၊ အဖအမည်မှားယွင်းခြင်း၊ အမိအမည်ဖြည့်စွက်ရန်ကျန်ရှိခြင်းနှင့် မှားယွင်းခြင်း၊ ကျား/မ လွဲနေခြင်း၊ နေရပ်လိပ်စာ မှားယွင်းပါရှိခြင်းတို့မှာ အများဆုံးဖြစ်သည်ကို တွေ့ရသည်။

**မဲပေးခွင့်ရှိသူပြည်သူများနှင့် ပါတီတွေက သံသယမေးခွန်းများစွာထုတ်ပြီ**

အခြေခံမဲဆန္ဒရှင်စာရင်းများ မှားယွင်းမှုအပေါ် ပြည်သူများအား တွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့ရာ အခြေခံမဲဆန္ဒရှင်စာရင်းအပေါ် သံသယအများဆုံး ထားရှိကြသည့် အချက်များအား ဤကဲ့သို့တွေ့ရှိရသည်။

- ➢ ဘာကြောင့် ရပ်/ကျေး ကော်မရှင်တွေက မဲစာရင်းကို အိမ်တိုင်ရာရောက် ကောက်ယူတာမျိုးမလုပ်သလဲ။
- ➢ မဲစာရင်းကို ဘယ်လိုကောက်ယူသလဲ။
- ➢ သေဆုံးပြီးသူတွေ မဲစာရင်းမှာပါနေတာ ဘာကြောင့်လဲ။
- ➢ အခြေခံမဲစာရင်းမှာ ရွာလုံးကျွတ်၊ ရပ်ကွက်လုံးကျွတ်ရဲ့ မွေးနေ့တွေက ဇွန်လ ၃၀ ရက်နေ့ ဖြစ်နေတာ ဘာကြောင့်လဲ။
- ➢ အိမ်ထောင်စုစာရင်းမှာ နာမည်ပါရှိပေမယ့် ဘာကြောင့် မဲစာရင်းမှာ နာမည်ကျန်တာလဲ၊ နာမည်မှား၊ မှတ်ပုံတင်မှား၊ လိပ်စာမှား၊ မိဘအမည်မှား၊ ကျားမလွဲနေတာတွေကြောင့် မဲပေးခွင့်ဆုံးရှုံးမှာလား။
- ➢ အိမ်ထောင်စုစာရင်းမှာ မိခင်နာမည်မပါဘဲ အခြေခံမဲစာရင်းမှာ မိခင်နာမည်ကို ဘယ်လိုထည့်သွင်းသလဲ။
- ➢ အခြေခံမဲဆန္ဒရှင်စာရင်း ကြေညာတုန်းက မဲစာရင်းမကြည့်ခဲ့ရတော့ နာမည်မပါရင်၊ မှားယွင်းနေရင် ပြင်ဆင်လျှောက်ထားခွင့် မရတော့ဘူးလား။ နောက်အခွင့်အရေး ရနိုင်သေးလား။

**ဘာကြောင့် ရပ်/ကျေး ကော်မရှင်တွေက မဲစာရင်းကို အိမ်တိုင်ရာရောက် ကောက်ယူတာမျိုးမလုပ်သလဲ**

မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့များသည် စေတနာ့ဝန်ထမ်းများဖြစ်ကြပြီး ရွေးကောက်ပွဲဆိုင်ရာဥပဒေ၌ တစ်အိမ်တက်ဆင်း အိမ်ထောင်စုစာရင်း ပုံစံ ၆၆/၆ ကို လိုက်လံကောက်ယူရမည်ဟု ဖော်ပြထား ခြင်းမရှိသဖြင့် မဲဆန္ဒရှင်စာရင်းကို သန်းခေါင်စာရင်းကောက်ယူသကဲ့သို့ လိုက်လံကောက်ယူခဲ့ခြင်းမရှိပေ။ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက ၎င်းတို့သည် ပင်စင်စား စေတနာ့ဝန်ထမ်းအများစုနှင့် အချို့မှာ ရုံးဝန်ထမ်းအဖြစ် အသက်မွေးဝမ်းကျောင်းပြုကြသည်ဟုဆိုသည်။ ဝန်ထမ်းအဖြစ် လုပ်ကိုင်ကြသူများသည် နေ့စဉ်စားဝတ်နေရေးအတွက် တစ်ဖက်မှလုပ်ကိုင်ရင်း တစ်ဖက်မှလည်း မဲဆန္ဒရှင်စာရင်းသွင်းခြင်းလုပ်ငန်းကို ပူးတွဲဆောင်ရွက်ကြရသည်ဟုဆိုကြသည်။ လူအင်အားလုံလောက်မှုမရှိဘဲ စေတနာ့ဝန်ထမ်းအချို့နှင့် မဲဆန္ဒရှင်စာရင်း ကောက်ယူရခြင်းသည်လည်း မဲစာရင်းကို အိမ်ထောင်စုအပြည့် လိုက်မကောက်နိုင်ခြင်း၏ အကြောင်းရင်းဖြစ်သည်။



**အနောက်ပိုင်းခရိုင်အတွင်း မဲစာရင်းလာရောက်ကြည့်ရှုနေသူများကို တွေ့ရစဉ်။** (ဓာတ်ပုံ-ဖိုးထောင်)

**သေဆုံးပြီးသူတွေ မဲစာရင်းမှာပါနေတာ ဘာကြောင့်လဲ**

လူတစ်ယောက်သေဆုံးပါက သေဆုံးမှု မှန်ကန်ကြောင်း ရပ်ကွက်ရုံးထောက်ခံစာအပါအဝင် လိုအပ်သည့် အထောက်အထား စာရွက်စာတမ်းများ ယူဆောင်ကာ လူဝင်မှုကြီးကြပ်ရေးဌာန၌ အိမ်ထောင်စုစာရင်းပုံစံ ၆၆/၆ တွင် ပါဝင်နေသည့် သေဆုံးသူ၏ နာမည်အား မျဉ်းသား၍ ပယ်ဖျက်ရသည်။ အိမ်ထောင်စုအချို့သည် လူဝင်မှုကြီးကြပ်ရေးဌာနတွင် သေစာရင်းဖျက်ခြင်း မလုပ်ဆောင်ခဲ့ခြင်းသည်လည်း သေဆုံးသူများ မဲစာရင်းတွင် ပါဝင်လာစေသည့် အချက်တစ်ခုဖြစ်သည်။

အခြေခံမဲဆန္ဒရှင် ထည့်သွင်းရန်အတွက် ရပ်/ကျေး ကော်မရှင်များအနေဖြင့် ပုံစံ ၆၆/၆ အား မိတ္တူဆွဲယူရန် လိုအပ်သည်။ ယင်းသို့ မိတ္တူဆွဲယူရာ၌ ပုံစံ ၆၆/၆တွင် သေဆုံးသူအားပယ်ဖျက်ထားသည့် မျဉ်းကြောင်းမထင်မရှားဖြစ်ခြင်း၊ ပုံစံစာရွက်မှာ ဟောင်းနွမ်း၍ တိပ်များ ကပ်ထားခြင်းနှင့် ကူးယူသောမိတ္တူစက် အရည်အသွေးကောင်းမွန်မှုမရှိခြင်းတို့သည်လည်း သေဆုံးသူများ အမည် မဲစာရင်းတွင် ပါဝင်ရခြင်းအကြောင်း တစ်ရပ်ပင်ဖြစ်သည်။ အဆိုပါအချက်သည် အရေအတွက်နည်းပါး၍ လူခွဲမရှိသည့် မြို့နယ်/ရပ်ကျေး ကော်မရှင်၏ မှားယွင်းမှုတစ်ရပ်အဖြစ် ထောက်ပြနိုင်သည်။

အလုံမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူး ဦးခင်မောင်ဇော်က "ပုံစံ ၆၆/၆ တွေ ရရှိလာတာနဲ့ သေနေတဲ့လူကိုသိရင်တော့ တစ်ခါတည်းဖြုတ်ခဲ့ပါတယ်။ တချို့လူတွေကျတော့ အရပ်ထဲမှာသိတဲ့နာမည်က တစ်မျိုး။ ပုံစံ ၆၆/၆ ထဲမှာ ရှိတဲ့ နာမည်ကတစ်မျိုး။ ရပ်ကျေးကော်မရှင်တွေအနေနဲ့ ပုံစံ ၆၆/၆ ထဲက နာမည်နဲ့ အရပ်ထဲမှာ သိနေတဲ့နာမည်နဲ့ တွဲလို့မမိနေတာမျိုးရှိနေတယ်။ ဥပမာ-အရပ်ထဲမှာ သူ့ကို ဖိုးတုတ်လို့ပဲ သိထားတယ်။ ပုံစံ ၆၆/၆ မှာကျတော့ ကျော်မိုးဖြစ်နေတာမျိုးပေါ့"ဟု နမူနာပြောပြသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်တွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၏ ပြောကြားချက်အရ ဇူလိုင်လ ၁ ရက်နေ့အထိ မဲစာရင်းမှ ဖယ်ရှားပေးရန် ကန့်ကွက်လာသည့်အထဲတွင် သေဆုံးသူ ၁၀၃ ဦး ပါရှိနေခြင်းသည် ထူးခြားချက်တစ်ခုဖြစ်ခဲ့သည်ဟု ဆိုသည်။ စမ်းချောင်းမြို့နယ်တွင် နေထိုင်သူအများစုသည် ထုံးတမ်းအစဉ်အလာ ယုံကြည်မှုကြောင့် ကွယ်လွန်သူ ဘိုးဘွားမိဘ မိသားစုဝင်များအား သေစာရင်းမှ ပယ်ဖျက်ထားမှု မရှိခြင်းကြောင့် မဲစာရင်းတွင် သေဆုံးသူများပါရှိရခြင်းသည် ထူးခြားသည့် အကြောင်းရင်းတစ်ရပ်ဖြစ်ခဲ့ကြောင်း ထောက်ပြသည်။


**အခြေခံမဲစာရင်းမှာ ရွာလုံးကျွတ်၊ ရပ်ကွက်လုံးကျွတ်ရဲ့ မွေးနေ့တွေက ဇွန်လ ၃၀ ရက်နေ့ ဖြစ်နေတာဘာကြောင့်လဲ**

၆ လပိုင်း ၃၀ ရက်နေ့ကို မွေးနေ့အဖြစ် သတ်မှတ်ခြင်းသည် မွေးနေ့ မွေးလ မသိသူများအတွက်ဖြစ်သည်။ တောရွာများတွင် နေထိုင်ကြသူ အများစုသည် မိမိမွေးနေ့ မွေးလအား မြို့ပြတွင် အခြေချနေထိုင်သူများကဲ့သို့ မှတ်သားထားခြင်းမရှိချေ။ မြို့ပြတွင်နေထိုင်သည့် သက်ကြီးရွယ်အိုအချို့သည်ပင်လျှင် မွေးဖွားသည့်နှစ်ကိုသာ လဝက၏ ပုံစံ ၆၆/၆ တွင် ဖြည့်ထားကြသည်။ ၆ လပိုင်း ၃၀ ရက်နေ့ကို မွေးနေ့အဖြစ် သတ်မှတ်ခြင်းသည် အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်တစ်ခုပင် ဖြစ်သည်။ မဲပေးမည့်ပြည်သူများ မနစ်နာစေရန် နှစ်တစ်နှစ်၏ လအလယ်အား သတ်မှတ်ချက်တစ်ခုအနေအဖြစ် သတ်မှတ်ပေးထားခြင်းဖြစ်သည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ပေးပို့ရသည့် မဲစာရင်းထည့်သွင်းသည့် ကွန်ပျူတာစနစ်၌ မွေးနေ့နေရာတွင် ကွက်လပ်ဖြစ်နေပါက အမည်ပယ်ဖျက်သဖြင့် မွေးရက်မရှိသူများအား ၆ လပိုင်း ၃၀ ရက်နေ့ကို စံသတ်မှတ်ကာ ဖြည့်စွက်ရခြင်းဖြစ်သည်ဟု ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက တုံ့ပြန်ဖြေရှင်းသည်။

အိမ်ထောင်စုစာရင်းမှာ နာမည်ပါရဲ့နဲ့ ဘာကြောင့် နာမည်မှား၊ မှတ်ပုံတင်မှား၊ လိပ်စာမှား၊ မိဘအမည်မှား၊ ကျားမလွဲနေတာလဲ၊ မဲစာရင်းမှာဘာကြောင့် နာမည်မပါတာလဲ။

ရန်ကုန်အနောက်ပိုင်းခရိုင်ရှိ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများသို့ မဲစာရင်းမှားယွင်းရခြင်းနှင့်စပ်လျဉ်းပြီး မြန်မာ့သတင်းစဉ်မှ သွားရောက်မေးမြန်းခဲ့သည်။

အခြေခံမဲစာရင်းအများစုမှာ အိမ်ထောင်စုစာရင်း ပုံစံ ၆၆/၆ များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများ၌ မိတ္တူဆွဲ၍ ကွန်ပျူတာအတွင်း စာရင်းပြန်လည်ထည့်သွင်းသည့် အဆင့်တွင် မှားယွင်းမှုများအများဆုံး ဖြစ်ပေါ်သည်ကို မြို့နယ်ကော်မရှင် အဖွဲ့ဝင်များ၏ ဖြေကြားချက်များအရ တွေ့ရှိရသည်။




**ကျောက်တံတားမြို့နယ်အတွင်း မဲစာရင်းနှင့်စပ်လျဉ်းသော ပြင်ဆင်လွှာ ပုံစံ (၄-ဂ) လူဦးရေပြဇယား။**

ဖြစ်ပေါ်ရသည့် အကြောင်းရင်းသည် အခြေခံမဲဆန္ဒရှင်စာရင်းများကို ကွန်ပျူတာအတွင်း ထည့်သွင်းနိုင်ရန်အတွက် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက မိတ္တူကူးယူရာတွင် မူရင်းအိမ်ထောင်စုစာရင်း ပုံစံ ၆၆/၆ များသည် နှစ်ကာလကြာမြင့်သောကြောင့် ဟောင်းနွမ်းနေခြင်း၊ မိတ္တူကူးယူရသည့် မိတ္တူစက်များ အရည်အသွေးကောင်းမွန်မှုမရှိခြင်း၊ စာမျက်နှာတစ်ဖက်ခြမ်းကို ကူးယူပြီးနောက် အခြားစာမျက်နှာအား ဆက်လက်ကူးယူရန်ကျန်ရှိခြင်း၊ ကွန်ပျူတာအတွင်းသို့ တစ်ရက်လျှင် လူဦးရေ ၅၀၀ နီးပါးခန့် ထည့်သွင်းရာတွင် ဝန်ထမ်းအင်အားအနည်းငယ်သာ အသုံးပြုနိုင်ခြင်းတို့သည် အခြေခံမဲဆန္ဒရှင်စာရင်းမှားယွင်းရခြင်း၏ အဓိက အရင်းခံအကြောင်းအချက်များဖြစ်သည်ကို တွေ့ရှိခဲ့ရသည်။

အလုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ဇော်(အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး)က "ဒီလုပ်ငန်းနဲ့ အကျွမ်းတဝင်မရှိတဲ့ ရပ်ကျေးကော်မရှင်အတွင်းရေးမှူးက ပုံစံ ၆၆/၆ မိတ္တူစာရွက်ကိုကြည့်ပြီး ကွန်ပျူတာရိုက်သူကို ခေါ်ပေးတယ်။ စာရိုက်ဖို့အတွက် ပညာရေးဌာနကနေ အကူအညီတောင်းထားတဲ့ ဆရာ၊ ဆရာမတွေက ကွန်ပျူတာစာရင်းသွင်းတယ်။ ခေါ်ပေးသူက မထင်ရှားတဲ့မိတ္တူကြောင့် မှားယွင်းဖတ်မိသလို စာရိုက်သူကလည်း အကြားမှားတာဖြစ်နိုင်ပါတယ်"ဟု မဲစာရင်းသွင်းရာ၌ ကြုံတွေ့ရသည့် ၎င်း၏အတွေ့အကြုံကို ပြောကြားသည်။

**အိမ်ထောင်စုစာရင်းမှာ မိခင်နာမည်မပါဘဲ အခြေခံမဲစာရင်းမှာ မိခင်နာမည်ကို ဘယ်လိုထည့်သွင်းသလဲ**

ပုံစံ၆၆/၆မှာ အမိနာမည်မပါဘဲနဲ့ အမိနာမည် ဘယ်ကရလဲလို့မေးရင် "ပထမဆုံး ရပ်ကွက်တစ်ရပ်ကွက်ကို ရွေးထုတ်တယ်။ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ၊ ရာအိမ်မှူးတွေ၊ ဆယ်အိမ်စုမှူးတွေနဲ့ မဲစာရင်းမှာပါတဲ့ အမိနာမည်ကိုဖြည့်ဖို့ ကြိုးစားတယ်။ တကယ်လည်း အိမ်ထောင်စုစာရင်းရှိတယ်၊ တကယ်လည်း လူနေ တဲ့ အိမ်ထောင်စုတွေရှိရင်တော့ အမိနာမည်တွေ ရပါတယ်"ဟု အလုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးခင်မောင်ဇော်က ဖြေကြားသည်။

ကျောက်တံတားမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်သိန်းက "အမေနာမည်တစ်ခုရဖို့အတွက် တိုက်ခန်း ၁၀ ခန်းရှိရင် ၁၀ ခန်းလုံး တက်လိုက်ဆင်းလိုက် လုပ်ရတယ်။ အချို့တိုက်ခန်းတွေဆို လူမရှိဘူး။ အချို့ကလည်း တံခါးကိုမဖွင့်ပေးဘူး။ အဲ့ဒီတော့ အခြေခံမဲဆန္ဒရှင်စာရင်းမှာ အမေပါတာလဲရှိတယ်။ မပါတာလဲရှိတယ်။ မပါရင်တော့ အခြေခံမဲစာရင်း လာကြည့်တဲ့အခါ အမေနာမည်မေးပြီးမှတ်ထားလိုက်တယ်"ဟု အမေနာမည် ပါရှိရေး အခက်အခဲကို ပြောထားသည်။

**မဲစာရင်းမှာမှားတာ၊ နာမည်မပါတာဖြစ်ပေမယ့် သွားပြင်ကြရဲ့လား**

မြန်မာ့သတင်းစဉ်မှ ရန်ကုန်အနောက်ပိုင်းခရိုင်ရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ သွားရောက်မေးမြန်းစုံစမ်းခဲ့ချက်များအရ ပထမအကြိမ် မဲဆန္ဒရှင်စာရင်းကြေညာခဲ့သည့် ကျောက်တံတားမြို့နယ်တွင် ပုံစံ ၆၆/၆ အရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဦးရေ မှာ ၁၉၂၀၇ ဦးကို စာရင်းကပ်ကြေညာခဲ့သည်။ လာ ရောက်ကြည့်ရှုသူ ၆၉၂၃ ဦး ရှိခဲ့သည်။

ပုံစံ ၆၆/၆ တွင် ပါရှိသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ သက်ဆိုင်ရာမဲဆန္ဒရှင်စာရင်းတွင် ၎င်းတို့၏ အမည်ပါဝင်ခြင်းမရှိ၍ ပုံစံ(၃)ဖြင့် လျှောက်ထားသူ ၆၅၀ ရှိခဲ့သည်။ ပုံစံ(၄-ဂ)ဖြင့် မဲဆန္ဒရှင်စာရင်းမှ ကွဲလွဲချက်များကို လာရောက်ပြင်ဆင်သူ ၇၃၄ ဦး ရှိခဲ့သည်။

**ရပ်ကျေးကော်မရှင်နဲ့ မြို့နယ်ကော်မရှင်မှာ အနည်းအကျဉ်းမှားယွင်းမှုကို ပြင်ဆင်ပိုင်ခွင့် အာဏာပေးအပ်ထားပါတယ်။ သိရင် သိတဲ့အချိန်မှာ ပြင်ဆင်ပေးပါတယ်။ မဲပေးတဲ့နေ့ရောက်လို့ မဲစာရင်းမှာ နာမည်ပါသူတွေဟာ အနည်းအကျဉ်း မှားနေရင်တောင် မဲရုံမှူးရဲ့ authorityနဲ့ ပုံစံမှာ မှတ်တမ်းတင်ပြီး မဲပေးခွင့်ပြုမှာပါ။**

*စာမျက်နှာ ၁၁ သို့*

# (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်

**ရန်ကုန် ဇူလိုင် ၇**

၂၀၁၅ ခုနှစ် ဇူလိုင် ၁၉ ရက်တွင်ကျင်းပမည့် (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၆ ရက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အခမ်းအနား ကျင်းပရေးဆပ်ကော်မတီများမှ ဥက္ကဋ္ဌများ၊ ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


အဆိုပါ အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းဆပ်ကော်မတီ(၇)ခုဖြင့် ဇွန် ၂၆ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပြီးဖြစ် ကြောင်း၊ ဆပ်ကော်မတီများအနေဖြင့် လုပ်ငန်းကဏ္ဍအလိုက် အလေးအနက်ထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အာဇာနည်ဗိမာန် လုံခြုံရေးအတွက် တိတိကျကျဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပ နိုင်ရေးအတွက် အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် ပြုပြင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ လွမ်းသူ့ပန်းခွေချ အလေးပြုအခမ်းအနား စီစဉ်ရေးစသည့် လုပ်ငန်းတာဝန်များကို လုပ်ငန်းဆပ်ကော်မတီများမှ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**




*စာမျက်နှာ ၁၀ မှ*

မဲစာရင်းတွင် သေဆုံးသူနှင့် ဆန္ဒမဲပေးရန် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသဖြင့် မဲစာရင်းအား ကန့်ကွက်လွှာပုံစံ (၄)ဖြင့် လာရောက် ကန့်ကွက်ခံရသူမှာ ၁၈၅ ဦး ရှိခဲ့သည်။




**ကျောက်တံတားမြို့နယ်အတွင်း မဲစာရင်းနှင့် စပ်လျဉ်းသော ကန့်ကွက်လွှာ ပုံစံ(၄)လူဦးရေပြဇယား**

ထို့ကြောင့် ပုံစံ (၃)၊ ပုံစံ (၄-က)၊ ပုံစံ (၄)တို့ဖြင့် မဲစာရင်းလာရောက် ပြင်ဆင်၊ ဖြည့်စွက်၊ ကန့်ကွက်သူ စုစုပေါင်းမှာ ၁၅၆၉ စောင်ရှိခဲ့သည်။ ရာခိုင်နှုန်းအားဖြင့် တွက်ချက်ပါက လာရောက်ပြင်ဆင်သူ ဦးရေမှာ ၈ ဒသမ ၂ ရာခိုင်နှုန်းခန့်သာ ရှိခဲ့သော်လည်း ပြင်ဆင်ဖြည့်စွက်ကန့်ကွက်ရန် ကျန်ရှိနေသူများလည်း ရှိနေနိုင်သေးသည်။




**ကျောက်တံတားမြို့နယ် အခြေခံမဲဆန္ဒရှင်စာရင်း လာရောက်ပြင်ဆင်မှု ရာခိုင်နှုန်းအခြေအနေပြပုံ**

ရန်ကုန်အနောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မိုးမြင့်က "အမှားတွေရှိနိုင်တယ်။ တွေ့ရှိတဲ့အမှားအားလုံးအတွက် ကျွန်တော်တို့က လက်ခံတယ်။ ကြိုဆိုတယ်။ နိုင်ငံရေးပါတီတွေအားလုံးက အကုန်နိုင်ချင်တယ်။ မနိုင်ချင်တဲ့ပါတီမရှိဘူး။ နည်းလမ်း အမျိုးမျိုးနဲ့ ကြိုးစားကြရာမှာ ဒီဟာကိုလည်း နည်းလမ်းတစ်ခုအနေနဲ့ ဆောင်ရွက်လာတာကို တွေ့ရတယ်။ ဘယ်မှာသွားပြီး ထင်ထင်ရှားရှား ရှိလာလဲဆိုရင် ကျောက်တံတားဆိုရင် မဲစာရင်းထုတ်လိုက်တုန်း ရှိသေးတယ်။ ၈၀ ရာခိုင်နှုန်း မှားနေပါတယ်ဆိုပြီး စွပ်စွဲတယ်။ အခြေခံမဲစာရင်းက သောင်းကိုးထောင်ကျော်ရှိတာ ၈၀ ရာခိုင်နှုန်းလောက် မှားနေတယ်ဆိုရင် မဲစာရင်း တစ်သောင်းခွဲလောက် မှားနေပြီလို့ပြောတာပဲလို့ပြောမှ ပြန်ရုပ်သိမ်းသွားတယ်။ ဒီတော့ ဘယ်ပေတံနဲ့ တိုင်းတာလဲလို့ ကျွန်တော်မေးချင်တယ်"ဟု မဲစာရင်းများ အမြောက်အမြား မှားယွင်းနေကြောင်း ဝေဖန်မှုအပေါ် တုံ့ပြန်သည်။

**ဇွန်လ ၂၂ ရက်နေ့မှစတင်ကာ ရန်ကုန်တိုင်းဒေသကြီးတွင် တတိယအကြိမ် မဲစာရင်းကြေညာသည့် ၂၁ မြို့နယ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် စမ်းချောင်းမြို့နယ်၏ မဲဆန္ဒရှင်စာရင်းမှာ ၄၉၈၄၂ ဦး ရှိခဲ့ပြီး ဇူလိုင်လ ၅ ရက်နေ့အထိ ပုံစံ(၃)၊ ပုံစံ(၄-က)၊ ပုံစံ(၄)တို့ဖြင့် လာရောက်လျှောက်ထားသူ ၆၄၆၀ အထိ ရှိလာပြီဖြစ်သည်။** ဇူလိုင်လ ၄ ရက်နေ့အထိ မဲစာရင်းလာရောက် ပြင်ဆင်၊ ဖြည့်စွက်၊ ကန့်ကွက်သူမှာ ရာခိုင်နှုန်းဖြင့် တွက်ကြည့်ပါက ၁၂ ဒသမ ၉ အထိ ရှိနေသည်ကို တွေ့ရသည်။ မဲစာရင်းကြေညာခဲ့သည့် (၁၄)ရက် အတွင်း မဲစာရင်းလာရောက်ကြည့်ရှုသူ စုစုပေါင်း တစ်သောင်းသုံးထောင်နှစ်ဦး ၁၃၀၀၂ ဦးရှိကြောင်းသိရသည်။ တတိယအဆင့် မဲစာရင်းကြေညာသည့် ၂၁ မြို့နယ်အား မဲစာရင်း ပြင်ဆင်ဖြည့်စွက်မှု ဆက်လက်ပြုလုပ်နိုင်ရန်အတွက် မဲစာရင်းကြေညာချိန်ကို ဇူလိုင်လ ၁၀ ရက်နေ့အထိ ငါးရက်ကြာ ထပ်မံတိုးမြှင့်ထားသဖြင့် စမ်းချောင်းမြို့နယ်တွင် ဆက်လက်လျှောက်ထားသူများလည်း ရှိလာပေဦးမည် ဖြစ်သည်။

**ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံး၏ လူဦးရေအနည်းဆုံး မြို့နယ်များတွင် တစ်ခုအပါအဝင်ဖြစ်ခဲ့သည့် ဆိပ်ကမ်းမြို့နယ်တွင် အခြေခံမဲဆန္ဒရှင်စာရင်းတွင် ပါဝင်သူ ၁၇၆၉ ဦးရှိပြီး ပုံစံ (၃)ဖြင့် လျှောက်ထားသူ သုံးဦး၊ ပုံစံ(၄)ဖြင့် ပယ်ဖျက်သူ တစ်ဦးနှင့် ပုံစံ(၄-က) ဖြင့် ပြင်ဆင်ဖြည့်စွက်သူ ၃၀ ရှိခဲ့၍ စုစုပေါင်း ပြင်ဆင်ဖြည့်စွက်ပယ်ဖျက်သူ ၃၄ ဦးသာ ရှိခဲ့သည်။ ရာခိုင်နှုန်းအားဖြင့် တွက်ချက်ကြည့်ပါက ၁ ဒသမ ၉ ရာခိုင်နှုန်းသာရှိခဲ့သည်ကို တွေ့ရှိရသည်။**

**မဲဆန္ဒရှင်စာရင်းမှာ ပါဝင်သော်လည်း အချက်အလက် အနည်းငယ်မှားယွင်းရုံနဲ့ မဲပေးခွင့်ဆုံးရှုံးမှာလား၊ ဥပဒေက ဘယ်လိုပြောထားလဲ။**

"ရပ်ကျေးကော်မရှင်နဲ့ မြို့နယ်ကော်မရှင်မှာအနည်းအကျဉ်းမှားယွင်းမှုကို ပြင်ဆင်ပိုင်ခွင့်အာဏာ ပေးအပ်ထားပါတယ်။ သိရင်သိတဲ့အချိန်မှာ ပြင်ဆင်ပေးပါတယ်။ မဲပေးတဲ့နေ့ရောက်လို့ မဲစာရင်းမှာ နာမည်ပါသူတွေဟာ အနည်းအကျဉ်း မှားနေရင်တောင် မဲရုံမှူးရဲ့ authority နဲ့ ပုံစံမှာ မှတ်တမ်းတင်ပြီး မဲပေးခွင့်ပြုမှာပါ။ **မဲစာရင်းမှာ နာမည်ပါပြီးရင် မည်သည့်အကြောင်းနဲ့မှ မဲပေးခွင့် မဆုံးရှုံးဘူး။ သုညနဲ့တစ်နဲ့ မှားနေရင်တောင် မဲစာရင်းမှာ နာမည်ပါနေရင် မဲပေးခွင့်မဆုံးရှုံးဘူးလို့ ကျွန်တော်တို့ကော်မရှင်က အာမခံပါတယ်"ဟု မဲဆန္ဒရှင်စာရင်း အမည်ပါဝင်ပြီး အနည်းငယ်လွဲမှားမှုရှိရုံမျှဖြင့် အလုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ဇော်က အာမခံကြောင်းပြောသည်။**

**အမျိုးသားလွှတ်တော် နည်းဥပဒေနှင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ (၅၀) (ဂ)တွင် ဤသို့ပါရှိသည်**

> မဲစာရင်း၌ အမည် သို့မဟုတ် နေရပ်နှင့် စပ်လျဉ်းသည့်ဖော်ပြချက်တွင် အနည်းငယ်မှားယွင်းခြင်း၊ ချို့ငဲ့ခြင်း၊ ချွတ်ချော်ခြင်းရှိသော်လည်း ထိုဖော်ပြချက်နှင့် သက်ဆိုင်သူသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံ၍ပြောဆိုနိုင်သူရှိလျှင် မဲစာရင်းတွင်ပါရှိသော မှားယွင်းချက်၊ ချို့ငဲ့ချက် ချွတ်ချော်ချက်ကို ပြင်ဆင်ရေးမှတ်၍ ထိုသူကို ဆန္ဒမဲပေးခွင့်ပြုရမည်။ ယင်းသို့ ပြင်ဆင်ခွင့်ပြုသည့်အခါတိုင်း မဲရုံမှူးသည် ပုံစံ (၁၂) ဖြင့် အကျိုးအကြောင်း အကျဉ်းချုပ်ကို ရေးသားမှတ်တမ်းတင်ထားရမည်ဟု ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေ ၅၀(ဂ)နှင့် အမျိုးသားလွှတ်တော် နည်းဥပဒေ ၅၀(ဂ)တို့ ဖော်ပြပါရှိသည်။

အလုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက **"မဲပေးခွင့် ဆုံးရှုံးနိုင်တာတစ်ခုပဲရှိတယ်။ မဲစာရင်းမှာနာမည်မပါရင်တော့ ဘာမှလုပ်ပေးလို့မရဘူး။ မဲစာရင်းမှာ မိမိအမည်ပါရေးအတွက် အခုလည်းပဲ လာပြင်လို့ရတယ်။ ကျွန်တော်တို့လည်း နှိုးဆော်နေတယ်။ အခုလည်း ဥပဒေနဲ့အညီ မဲစာရင်းတွေထပ်ပြီး ကပ်ပြီး ကြေညာပြီးရင်လည်း ထပ်ပြီးတော့ စာရင်းမှာမပါရင် နာမည်ပေးနိုင်တယ်။ မှားနေတာရှိရင် ပြင်နိုင်တယ်။ သေဆုံးပြီးသူတွေ ပါဝင်နေရင် လာပြီးတော့ဖျက်နိုင်တယ်။ မဲစာရင်းပြင်ဆင်ဖို့ အခွင့်အရေးကလည်း အခုတစ်ကြိမ်နဲ့တင် ဆုံးရှုံးသွားမှာ မဟုတ်ပါဘူး"ဟု အချက်အလက် အနည်းငယ်မှားယွင်းမှုသည် မဲပေးပိုင်ခွင့်ကို မဆုံးရှုံးနိုင်ကြောင်း ပြောထားသည်။**

**အခြေခံမဲဆန္ဒရှင်စာရင်း ကြေညာတုန်းက မဲစာရင်းမကြည့်ခဲ့ရတော့ နာမည်မပါရင်၊ မှားယွင်းနေရင် ပြင်ဆင်လျှောက်ထားခွင့် မရတော့ဘူးလား။ နောက်အခွင့်အရေး ရနိုင်သေးလား**

ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ၆၉ ရပ်ကွက်တွင် နေထိုင်သူ ဝန်ထမ်းအမျိုးသမီးတစ်ဦးက "အုပ်ချုပ်ရေးမှူးက လာအကြောင်းမကြားဘူး။ အကြောင်းလာကြားတဲ့ ပါတီတစ်ခုကလည်း ကိုယ်မကြိုက်တဲ့ပါတီဖြစ်နေတယ်။ လာအကြောင်းကြားတဲ့ပါတီကို အဖေက ဒေါသထွက်ပြီး သွားကွာ ဘာမှသွားမကြည့်တော့ဘူးလို့ အော်တယ်။ လမ်းထဲမှာတော့ မိုက်နဲ့လိုက်အော်နေတာပဲလေ။ အစ်မဖြစ်စေချင်တာက ကိုယ့်လမ်းအလိုက် ဒါမှမဟုတ် အပိုင်းလိုက် ရာအိမ်မှူး ဆယ်အိမ်မှူးတွေက မဲစာရင်းကပ်ထားကြောင်း အကြောင်းကြားတာမျိုးဖြစ်စေချင်တယ်။ လမ်းထဲမှာပါ ကပ်ပေးထားရင် ပိုကောင်းမယ်၊ ပိုပြီးအဆင်ပြေမယ်။ ကပ်ထားတာတော့သိတယ်။ ဘယ်နေ့က ကပ်တယ်။ ဘယ်နေ့ကပ်ထားတာ ခွာမယ်ဆိုတာတော့ မသိဘူး"ဟု ပြောသည်။

ကျောက်တံတားမြို့နယ် အမှတ်(၂)ရပ်ကွက် တိုက်အမှတ် ၄၆ မဟာဗန္ဓုလပန်းခြံလမ်း အောက်ဘလောက်တွင် နေထိုင်သူ ဒေါ်ခင်ခင်(အမည်လွှဲ)တစ်ဦး ဇူလိုင်လ ၁ ရက်နေ့ ညနေပိုင်းက ကျောက်တံတားမြို့နယ် ရွေးကောက်ပွဲကော်မရှင်ရုံးခန်းသို့ သူ၏နာမည် မဲဆန္ဒရှင်စာရင်းတွင် ပါမပါသိရှိရန် ရောက်ရှိလာသည်။

ကျောက်တံတားမြို့နယ်တွင် မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၁၂ ရက်နေ့အထိကြေညာခဲ့သော အခြေခံမဲဆန္ဒရှင်စာရင်းကို ကော်မရှင်အဖွဲ့ခွဲရှိရာ အုပ်ချုပ်ရေးမှူးရုံးတွင် ကပ်၍ ကြေညာခဲ့သည်ကို သူမသိရှိခဲ့ပါ။ မိတ်ဆွေများက မဲစာရင်းမှားယွင်းမှုများအကြောင်း ပြောဆိုမှုများလာချိန်တွင် ဒေါ်ခင်ခင်သည် သူမဲပေးရန် ဆန္ဒရှိနေသည့် နိုင်ငံရေးပါတီအား ဆန္ဒမဲမပေးလိုက်ရမည်ကို စိတ်ပူလာသည်။ မဲစာရင်းတွင် နာမည်မပါရှိမည်ကို စိုးရိမ်လာသည်။

"မဲတွေက မပါဘူး။ မပါဘူးဆိုလို့ လာကြည့်တာ။ ကော်မရှင်ဥက္ကဋ္ဌကတော့ ညဘက်ရပ်ကွက်ရုံးမှာ သွားကြည့်ပါ။ မှတ်ပုံတင်နဲ့ အိမ်ထောင်စုစာရင်း မိတ္တူယူသွားပါ။ နာမည်မပါဘူးဆိုရင် တစ်ခါတည်းချက်ချင်းဖြည့်ပြီး တစ်ခါတည်း စာရင်းစာအုပ်မှာ ထည့်ခဲ့ပါ။ ပထမအကြိမ်တုန်းက ဧပြီလ ၃၀ ရက်နေ့မှာ ပြီးသွားပြီ။ ရပ်ကွက်ရုံးမှာ အစ်မသွားကြည့်ပါ။ ဩဂုတ်လမှာ ထပ်ကပ်မယ်။ သွားထပ်ကြည့်ပါ"ဟု ဒေါ်ခင်ခင်အား ကော်မရှင်ဥက္ကဋ္ဌက ဖြေကြားလိုက်သည်ကို ပြန်လည်ပြောပြသည်။

ယင်းသို့ အခြေခံမဲဆန္ဒရှင်စာရင်း ထုတ်ပြန်နေမှုကို မသိရှိခဲ့သူနှင့် မဲစာရင်းမကြည့်ရသေးသည့် ဒေါ်ခင်ခင်ကဲ့သို့သော မဲဆန္ဒရှင်များစွာလည်း ရှိနေဆဲပင်ဖြစ်သည်။

**မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခဲ့သည့် ကျောက်တံတားမြို့နယ် ရပ်ကွက်ကော်မရှင်ရုံးတွင် ကပ်ထားသည့် လက်ကမ်းစာစောင်တွင်** "မဲဆန္ဒရှင်တိုင်း မဲပေးသင့်သည်။ သင်၏အခွင့်အရေး မဆုံးရှုံးစေရန် အတွက် မဲစာရင်းကြည့်ကြပါ။ မဲပေးမည်ဆိုပါက သင့်အမည်မဲစာရင်းတွင် ပါရန်လိုသည်"ဟူ၍ လှုံ့ဆော်ထားလေသည်။

**ဟုတ်ကဲ့။ အထက်ဖော်ပြပါ ရေးသားချက်တွေအတိုင်းအခြေခံမဲဆန္ဒရှင်စာရင်းတွေမှာ အမှားအယွင်းတွေ ရှိနေပါတယ်။ ဘာကြောင့်လဲ၊ ဘာလုပ်သင့်လဲ၊ သွားပြင်ကြရဲ့လား။**

*ရွှေဖုံးမှ*

ယခုအခါ ထိုနေရာလေးကို သူသဘောမတွေ့ဖြစ်လာသည်ဟု ပြောပြပြီး "ကျွန်တော်တို့မိသားစုအတွက် ကရဝိက်ဥယျာဉ်ကမ္ဘာက အရင်လို မအေးချမ်းတော့ပါဘူး။ စီးပွားရေးဆန်တဲ့မြင်ကွင်းတွေ အလွန်များလာတယ်။ စားသောက်ဆိုင်တွေ ဆယ်စုနှစ်အတွင်းမှာ တိုးလာတယ်။ မိသားစုလိုက်အပန်းဖြေလိုသူတွေနဲ့ လူကြီးပိုင်းတွေအတွက်ရော ထည့်မစဉ်းစားတော့ဘူးလားလို့ မေးချင်တယ်။ ပျော်ပွဲရွှင်ပွဲနဲ့ ယမကာကြိုက်လူငယ်တွေအတွက် သီးသန့်ကမ္ဘာတော့ မဖြစ်သင့်ပါဘူး။ သိတဲ့အတိုင်း ရန်ကုန်မှာက ညဘက်အထိ အေးအေးလူလူ လုံလုံခြုံခြုံ အပန်းဖြေစရာ ပန်းခြံအများကြီးမရှိဘူး" ဟု ကိုမင်းဇော်က ဒန်းစီးဖို့ အလှည့်မကျနိုင်သေးသည့် သားငယ်က စိတ်မရှည်စွာ ပြုစူနေသည်ကို ချော့မြူရင်း ပြောသည်။

ကရဝိက်ဥယျာဉ်ကမ္ဘာအမည်ရ ၁၆ ဒသမ ၈၈ ဧက ကျယ်ဝန်းသည့် ပန်းခြံကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှတစ်ဆင့် ၂၀၀၂ ခုနှစ်တွင် ဇေကမ္ဘာကုမ္ပဏီ၏ လုပ်ငန်းခွဲတစ်ခုက လုပ်ပိုင်ခွင့်ရရှိခဲ့ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးများ ပြုလုပ်ကာ ပြည်သူအများနှင့်သက်ဆိုင်သည့် အပန်းဖြေနေရာတစ်ခုအဖြစ် လူတစ်ဦးလျှင် ငွေကျပ် ၃၀၀ ကို ဝင်ကြေးကောက်ခံကာ ဝန်ဆောင်မှုပေးလျက်ရှိသည်။

"ကန်တော်ကြီးကို စတင်အကောင်အထည်ဖော်ကတည်းက မိသားစုအပန်းဖြေအနားယူမယ့် ဧရိယာ၊ ပျော်ပွဲရွှင်ပွဲကျင်းပရာ၊ ကစားကွင်း၊ ကားပါကင်နဲ့ စားသောက်ဆိုင်ဧရိယာစသည်ဖြင့် ခွဲခြားသတ်မှတ်ထားပါတယ်။ လက်ရှိမှာ မူလသတ်မှတ်ထားတဲ့ ပန်းဥယျာဉ်ပိုင်မြေရဲ့ ၁၈ ရာခိုင်နှုန်းမှာပဲ စားသောက်ဆိုင်တွေကို ထားရှိတာ ဖြစ်ပါတယ်"ဟု ကန်တော်ကြီး ကရဝိက်ဥယျာဉ်ကမ္ဘာမှ မန်နေဂျာ ကိုမျိုးသက်နိုင်က ပြောသည်။

ကိုမျိုးသက်နိုင်၏ ဖြေကြားချက်အရ စားသောက်ဆိုင်ပေါင်း ၁၅ ဆိုင်ခန့်ရှိသည်ဟု သိရပြီး ကရဝိက်ဥယျာဉ်ကမ္ဘာလေးအတွင်း မျက်မြင်အားဖြင့် စားသောက်ဆိုင်အပါအဝင် အခြားဆိုင်ခန်းပေါင်း ၃၀ နီးပါးရှိနေသည်ကို မြင်တွေ့ရသည်။

ဆိုင်အများစုမှာ အစားအသောက်ရောင်းချပြီး ယမကာရောင်းချမှုကို ကန့်သတ်ထားသည်ဟု သိရှိရသော်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဆက်စပ်သည့် လူမှုရေးရာပညာရှင် ဒေါက်တာငုဝါနွယ်က "အရက်၊ ဘီယာ သောက်သုံးနေသူတွေကို ဆိုင်အများစုမှာ မြင်ရတယ်။ ကျွန်မအမြင် ပြောရရင် Public နဲ့ဆိုင်တဲ့ ပန်းခြံတစ်ခုမှာလိုအပ်တဲ့ စားသောက်ဆိုင်အရေအတွက်ထက် ပိုနေပါတယ်။ ဘီယာဆိုင်ဖွင့်ဖို့ ဘုရားကျောင်းကန်၊ စာသင်ကျောင်းနဲ့ဝေးရင် ဘယ်နားဖြစ်ဖြစ် ဖွင့်လို့ရပါတယ်။ ပန်းခြံတစ်ခုဟာ လိုအပ်တဲ့အရေအတွက်ကို ကျော်လွန်ပြီး စားသောက်ဆိုင်တန်းတွေရှိနေရင် ပုံမှန်လာရောက်မယ့် လူတန်းစားအားလုံးကို ကိုယ်စားမပြုနိုင်ပါဘူး။ စားသောက်ဆိုင်တွေအများစုက ကန်နဖူးဘေးတွေမှာ တည်ဆောက်ထားတယ်။ နိုင်ငံတကာမှာ အများပြည်သူနဲ့ဆိုင်တဲ့ ပန်းခြံတွေထဲမှာ စားသောက်ဆိုင်တွေ ဖွင့်ခွင့်မပေးဘဲ ပန်းခြံအပြင်စည်းရိုးမှာ ဆိုင်ခန်းတွေထားပေးတယ်။ ပန်းခြံထဲမှာတော့ snack ရောင်းချတာလောက်ကိုပဲ ခွင့်ပြုပါတယ်။ ဒီမှာတော့ ပန်းခြံရဲ့နေရာကောင်းအတော်များများမှာ စားသောက်ဆိုင်တွေ နေရာယူထားတာတွေ့ရတယ်" ဟု ပြောသည်။

ကန်တော်ကြီးစိမ်းလန်းစိုပြည်သာယာလှပရေးစီမံကိန်းကို ၂၀၀၂ ခုနှစ်တွင် စတင်ခဲ့ပြီး ထိုစီမံကိန်းအရ ကန်တော်ကြီးပတ်လမ်းတစ်လျှောက် Recreation Zone, Relexation Zone, Education Zone နှင့် Forestry Zone များကို ဖော်ထုတ်ရာတွင် Recreation Zone ကို ဇေကမ္ဘာကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခွင့်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီထံမှ လက်လွှဲရရှိလုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှတစ်ဆင့် ငှားရမ်းလုပ်ကိုင်ခွင့်ကို ရရှိထားသည်မှာ ၁၅ နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ လက်လွှဲလုပ်ကိုင်သူမှတစ်ဆင့် ဆိုင်ခန်းများ ပြန်လည်ငှားရမ်းသည့်နှုန်းထားမှာမူ စတင်လုပ်ကိုင်စဉ်နှင့် နှိုင်းယှဉ်ပါက ဆယ်ဆနီးပါးမြင့်တက်လာခဲ့ကြောင်း၊ ဆိုင်ခန်းများ၏ အကျယ်အဝန်းနှင့် နေရာအပေါ်လိုက်ကာ ဈေးနှုန်းများကွာခြားကြောင်း၊ ဆိုင်ခန်းငှားရမ်းခများမှာလည်း ဆိုင်အကျယ်အဝန်းနှင့်အမျိုးအစားအလိုက် တစ်လလျှင် ငွေကျပ်သိန်း ၉၀ ကျော်မှ သုံးပေဝန်းကျင်အကျယ်ရှိ ဆိုင်ငယ်များ မှာမူ ငွေကျပ်ငါးသောင်းအထိရှိနေကြောင်း ဆိုင်ခန်းငှားသူအချို့ထံမှ သိရသည်။

"ဥယျာဉ်အတွင်းက ဆောင်ရွက်ချက်တွေနဲ့ စားသောက်ဆိုင်ဖွင့်လှစ်ခွင့်တွေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာန၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ အင်ဂျင်နီယာနှင့် အဆောက်အအုံဌာနတွေရဲ့ အဆင့်ဆင့်ခွင့်ပြုမိန့်ရရှိမှသာ ဆောင်ရွက်တာဖြစ်ပါတယ်"ဟု ကိုမျိုးသက်နိုင်က ဖြေကြားပေးသည်။

ဆိုင်ခန်းဖွင့်လှစ်သူအချို့ထံမှ သိရှိရသည့် အချက်အလက်များအရ ကရဝိက်ဥယျာဉ်ကမ္ဘာအတွင်း တစ်လလျှင် ငွေကျပ်သိန်း ၅၀၀ ကျော်ကို ဆိုင်ခန်းငှားခအဖြစ် စည်ပင်သာယာမှ လက်လွှဲလုပ်ကိုင်ခွင့်ရရှိသူက ကောက်ခံပြီး ဆိုင်ခန်းတစ်ခန်းစီ၏ ပျမ်းမျှငှားခကို နှိုင်းယှဉ်မည်ဆိုပါက ငွေကျပ်သိန်း ၂၀ ဖြင့် ငှားထားသည့်ဆိုင်မှာ တစ်နေ့လျှင် ငွေကျပ် တစ်သိန်းကိုးသောင်းခန့်ကို ဆိုင်ခန်းခအဖြစ် ပေးအပ်နေခြင်းဖြစ်ကြောင်း သိရှိနိုင်သည်။

လက်ရှိတွင် ဆိုင်အများစုမှာ အရက်၊ ဘီယာများ ရောင်းချလျက်ရှိပြီး တစ်နေ့တာဝင်ငွေမှာ ပုံမှန်စားသောက်ဆိုင်တစ်ဆိုင်လျှင် ငွေကျပ်တစ်သိန်းမှ လေးသိန်းနှင့်အထက်ရှိကြောင်း စုံစမ်းသိရှိရသည်။

"သူငယ်ချင်းတွေနဲ့ အမြဲလာပါတယ်။ ဆိုင်ထိုင်ပြီး စားသောက်ကြတယ်။ ကန်တော်ကြီးမှာ လူငယ်အချင်းချင်း မူးယစ်ဆေးနဲ့ ဆေးခြောက်ရောင်းကြတာ ကြုံဖူးတယ်။ ကိုယ့်အဆက်အသွယ်နဲ့ကိုယ် ဝယ်ရတာ။ ဒီတိုင်းရောင်းတာ မဟုတ်ပါဘူး။ ညဘက်ဆို အေးချမ်းပြီး ပွဲတွေရှိရင်လည်း နောက်ကျတဲ့အထိ နေဖြစ်ကြတယ်။ အရက်၊ ဘီယာတွေ ဆိုင်တွေမှာရောင်းပေးနေတာပဲ။ (ရယ်လျက်) ငွေရှင်းရင်တော့ အခွန်တံဆိပ်ကပ်ပေးတာတော့ မရှိသေးပါဘူး" ဟု လာရောက်အပန်းဖြေသူ လူငယ်တစ်ဦးက ပြောသည်။

"ဧည့်သည်တွေရဲ့လိုအပ်ချက်နဲ့ တောင်းဆိုချက်အရ ကျွန်တော်တို့ဆိုင်တွေဖွင့်ပေးတာပါ။ အစကတည်းက Recreation Zone နဲ့လိုက်အောင် လိုအပ်ချက်တွေ ဖြည့်ဆည်းပေးနေတာပါ။ စားသောက်ဆိုင်အတွက် ထပ်မံငှားသူတွေရှိပေမယ့် ကနဦးသတ်မှတ်သလို ပန်းဥယျာဉ်မြေရဲ့ ၁၈ ရာခိုင်နှုန်းပေါ်မှာပဲ ဖွင့်လှစ်ခွင့်ပေးထားပါတယ်" ဟု တာဝန်ရှိသူက ဖြေကြားထားသည်။



ကန်တော်ကြီးသို့ အပန်းဖြေလာရောက်ကြသူများနှင့် အပန်းဖြေနေရာအနီးမှ စားသောက်ဆိုင်ခန်းများ။

ပန်းခြံမြေ၏ ၁၈ ရာခိုင်နှုန်းမှာ အကျယ်အဝန်း ၃ ဒသမ ၀၃၈၄ ဧကရှိမည်ဖြစ်သော်လည်း မျက်မြင်အားဖြင့် ဆိုင်ခန်းအရေအတွက်မှာ ရှိသင့်သည်ထက် များပြားနေသည်ကို တွေ့ရသည်။

ကရဝိက်ဥယျာဉ်ကမ္ဘာအုပ်ချုပ်ရေးအဖွဲ့က စားသောက်ဆိုင်များ သန့်ရှင်းကျန်းမာရေးနှင့် ပြည်သူများ အေးချမ်းစွာအပန်းဖြေနိုင်ရေး၊ သဘာဝရှုခင်းများကြည့်ရှုနိုင်ရေးအတွက် ရွှေတိဂုံစေတီတော်ကြီးနှင့် ကရဝိက်နန်းတော်တို့ကို ကြည့်ရှုနိုင်မည့်နေရာများတွင် မည်သည့်စားသောက်ဆိုင်ကိုမျှ မဖွင့်လှစ်ကြောင်း၊ ပန်းဥယျာဉ်အတွင်း လုပ်ဆောင်ချက်အားလုံးကို သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ကြောင်း၊ ရေဆိုးများထိန်းသိမ်းမှုနှင့် Pest Control လုပ်ငန်းစဉ်များကိုလည်း စည်ပင်နှင့်အတူ ဆောင်ရွက်နေကြောင်း ဖြေကြားသည်။

အခြားတစ်ဖက်တွင်မူ တစ်နေ့ ပျမ်းမျှလူဦးရေ ၃၀၀၀ ခန့် ဝင်ရောက်သည့် အများပြည်သူ အခမဲ့အပန်းဖြေရာနှင့် ကလေးများ ဆော့ကစားရာနေရာများ၌ ဝန်ဆောင်မှုအားနည်းလျက်ရှိသည်ကို တွေ့ရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ သတင်းထုတ်ပြန်ခဲ့မှုအရ ဇေကမ္ဘာလုပ်ငန်းစုသို့ လွှဲပြောင်းထားသည့် ကရဝိက်ဥယျာဉ်ကမ္ဘာမှအပ အခြားပန်းခြံဝင်ပေါက် ခုနစ်ပေါက်မှ ရရှိသည့် တစ်နှစ်ဝင်ငွေမှာ ငွေကျပ်သိန်း ၂၀၀၀ ခန့်ရှိကြောင်းသိရပြီး ကရဝိက်ဥယျာဉ်ကမ္ဘာသို့ လာရောက်သူဦးရေမှာ အခြားဝင်ပေါက်များထက် ပိုမိုများပြားကြောင်း စားသောက်ဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

"ကလေးတွေဆော့ကစားဖို့ လျှောတွေ၊ ဒန်းတွေ အလုံအလောက်မရှိသေးဘူး။ အမြဲတမ်းလိုလိုပဲ အလှည့်ကျဆော့ကစားဖို့ကို စောင့်မျှော်နေရတယ်။ ပန်းခြံရဲ့ အကျယ်အဝန်းနဲ့ နှိုင်းယှဉ်ရင် ထပ်ဖြည့်ပေးလို့ရပါတယ်။ ထိုင်ခုံတွေ အလုံအလောက်မရှိဘူး။ အနားယူချင်ရင် စားသောက်ဆိုင်တစ်ဆိုင်ဆိုင်မှာ သွားထိုင်ရပါတယ်"ဟု ကိုမင်းဇော်က ပြောသည်။

လုံခြုံစိတ်ချစွာ အပန်းဖြေနိုင်သည်ဟု ယူဆရသော အဆိုပါပန်းခြံအတွင်း မူးယစ်ရမ်းကားမှုများနှင့် မကြာခဏ ကျင်းပတတ်သည့် ပျော်ပွဲရွှင်ပွဲများ၏ ဆူညံမှုတို့မှာလည်း အများပြည်သူအေးချမ်းစွာအပန်းဖြေမှုကို ထိပါးရာရောက်နေကြောင်း လာရောက်သူအချို့ထံမှ သိရသည်။

*စာမျက်နှာ ၁၃ ကော်လံ ၁ သို့*

နေပြည်တော်(၁) ဖုန်း- 251277 251288
မင်္ဂလာ (၂) ဒဂုံစင်တာ(၂) မြေနီကုန်း ဖုန်း - ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂
မင်္ဂလာ စံပြ ဖုန်း - ၀၉၂၆၀၈၈၇၀၃၅ ၀၁ ၂၃၀၃၁၆၅ ၀၉ ၇၃၁၇၆၀၀၀
မင်္ဂလာဒိုင်းမွန်း နိုင်းမွန်းပလာဇာ(၅)လွှာ၊ မန္တလေး ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊ ၀၉၄၀၂၇၆၅၆၄၂
မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂
ရွှေဆောင်(၁) ၀၁-၂၅၂၁၁၃ ၀၁-၃၈၈၀၃၄
မင်္ဂလာဒိုင်းမွန်း နိုင်းမွန်းပလာဇာ(၅)လွှာ၊ မန္တလေး ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊ ၀၉၄၀၂၇၆၅၆၄၂
မင်္ဂလာ စံပြ ဖုန်း - ၀၉၂၆၀၈၈၇၀၃၅ ၀၉၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅
မင်္ဂလာဒိုင်းမွန်း နိုင်းမွန်းပလာဇာ(၅)လွှာ၊ မန္တလေး ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊ ၀၉၄၀၂၇၆၅၆၄၂



✳ *ကျောဖုံးမှ*

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေများနှင့်အညီ စိစစ်ကာ ခွင့်ပြုမိန့်များ ထုတ်ပေးခဲ့ပါသည်။

၃။ ဤသို့ ခွင့်ပြုမိန့်များထုတ်ပေးပြီးနောက် စီမံကိန်းများအကောင်အထည်ဖော်မှုကြောင့် ရွှေတိဂုံစေတီတော်ကြီးအား ထိခိုက်မှုရှိမည်ကို ရဟန်းရှင်လူပြည်သူအချို့ စိုးရိမ်ပူပန်လာခြင်း၊ ပညာရှင်အချို့က ပညာရပ်ပိုင်းဆိုင်ရာ သုံးသပ်ချက်များကို နိုင်ငံတော်သမ္မတထံ ပေးပို့အကြံပြုခြင်း၊ စိုးရိမ်ပူပန်သူအချို့က စီမံကိန်းရပ်ဆိုင်းပေးရန် နိုင်ငံတော်သမ္မတထံသို့ မေတ္တာရပ်ခံလာခြင်း စသည့်အခြေအနေများကြောင့်လည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကလည်း စီမံကိန်းအား ဆက်လက် ဆောင်ရွက်ရန်မသင့်ကြောင်း သုံးသပ်တင်ပြချက်အရလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနကလည်း စီမံကိန်းများရပ်ဆိုင်းပေးပါရန် တင်ပြချက်အရလည်းကောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ရွှေတိဂုံစေတီတော်အပါအဝင် သိင်္ဂုတ္တရကုန်းတော်ရှိ စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံများအား မည်သည့်အကြောင်းကြောင့်မျှ ထိခိုက်မှုမဖြစ်ပေါ်ရေး ဦးစားပေးဆောင်ရွက်ရန် လိုလားခြင်းကြောင့်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူများနှင့် ညှိနှိုင်းရာတွင် ၎င်းတို့ကလည်း လိုလားစွာ လက်ခံခြင်းကြောင့်လည်းကောင်း၊ နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်ရှိ ယခင်နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်နှင့် အမှတ်(၁)မော်တော်ယာဉ်တပ်ရင်းနေရာဟောင်းတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းအားလုံးကို ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှ စတင်၍ အပြီးသတ် ရပ်ဆိုင်းလိုက်သည်။

၄။ ဤသို့ စီမံကိန်းအား အပြီးသတ်ရပ်ဆိုင်းလိုက်ခြင်းကြောင့် စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လျက်ရှိကြသည့် ရင်းနှီးမြှုပ်နှံသူများ ထိခိုက်နစ်နာမှုမရှိစေရေးအတွက် နိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

**အမိန့်အရ**

**ဇော်သန်းသင်း**
**အတွင်းရေးမှူး**
**ပြည်ထောင်စုအစိုးရအဖွဲ့**

*စာမျက်နှာ ၁၂ မှ*

ကရဝိက်ဥယျာဉ်ကမ္ဘာအတွင်းမှ မျှော်စင်ကျွန်းမှာ ရန်ကုန်မြို့ရှိ ပျော်ပွဲရွှင်ပွဲများ ကျင်းပရာနေရာများတွင် အထင်ကရနေရာတစ်ခုဖြစ်ပြီး လစဉ်ပျော်ပွဲရွှင်ပွဲလေးပွဲမှ ပွင့်လင်းရာသီများတွင် ခုနစ်ပွဲအထိ ကျင်းပနေသည်ကို မြင်တွေ့ရသည်။ လူဝင်များသည့်အချို့ပွဲများတွင် လူဦးရေ ၁၅၀၀၀ အထိ ဝင်ရောက်ကြောင်း စုံစမ်းသိရှိရသည်။

"မျှော်စင်ကျွန်းမှာ ပွဲကြည့်စင်တွေက လူ ၁၀၀၀၀ လောက်ကြည့်လို့ရပါတယ်။ သစ်ပင်တွေ တစ်ပင်မှ မခုတ်ဘဲ ချမှတ်ထားတဲ့ စည်းကမ်းနဲ့အညီ ရင်းနှီးမြှုပ်နှံထားတာဖြစ်ပါတယ်။ ပုံမှန်တစ်လကို ပျမ်းမျှ လေးပွဲကျင်းပခွင့်ပေးပြီး ပွဲတိုင်းကိုလည်း တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်အတိုင်း လုပ်ဆောင်ပါတယ်"ဟု ကရဝိက်ဥယျာဉ်ကမ္ဘာ စီမံခန့်ခွဲသူများက ဖြေကြားသည်။

မိုးရာသီမှအပ ပွင့်လင်းရာသီများတွင် ပျော်ပွဲရွှင်ပွဲနှင့် ရှိုးပွဲများ၊ လက်ထပ်ပွဲများနှင့် ဈေးရောင်းပွဲများ ဆက်တိုက်နီးပါး ကျင်းပနေခြင်းကြောင့် ကန်တော်ကြီးပတ်လည်မှ ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်ကြီးများနှင့် ပတ်ဝန်းကျင်လူနေအိမ်များမှာ ဆူညံခြင်းများကို ခံစားနေရကြောင်း ချက်ထရီယန်ဟိုတယ်တွင် ပုံမှန်လာရောက်တည်းခိုသော ခရီးသွားအေးဂျင့်နှင့် ခရီးသွားလာမှုဆိုင်ရာလုပ်ငန်းလုပ်ကိုင်သူ အိန္ဒိယနိုင်ငံသား Mr. Imtiaz Shain ကဖြေကြားသည်။

Environmental Science and Technology မဂ္ဂဇင်းတွင် တစ်နေ့လျှင် အနည်းဆုံးငါးမိနစ်ခန့် အစိမ်းရောင်ပတ်ဝန်းကျင်တွင် နေထိုင်ရန်အချိန်ပေးသင့်ကြောင်း ဖော်ပြထားပြီး မွန်းကျပ်သည့် မြို့ပြလူတန်းစားများအတွက် ငါးမိနစ်ခန့်စီ ကိုယ်စိတ်နှစ်ပါးလုံး ကျန်းမာချမ်းသာစေရန်အတွက် အသုံးပြုသင့်ကြောင်း ဖော်ပြထားသည်။

ကလေးငယ်များအတွက် ပြေးလွှားဆော့ကစားကြရာ၊ ဆယ်ကျော်သက်များအတွက် စုပေါင်းပျော်ရွှင်ကြရာ၊ လူငယ်များအတွက် မိတ်ဆွေအချင်းချင်း နှီးနှောတိုင်ပင် အပန်းဖြေရာနှင့် လူကြီးမိဘများအတွက် ကျန်းမာရေး အထောက်အကူပြုရာနေရာများဖြစ်သော အများပြည်သူနှင့်ဆိုင်သည့် အပန်းဖြေရာနေရာများကို အားလုံး သုံးစွဲခွင့်ရရှိရန်လိုအပ်နေသေးကြောင်းနှင့် ပန်းဥယျာဉ်များကို ဖော်ထုတ်အဆင့်မြှင့်တင် အင်္ဂါးချထားရာတွင်လည်း အများပြည်သူသိရှိစေပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ ယခုထက်ပိုကာ ချပြလုပ်ဆောင်ရန် လိုအပ်နေသေးကြောင်း ဗဟန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုသင်းကလည်း ပြောကြားသည်။

"ကရဝိက်ဥယျာဉ်ကမ္ဘာမှာ ပထမဆုံး ရန်ကုန်သရီးဒီလမ်းရှိတယ်၊ ညနေတိုင်း အခမဲ့ Unplugged ရှိုးရှိတယ်၊ ကစားကွင်းလေးတွေ ရှိတယ်။ အဲဒါနဲ့အတူတူ စားသောက်ဆိုင်တွေ အများကြီးရှိတယ်။ မနေမနားလုပ်နေတဲ့ ဖျော်ဖြေရေးနဲ့ ပွဲတော်တွေလည်းရှိတယ်။ ရီဝေတဲ့မျက်လုံးတွေနဲ့ အမျိုးသမီး၊ အမျိုးသားတွေအများကြီးရှိပြီး ည ၁၁ နာရီကျော်တဲ့အထိ ဆက်ရောင်းချင်တဲ့ စားသောက်ဆိုင်အချို့လည်းရှိနေပါတယ်။ အားလုံးနဲ့ဆိုင်တဲ့ ကရဝိက်ဥယျာဉ်ကမ္ဘာဖြစ်လာဖို့ မျှော်လင့်တယ်"ဟု ကိုမင်းဇော်က ပြောကြားရင်း ည ၁၁ နာရီ အချိန်အထိ စည်ကားနေတတ်သော ကန်တော်ကြီးကရဝိက်ဥယျာဉ်ကမ္ဘာမှ သူတို့မိသားစု ထွက်ခွာသွားကြသည်။

"ပြောသာပြောရတယ်၊ မကောင်းပေမယ့်လည်း မိသားစုသွားစရာနေရာကနည်းနေတော့ နောက်ထပ်လာနေရဦးမှာပဲ" ဟု ကားမောင်းရင်းမှ လှမ်းအော်ပြောသည့်အသံက လူငယ်အများစုနေ့စဉ်နှင့်အမျှသွားရောက်ကြရာ ကရဝိက်ဥယျာဉ် ကမ္ဘာအတွင်း ပွဲတင်ထပ်ကာ ကျန်ရစ်ခဲ့သည်။

❐ *ကျောဖုံးမှ*

မှာကြားမှု ပြုလုပ်သည့် အခမ်းအနားတွင် ဒေါက်တာ ဒေါ်သီတာတင်က အထက်ပါအတိုင်း ပြောကြားခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနရှိ အပြီးရောင်းရုပ်ရှင်(Condition)ပါ ရုပ်ရှင်ရုံ ၉၃ ရုံရှိပြီး ရုပ်ရှင်ရုံလိုင်စင်ရယူထားသည့် ရုံမှာ ၂၅ ရုံရှိသည်။ အဆိုပါရုပ်ရှင်ရုံများကို ၁၉၉၅ ခုနှစ် စက်တင်ဘာ ၈ ရက်က သံတွဲရှိ သိန်းရုပ်ရှင်ရုံကို စတင်ရောင်းချခဲ့ပြီး နောက်ဆုံး ၂၀၁၃ ခုနှစ် စက်တင်ဘာလက ရန်ကုန်မြို့ ကြည့်မြင်တိုင်ရှိ သီတာရုပ်ရှင်ရုံကို နောက်ဆုံးပုဂ္ဂလိကသို့ အပြီးလွှဲပြောင်းရောင်းချခဲ့ကြောင်း သိရသည်။ လွှဲပြောင်းရောင်းချစဉ်ကသဘောတူစာချုပ်တွင် ဝယ်ယူသူသည် လက်ရှိမူလရုပ်ရှင်လုပ်ငန်းကို ဆက်လက်လုပ်ဆောင်ရမည် (သို့) မူလလုပ်ငန်းတိုးတက်စေရန် အခြားစီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရမည် စသည့်အချက်များပါသဖြင့် ယနေ့အချိန်တွင် မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က ပြန်လည်အကောင်အထည်ဖော် လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်မ ပြောချင်တာကတော့ လုပ်ငန်းရှင်တွေအနေနဲ့ မူလစာချုပ်ပါအတိုင်း ရုပ်ရှင်ရုံလုပ်ငန်းကို ပြန်လည်လုပ်ဆောင်ဖို့ မှာကြားလိုပါတယ်။ ဒီနေ့ကစပြီး နှစ်လအတွင်း လုပ်ငန်းရှင်တွေ ရည်ရွယ်စီမံထားမှု အခြေအနေကို နှစ်လအတွင်းတင်ပေးပါ။ တင်ပေးပြီး ကျွန်မတို့က သုံးသပ်လိုက်လံကြည့်ရှုပါမယ်။ ပြီးရင် လာမယ့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှာလုပ်ငန်းတွေကို စတင်အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။ ဒီလိုမှမဟုတ်ဘူးဆိုရင်တော့ မူလစာချုပ်ပါအတိုင်း တရားစွဲဆိုသွားမှာဖြစ်ပါတယ်"ဟု ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်က လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ယခုအခါ ပုဂ္ဂလိကလုပ်ငန်းရှင်များသည် ရုပ်ရှင်ရုံဟောင်းအဆောက်အအုံများနှင့် မြေနေရာများ ဝယ်ယူထားပြီး ဘဏ်လုပ်ငန်းများလုပ်ကိုင်နေသည်ကိုတွေ့ရသည်။ အပြီးရောင်းရုပ်ရှင်ရုံများအနက် ဘဏ်လုပ်ငန်းသို့ ပြောင်းလဲလုပ်ကိုင်နေသည့် ဘဏ်များမှာ သထုံကြယ်တာရာရုပ်ရှင်ရုံကို မြန်မာ့ရှေ့ဆောင်ဘဏ်အဖြစ်လည်းကောင်း၊ မြောင်းမြစံပြရုပ်ရှင်ရုံကို မြန်မာ့ရှေ့ဆောင်ဘဏ်အဖြစ်လည်းကောင်း၊ အောင်ပန်းငွေဗိမာန်ရုပ်ရှင်ရုံကို အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်အဖြစ် လည်းကောင်း၊ သီပေါစိန်မေတ္တာ ရုပ်ရှင်ရုံကို မြန်မာ့ရှေ့ဆောင်ဘဏ်အဖြစ် လည်းကောင်း၊ ကျိုင်းတုံခေမရဋ္ဌ ရုပ်ရှင်ရုံကို မြန်မာ့ရှေ့ဆောင်ဘဏ်အဖြစ် လည်းကောင်း ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည်။ တောင်ငူမြို့ရှိ ဆန်းသီရိနှင့် ကောလင်းမြို့ရှိ မြို့မရုပ်ရှင်ရုံတို့ကိုလည်း ရုပ်ရှင်ပြသမှု အခြေအနေမရှိဘဲ ဘဏ်လုပ်ငန်းများ လုပ်ကိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

"တချို့ရုပ်ရှင်ရုံ မြေနေရာအဆောက်အအုံတွေဆို အခုနောက်ပိုင်း ပိုင်ရှင်နှစ်ဦး ဖြစ်နေတာတွေ့ရတယ်။ ဘယ်လိုဖြစ်ဖြစ် စာချုပ်ပါအတိုင်း တစ်ဦးမဟုတ် တစ်ဦးက ဒီလုပ်ငန်းကို ပြန်လည်အကောင်အထည်ဖော်လုပ်ကိုင်ရမှာ ဖြစ်တယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုရင် စာချုပ်ထဲမှာပါတဲ့အတိုင်း ပြန်သိမ်းရမှာပါ"ဟု ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်က ပြောသည်။

နိုင်ငံတစ်ဝန်းရုပ်ရှင်ရုံနှင့်ရုပ်ရှင်ရုံမြေနေရာစုစုပေါင်း ၁၆၂ ရုံရှိရာ ယခုလက်ရှိ နှစ်ရှည်ငှားရမ်းထားသည့်ရုံမှာ ၂၇ ရုံ၊ ပုဂ္ဂလိကသို့ အပြီးရောင်းချထားသည့် ရုံမှာ ၉၃ ရုံ၊ လုပ်ငန်းပြောင်းခွင့်ရုပ်ရှင်ရုံ ၃၈ ရုံနှင့် အခြားမြေကွက်လပ်နေရာလေးနေရာကိုလည်း လုပ်ငန်းပြောင်းခွင့်အဖြစ် ခွင့်ပြုခဲ့ကြောင်းသိရသည်။


## ပိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၇) သူငယ်ချင်းများသို့ ဖိတ်ကြားလွှာ

နေပြည်တော်၌ နှစ်စဉ်ဝါဆိုသင်္ကန်းကပ် အခမ်းအနားနှင့် တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ် ပါသည်-

| | နေ့ရက်/အချိန် | နေရာ |
|---|---|---|
| ဝါဆိုသင်္ကန်းကပ် | ၁၁-၇-၂၀၁၅ရက် စနေနေ့ နံနက် ၉နာရီ | သပြေတောင်တောရမဟာစည်သာသနာ့ရိပ်သာ ပျဉ်းမနားမြို့ (ဥပ္ပါတသန္တိစေတီတော်ကြီးရှေ့) |
| တွေ့ဆုံညစာစားပွဲ | ၁၁-၇-၂၀၁၅ရက် စနေနေ့ ည ၇နာရီ | မန္တလေးယူနန်စားသောက်ဆိုင်၊ ရာဇဌာနီလမ်း၊ ဘောဂသီရိကားဝင်းအနီး |

အနယ်နယ်အရပ်ရပ်မှ သူငယ်ချင်းများဇနီး (မိသားစု)နှင့်အတူ တက်ရောက်နိုင်ပါရန်နှင့် ကျဆုံး/ကွယ်လွန် သူငယ်ချင်းများ၏ ဇနီး(မိသားစု) များလည်း တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်-**

| | | | |
|---|---|---|---|
| ဦးမျိုးလွင် | ဖုန်း-၀၉-၄၄၈၅၃၄၀၇၇ | ဗိုလ်မှူးအောင်ပိုင်ဦး | ဖုန်း-၀၉-၄၂၁၁၂၈၃၈၂ |
| ဦးစိန်လှိုင် | ဖုန်း-၀၉-၄၂၀၇၃၈၅၆၂ | ဗိုလ်မှူးဟန်ထွန်းအောင် | ဖုန်း-၀၉-၄၉၃၃၀၀၃၄ |
| ဦးသန်းမျိုးအောင် | ဖုန်း-၀၉-၉၇၄၃၀၉၃၈၅ | ဒုမှူးကြီးအောင်မင်းဦး | ဖုန်း-၀၉-၂၅၆၀၃၇၁၅၁ |
| ဦးအေးလွင် | ဖုန်း-၀၉-၉၇၄၅၄၁၉၄၄ | ဗိုလ်ကြီးမြင့်ထွန်းခိုင် | ဖုန်း-၀၉-၂၅၀၇၀၀၅၆၅ |

## ဖခင်အမည်မှန်

ပြည်မြို့၊ အမှတ် (၅) အထက ပထမတန်း(ဂ)မှ မောင်ကျော်ခိုင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးစိုးစိုးနိုင် ၉/ကပတ(နိုင်)၁၇၇၇၉၂ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ပြည်မြို့၊ အမှတ် (၅) အထက တက္ကသိုလ်ဝင်တန်း(ဈ)မှ မအိအိဖြိုး (ခ) မပြည့်ပြည့်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ထွေး ၇/ပမန(နိုင်)၁၃၃၆၂၃ ဖြစ်ပါသည်။

## ဖောင်းကြွပျောက်ဆုံးကြောင်း
## လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/8228 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

## မွေးနေ့ဆုတောင်း

**ဆရာ ဦးလှထွေး ညွှန်ကြားရေးမှူး (ငြိမ်း)**
**စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန**

၈-၇-၂၀၁၅ရက်တွင် ကျရောက်သော အသက် (၇၃)နှစ်ပြည့် မွေးနေ့မှသည် နောက်နှစ်ပေါင်းများစွာတိုင်အောင် ဘာသာ၊ သာသနာ၏ အကျိုးကို ကျန်းမာချမ်းသာစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**နေပြည်တော်မှ ချစ်တပည့်များ**
**တင်မောင်ဌေး၊ မြင့်ဟန်၊ ဆလိုင်း၊ မိုးကြီး၊ သင်းသင်း၊ မေနွယ်၊ ရီရီဝင်း**
**ကျော်ဇေယျ၊ ခင်ထွန်း၊ တင်မျိုးနိုင်**

## စက်မှုဇုန် ဂိုဒေါင်ငှားမည်

ဒဂုံအရှေ့စက်မှုဇုန်၊ ကနောင်မင်းသားကြီးလမ်းမပေါ်၊ မြေ ၂ဒသမ ၅ဧကေ၊ ဂိုဒေါင် နှစ်လုံး၊ ၈၀'×၁၈၀' နှင့် ၆၀' × ၁၂၀'၊ မီး ၅၀၀KVA၊ အဝီစိရေ ပေ ၄၀ မြင့် ကွန်ကရစ်ရေစင်ပါ၊ ဖုန်းပါ။

**ဖုန်း-၀၉-၅၁၅၁၁၁၆၊ ၀၉-၇၉၉၉၃၆၃၇၂**






# နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ ဂူပိမာန်စေတီတော်ပြုပြင်ရန် မြေတူးရာမှ ရှေးဟောင်းအုတ်ခွက်ဘုရားများတွေ့

**သထုံ ဇူလိုင် ၇**

သထုံမြို့ စတုဘုမ္မိကမဟာသတိပဋ္ဌာန် (ငှက်တွင်း) ကျောင်းတိုက်ဝင်းအတွင်း၌ ငှက်တွင်းဂိုဏ်း စတင်တည်ထောင်တော်မူခဲ့သော ရွှေမင်းဝံဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ထားရှိပူဇော်ထားသည့် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိသော ဂူပိမာန်စေတီတော် **(အပေါ်ပုံ)** ကို ပြန်လည်မွမ်းမံရန် မြေတူးဖော်စဉ် မုဒြာပုံစံအမျိုးမျိုးတို့ဖြင့် ရှေးဟောင်းအုတ်ခွက်ဘုရား ၂၀၀ နီးပါးခန့်တွေ့ရှိခဲ့ရာ အဆိုပါကျောင်းတိုက်အတွင်း ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

"ပုဂံခေတ်မတိုင်မီ အေဒီ ၅ ရာစုမှ ၁၁ ရာစုအကြားလို့ ခန့်မှန်းရတဲ့မုဒြာပုံအမျိုးမျိုးနဲ့ ရုပ်လုံးပေါ်တဲ့အုတ်ခွက် ၉၃ ဆူနဲ့ အပိုင်းအစ ၈၃ ခုကို တွေ့တာပါ။ ဇွန် ၁၅ ရက်က စတွေ့ပြီးတော့ ဒီနေ့အထိ ဆက်လက်တူးဖော်နေပါတယ်"ဟု စတုဘုမ္မိကမဟာသတိပဋ္ဌာန် (ငှက်တွင်း) ကျောင်းဆရာတော် အရှင်တိက္ခဉာဏက မိန့်ကြားသည်။

အဆိုပါ ရှေးဟောင်းအုတ်ခွက် ဘုရားများကို မွန်ပြည်နယ် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုးနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုခဲ့ပြီး သမိုင်းအထောက်အထားများသိရှိစေရန် ဝိုင်းဝန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"ဒီကအုတ်ခွက်အချို့ရဲ့ အခြေမှာပါတဲ့ စာတွေရဲ့ ပုံသဏ္ဌာန်က ဖတ်ရခက်ပါတယ်။ ကျွမ်းကျင်ပညာရှင်တွေကို ပြသပြီး အကူအညီတောင်းမှာပါ"ဟု ပြည်နယ်ဝန်ကြီးက ဆိုသည်။

ယခုတွေ့ရှိခဲ့သော အုတ်ခွက်ဘုရားများကို ဆရာတော်ကြီး၏ ဂူပိမာန်စေတီတွင် ပြတိုက်အဖြစ် ထားရှိကာ ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ရာ မပျက်မစီးဖြင့် ရေရှည်ထိန်းသိမ်းနိုင်မည့် နည်းပညာများနှင့် ယခုအုတ်ခွက်ဘုရားများ၏ သမိုင်းသက်တမ်းလက်ရာများကို သိရှိနိုင်ရန် ကျွမ်းကျင်ပညာရှင်များ၏ အကူအညီများကို လိုအပ်လျက်ရှိကြောင်း ဆရာတော်က ဆက်လက်မိန့်ကြားခဲ့သည်။

**သက်ဦး(သထုံ)**

# ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုများတွင် အများပြည်သူ ကြည့်ရှုနားဆင်ရန် မသင့်သည်များပါဝင်ပါက တိုင်ကြားနိုင်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဆက်စပ်ရုပ်သံလိုင်းများ၊ မြန်မာ့အသံနှင့် FM များ လိုက်နာရမည့် လုပ်ငန်းဆိုင်ရာကျင့်ဝတ်များ ( Code of Ethics)ကို ပြန်ကြားရေးဝန်ကြီးဌာန၏ Website www.moi.gov.mm၊ http:// www.moi.gov.mm/?q= news / 2/07/2015 / id-7258 တွင် လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV FB Page ( https://www.facebook.com / mrtvwebmediaportal) နှင့် MRTV Website ဖြစ်သော www.mrtv.gov.mm,www.mrtv.gov.mm/zg တွင်လည်းကောင်း (၂-၇-၂၀၁၅) ရက်နေ့မှစ၍ ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါသည်။

ပြည်သူများအနေဖြင့် မြန်မာ့ရုပ်မြင်သံကြား Forever Group Co., Ltd. နှင့် SKY Net မှထုတ်လွှင့်သည့် ရုပ်မြင်သံကြားအစီအစဉ်များ၊ မြန်မာ့အသံ၊ ချယ်ရီ FM ၊ ရွှေ FM ၊ ပတ္တမြား FM ၊ FM ပုဂံ၊ ပဥ္စဝတီ FM၊ မန္တလေး FM အစီအစဉ်များတွင် အများပြည်သူကြည့်ရှုနားဆင်ရန် မသင့်သောပြကွက်များ၊ ပြောကြားချက်များ၊ အသုံးအနှုန်းများ ပါဝင်ကြောင်းတွေ့ရှိပါက ဖော်ပြပါလိပ်စာများသို့ တိုင်ကြားနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်-

| | | | |
|---|---|---|---|
| ၁။ | ဒုတိယအမြဲတမ်းအတွင်းဝန် | - | ၀၆၇- ၄၁၂၃၂၃ (ဖုန်း) |
| | ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး | - | ၀၆၇- ၄၁၂၀၁၇(ဖက်စ်) |
| | | | e-mail- moi.mpt.adm@gmail .com |
| ၂။ | ညွှန်ကြားရေးမှူးချုပ် | - | ၀၆၇- ၇၉၄၅၆(ဖုန်း) |
| | မြန်မာ့အသံနှင့် ရုပ်မြင်သံကြား | - | ၀၆၇- ၇၉၄၇၃ (ဖက်စ်) |
| ၃။ | ညွှန်ကြားရေးမှူး (အသံလွှင့်) | - | ၀၆၇- ၇၉၂၁၂(ဖုန်း) |
| | မြန်မာ့အသံနှင့် ရုပ်မြင်သံကြား | - | ၀၆၇- ၇၉၂၀၅(ဖက်စ်) |
| | | | e-mail-zeyar.mrtv 3 @ gmail .com |

**ပြန်ကြားရေးဝန်ကြီးဌာန**



ရွှေမင်းဝံဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ထားရှိပူဇော်ထားသည့် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိသော ဂူပိမာန်စေတီတော်အား ပြန်လည်မွမ်းမံရန် မြေတူးဖော်စဉ် တွေ့ရှိရသည့် မုဒြာပုံစံအမျိုးမျိုးတို့ဖြင့် ရှေးဟောင်းအုတ်ခွက်ဘုရားများ။

ဓာတ်ပုံ-သက်ဦး(သထုံ)

# သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာအုပ်စု အင်းမကြီးလုပ်ကွက်တွင် ရွှေတူးဖော်နေသည့်ကုမ္ပဏီဝင်းအတွင်း လူအုပ်စုဖြင့် ဝင်ရောက်မီးရှို့ဖျက်ဆီး

**မန္တလေး ဇူလိုင် ၇**

သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာအုပ်စု အင်းမကြီးလုပ်ကွက် လုပ်ကွက်အမှတ် TPK-201 တွင် ရွှေတူးဖော်ရေးလုပ်ကိုင်လျက်ရှိသည့် မြန်မာစည်သူကုမ္ပဏီသည် အလုပ်သမားအင်အား အမျိုးသား ၅၄ ဦး၊ အမျိုးသမီးခြောက်ဦး ပေါင်း ၆၀ ဖြင့် လုပ်ကိုင်လျက်ရှိရာ လွန်ခဲ့သော ဇွန်လလလယ်ပိုင်းခန့်တွင် အဆိုပါလုပ်ကွက်အတွင်း ရွှေပါဝင်မှုများသော ဖြုန်းချောတွေ့ရှိကြောင်း သတင်းများထွက်ပေါ်ခဲ့ပြီး လွန်ခဲ့သောရက်များအတွင်း ပတ်ဝန်းကျင်မှ လူ ၅၀ ခန့်သည် ကုမ္ပဏီအလုပ်သမားများကို ခြောက်လှန့်မောင်းထုတ်၍ လုပ်ကွက်အတွင်း ဝင်ရောက်ပြီး ဖြုန်းများတူးယူခဲ့ကြောင်း သိရသည်။

ထိုသူများမှာ ဆက်ရှိနေသဖြင့် ကုမ္ပဏီမှ အလုပ်သမားများနှင့် တင်းမာမှုရှိနေခဲ့ရာ တာဝန်ရှိသူများက အခြေအနေလေ့လာရန်နှင့် ကွင်းဆင်းစစ်ဆေးရန် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ အထက်ပါရွှေလုပ်ကွက်ရှိရာသို့ ဇူလိုင် ၆ ရက်က သွားရောက်ခဲ့သည်။ ထိုသို့ရောက်ရှိစဉ် လူ ၆၀ ခန့်က တာဝန်ရှိသူများအား အော်ဟစ်ဆူပူပြောဆိုလှောင်ပြောင်မှုများပြုခဲ့ရာ တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးရန် ကြိုးစားသော်လည်း လက်မခံဘဲ မွန်းလွဲ ၁ နာရီခန့်တွင် အင်အားပိုမိုများပြားလာပြီး တာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့ဝင်များအား လေးခွ၊ ခဲ၊ ဂျင်ကလိ၊ ယမ်းထုပ်၊ ပုလင်းဗုံးများဖြင့် ပစ်ခတ်ပြီး ကုမ္ပဏီလုပ်ကွက်အတွင်း ဝင်ရောက်ခဲ့ရာ ကုမ္ပဏီအလုပ်သမားများကလည်း ကာကွယ်သည့်အနေဖြင့် ခဲများဖြင့် ပြန်လည်ခုခံပစ်ခတ်ခဲ့သည်။

ထို့နောက် လူအုပ်စုသည် ပိုမိုအတင့်ရဲလာပြီး လုပ်ကွက်အတွင်းဝင်ရောက်၍ ဆိုင်ကယ်များ၊ ကားများနှင့် အဆောက်အအုံများကို မီးရှို့ပြီး နာရီဝက်ခန့်အကြာတွင် ပြန်လည်ထွက်ခွာသွားကြသည်။

ဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင် ၁၂ ဦး၊ ကုမ္ပဏီဝန်ထမ်း သုံးဦး၊ ရေထွက်ရွာသား ခုနစ်ဦးတို့တွင် (မစိုးရိမ်ရ) ထိခိုက်ဒဏ်ရာရရှိပြီး ကုမ္ပဏီပိုင်အဆောက်အအုံ လေးလုံး၊ မော်တော်ယာဉ် လေးစီး၊ ဆိုင်ကယ် ၁၉ စီး ပျက်စီးခဲ့ကြောင်း သိရသည်။

ဆုံးရှုံးမှုနှင့်တန်ဖိုးကို အသေးစိတ် ထပ်မံစိစစ်လျက်ရှိပြီး ယခုအခါ အခြေအနေမှာ တည်ငြိမ်အေးချမ်းလျက်ရှိကြောင်း သိရသည်။

**တင်မောင်၊ အောင်သူရ (မန်းကိုယ်ပွား)**


**ဖခင်အမည်မှန်**

ရွှေဘိုမြို့၊ အထက(၁)၊ သတ္တမတန်း(B) မှ မောင်မြတ်မင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ထွေး ၅/ရဘန(နိုင်) ၀၁၉၃၉၉ ဖြစ်ပါသည်။

**ဦးအောင်ကျော်ထွေး**

**ဖခင်အမည်မှန်**

ရွှေဘိုမြို့၊ အထက(၂)၊ သတ္တမတန်း(B) မှ မောင်သန့်ဇော်၏ ဖခင်အမည်မှန်မှာ ဦးတင်သင်း၅/ရဘန(နိုင်)၀၇၃၄၁၅ ဖြစ်ပါသည်။

**ဦးတင်သင်း**

**အောင်ပြည့်စုံ**
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။
09-5232770
09-5134770

**7Stars (ရာထူးဝင်သင်တန်းကြီး)**
**လ/ထ ဆရာဝန်**
ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများအတွက် လစ်လပ်ရာထူးနေရာ - ( ၄၉၈ )နေရာ
တိုက်(18 / 3B) ၊ သပြေညိုကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ကျောင်းခွဲ (လုံးဝ) မရှိပါ ။
09.421052736, 09.49282366, 09.799860155

**အမည်ပြောင်း**
ရွှေဘိုမြို့၊ အမှတ်(၆)ရပ်ကွက်နေ ဦးချစ်ပေါ် ၅/ရဘန(နိုင်)၀၀၅၀၆၁-ဒေါ်ခင်မာ ၅/ရဘန(နိုင်)၀၀၅၀၆၀ တို့၏သမီး မဝါဝါရွှေရီမြင့်အား ယနေ့မှစ၍ မပိုင်းနန္ဒာချစ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မပိုင်းနန္ဒာချစ်**




**ဂိုဒေါင်ဆောက်ရန် တင်ဒါအမြန်ခေါ်ယူလိုခြင်း**

လှိုင်သာယာ ရွှေလင်ပန်းစက်မှုဇုန် အလျား ၇၄' အနံ ၁၃၃' ရှိသော တစ်ထပ်ဂိုဒေါင် ဆောက်လုပ်မည်ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၄၃၁၇၃၄၈၈**




ဝါဆိုသင်္ကန်းများကိုဝယ်ယူလှူဒါန်းနိုင်ကြပါစေ။
စိတ်တိုင်းကျ ဆိုဒ်နှင့်ရောင်းချလိုသော သင်္ကန်းဆိုင်များကို လက်ကားဈေးနှင့် ရောင်းပေးပါသည်။
**သုခချမ်းသာသင်္ကန်းတိုက်**
☎:01-512443,09-73017656,09-5055574,09-799933315

**အမည်ပြောင်း**
ပုတာအိုမြို့၊ ပုတာအိုမြို့နယ်၊ မာမူးလဲ့ကျေးရွာနေ ဦးယိုရဲ့ဘို-ဒေါ်ဆာယိုဒူး တို့၏သား မောင်ဂျေဘော်တီ ၁/ပတအ(နိုင်)၀၅၄၆၀၅အား မောင်ဂျေဘိုတီလီဆူ ဟုပြောင်းလဲခေါ်ဆိုပါ။


**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့်စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၈-၇-၂၀၁၅ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၁၀-၇-၂၀၁၅ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

**စက်မှုဝန်ကြီးဌာန**
**အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း**
**မီးခံအုတ်စက်ရုံခွဲ (စော်ဘွားကြီးကုန်း)အားနှစ်ရှည်ငှားရမ်းရန်**
**အဆိုပြုလွှာတင်သွင်းရမည့်ရက်အား ထပ်မံတိုးမြှင့်ကြောင်းကြေညာခြင်း**

၁။ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ မီးခံအုတ်စက်ရုံခွဲ (စော်ဘွားကြီးကုန်း)အား ပုဂ္ဂလိကသို့နှစ်ရှည် ငှားရမ်းရန်အတွက် ၁၈-၆-၂၀၁၅ ရက်တွင် မြန်မာ့အလင်းသတင်းစာမှ ကြော်ငြာ၍ တင်ဒါခေါ်ယူခဲ့ပါသည်။

၂။ အဆိုပါခေါ်ယူခဲ့သည့် မီးခံအုတ်စက်ရုံခွဲ (စော်ဘွားကြီးကုန်း)၏ အဆိုပြုလွှာတင်သွင်းရမည့်ရက်ကို မူလသတ်မှတ်ထားသည့် ၃-၇-၂၀၁၅ ရက် ညနေ ၁၅:၀၀ နာရီအစား ၁၇-၇-၂၀၁၅ ရက် ညနေ ၁၅:၀၀ နာရီသို့ ထပ်မံတိုးမြှင့်ကြောင်း ကြေညာအပ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၂၀၈၊ ၀၆၇-၄၀၈၁၆၀၊ Fax-၀၆၇-၄၀၈၀၆၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# အခြေခံပညာရေးဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**အခြေခံပညာရေးဥပဒေကြမ်း**
**(၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ....)**
**၁၃၇၇ ခုနှစ်၊ .... လ၊ .... ရက်**
**(၂၀၁၅ ခုနှစ်၊ .... လ၊ .... ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

### အခန်း (၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အခြေခံပညာရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အစိုးရအဖွဲ့က တာဝန်ပေးအပ်သော ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဦးစီးဌာန** ဆိုသည်မှာ ပညာရေးလုပ်ငန်းများကို တာဝန်ခံဆောင်ရွက်ရန် ဝန်ကြီးဌာနကတာဝန်ပေးအပ်သော ဦးစီးဌာနကိုဆိုသည်။

(င) **ရုံး** ဆိုသည်မှာ မြို့နယ်ပညာရေးမှူးရုံး၊ ခရိုင်ပညာရေးမှူးရုံးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံးကို ဆိုသည်။

(စ) **ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အသီးသီးကို ဆိုသည်။

(ဆ) **ပညာရေး** ဆိုသည်မှာ လူတို့၏အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားအယူအဆအမြင်တို့ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဆောင်ရွက်ပေးသည့်ဖြစ်စဉ်ကို ဆိုသည်။

(ဇ) **အခြေခံပညာရေး** ဆိုသည်မှာ နိုင်ငံသားတိုင်းတတ်မြောက်ရန် သတ်မှတ်ထားသော ပညာအခြေခံကို သင်ယူတတ်မြောက်စေရန်နှင့် နည်းပညာနှင့် သက်မွေးပညာရပ်တစ်ခုခုကိုဖြစ်စေ၊ အဆင့်မြင့်ပညာကိုဖြစ်စေ ဆက်လက်သင်ယူနိုင်စေရန် သင်ကြား လေ့ကျင့်ပေးသည့် ပညာရေးကိုဆိုသည်။

(ဈ) **ဆရာအတတ်ပညာရေး** ဆိုသည်မှာ ဆရာအတတ်ပညာဖြင့် လုပ်ငန်းခွင် စတင်ဝင်ရောက်မည့်သူများနှင့် လုပ်ငန်းခွင်ရောက်ရှိနေသူများက သင်ယူသူများ၏ သင်ယူမှုတိုးတက်ရေးကို ဆောင်ရွက်နိုင်စေရန် လိုအပ်သော အသိပညာ၊ အတတ်ပညာကျွမ်းကျင်မှု၊ စိတ်နေသဘောထားနှင့် အတွေ့အကြုံများရရှိစေသည့် ပညာရေးကိုဆိုသည်။

(ည) **ကျောင်းသား** ဆိုသည်မှာ အခြေခံပညာအဆင့်တွင် သတ်မှတ်ထားသော အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားအယူအဆအမြင်များကို ပညာသင်ကြားသင်ယူမှုနည်းစနစ်များနှင့်အညီ လေ့လာဆည်းပူး သင်ယူသူအားလုံးကိုဆိုသည်။

(ဋ) **ဆရာ** ဆိုသည်မှာ အခြေခံပညာအဆင့်တစ်ခုခုတွင် သင်ယူသူများ၏ အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားအယူအဆအမြင်များ ဖွံ့ဖြိုးတိုးတက်စေရန် စီစဉ်ပံ့ပိုးပေးခြင်း၊ သင်ကြားပို့ချပေးခြင်း တာဝန်များကို ထမ်းဆောင်သည့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူကို ဆိုသည်။

(ဌ) **ကျောင်းပညာရေး** ဆိုသည်မှာ အခြေခံပညာအဆင့်တွင် သင်ယူသူ၏ အသက်အရွယ်၊ သင်ယူရမည့် အချိန်ကာလ၊ နေရာ၊ အတန်း၊ ပညာရည်စစ်ဆေးတိုင်းတာမှုစနစ်နှင့် တိကျသောသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားပေးသော ကျောင်းအခြေပြုမူကြိုပညာရေး၊ သူငယ်တန်း ပညာရေး၊ မူလတန်းပညာရေး၊ အလယ်တန်းပညာရေး၊ အထက်တန်း ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာ ရေးဆိုင်ရာအခြေခံတို့အကျုံးဝင်သည့် ပညာရေးကို ဆိုသည်။

(ဍ) **ကျောင်းပြင်ပပညာရေး** ဆိုသည်မှာ သင်ရိုးညွှန်းတမ်းများကိုအခြေခံ၍ သင်ယူလိုသူများ ပညာရည်မြင့်မားလာစေရန် ကျောင်းပညာရေး စနစ်ပြင်ပတွင် ပြင်ဆင်ပြောင်းလဲနိုင်သော နည်းလမ်းများဖြင့် စည်းရုံးသင်ကြားပေးသည့်ပညာရေးကို ဆိုသည်။

(ဎ) **တန်းညှိပညာရေးအစီအစဉ်** ဆိုသည်မှာ ကျောင်းပြင်ပပညာရေးအစီအစဉ်အရသင်ယူရရှိသည့် ပညာအဆင့်အတန်းကို ကျောင်းပညာရေးအဆင့်အတန်းများနှင့် အရည်အချင်းညှိနှိုင်းသတ်မှတ်ပေးသောအစီအစဉ်ကို ဆိုသည်။

(ဏ) **မူကြိုပညာရေး** ဆိုသည်မှာ အသက်သုံးနှစ်မှ ငါးနှစ်အရွယ်ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံပညာ ဆက်လက်သင်ယူနိုင်ရေးတို့အတွက် ပြုစုပျိုးထောင်ပေးသော ပညာရေးကိုဆိုသည်။

(တ) **သူငယ်တန်းပညာရေး** ဆိုသည်မှာ ပထမတန်းသို့ ကူးပြောင်းမှုလွယ်ကူစေရန် အသက်ငါးနှစ်ပြည့်ပြီးကလေးများအတွက် ဘက်စုံဖွံ့ဖြိုးမှုနှင့် သင့်လျော်သောနည်းလမ်းများကိုအသုံးပြုပြီး ပြုစုပျိုးထောင်ပေးသည့် ပညာရေးကိုဆိုသည်။

(ထ) **အခမဲ့မသင်မနေရပညာရေး** ဆိုသည်မှာ နိုင်ငံတော်က အခမဲ့ မသင်မနေရပညာရေးဟု သတ်မှတ်သည့် ပညာရေးအဆင့်ကို ကျောင်းနေအရွယ်ကလေးတိုင်း သင်ယူပြီးမြောက်ရေးအတွက် အစိုးရအဖွဲ့နှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်တို့က သတ်မှတ်ချက်နှင့်အညီ အပြည့်အဝထောက်ပံ့ကူညီမှုပေးထားသည့် ပညာရေးကို ဆိုသည်။

(ဒ) **ပညာရေးအထူးဝန်ဆောင်မှု** ဆိုသည်မှာ နယ်မြေအေးချမ်းမှုမရှိသော၊ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးသော၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများနှင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသော ဒေသများ အတွက် အရေးပေါ်ယာယီကျောင်းများ ဖွင့်လှစ်သင်ကြားပေးခြင်းကို ဆိုသည်။

(ဓ) **ရပ်ရွာအခြေပြုပညာရေး** ဆိုသည်မှာ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာရှိ ပြည်သူများကို ပညာရေးဖြင့် လူနေမှုအဆင့်အတန်း တိုးတက်စေရန်နှင့် အသိဉာဏ်ပညာမြင့်မားစေရန် ယင်းတို့၏ဆန္ဒအပေါ်တွင် အခြေခံ၍ သင်ကြားပေးသည့်ပညာရေးကို ဆိုသည်။

(န) **ရပ်ရွာပညာပဒေသာဌာန** ဆိုသည်မှာ ကျောင်းပညာရေးဖြင့်ဖြစ်စေ၊ ကျောင်းပြင်ပပညာရေးဖြင့်ဖြစ်စေ ဒေသခံပြည်သူများကိုယ်တိုင် စီမံအုပ်ချုပ်ဆောင်ရွက်သည့် ပညာသင်ဌာနဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးနှင့် အိမ်ထောင်စုအခြေပြုသင်ယူခြင်းအတွက် ရင်းမြစ်ဌာနအဖြစ်လည်းကောင်း၊ ဒေသအလိုက်အစဉ်သင်ယူနေသည့် လူ့အဖွဲ့အစည်းငယ်များ ဖြစ်ထွန်းလာစေရန်နှင့် သတင်းအချက်အလက်များ ဖြန့်ဖြူးရန်ဌာနအဖြစ်လည်းကောင်း တာဝန်ယူအကောင်အထည်ဖော်ရသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာဌာနတစ်ခုကို ဆိုသည်။

(ပ) **လူတိုင်းအကျုံးဝင်ပညာရေး** ဆိုသည်မှာ မသန်စွမ်းသူများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပပညာရေးတစ်ခုခုတွင် ပညာသင်ယူဆည်းပူးခွင့်ရှိစေရန် အခွင့်အလမ်းဖန်တီးပေးသည့် အစီအစဉ်ကို ဆိုသည်။

(ဖ) **အရည်အသွေးအာမခံမှု** ဆိုသည်မှာ ကျောင်းနှင့် ထိုကျောင်းရှိ သင်ကြားသင်ယူမှု အစီအစဉ်များသည် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီက ချမှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုအခြေအနေကို အမြဲမပြတ်စိစစ်အကဲဖြတ်ခြင်းဖြင့် အရည်အသွေးအဆင့် သတ်မှတ်ခြင်းနှင့် အာမခံချက်ပေးခြင်းကို ဆိုသည်။

(ဗ) **အတွင်းအရည်အသွေးအာမခံမှု** ဆိုသည်မှာ အရည်အသွေး အာမခံခြင်းလုပ်ငန်းကို ပညာပေးဌာနအတွင်းရှိ ကျွမ်းကျင်သူ ဝန်ထမ်းများဖြင့် ဆောင်ရွက်ပြီး အရည်အသွေးအာမခံခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ခြင်းကို ဆိုသည်။

(ဘ) **ပြင်ပအရည်အသွေးအာမခံမှု** ဆိုသည်မှာ အရည်အသွေးအာမခံခြင်း လုပ်ငန်းကို ပညာပေးဌာနပြင်ပရှိ ကျွမ်းကျင်သူများဖြင့် ဆောင် ရွက်ပြီး အရည်အသွေးအာမခံခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ် ခြင်းကို ဆိုသည်။

(မ) **သင်ရိုးညွှန်းတမ်း** ဆိုသည်မှာ ပညာရေးရည်မှန်းချက်များ အောင်မြင်စေရန်ရည်ရွယ်၍ သင်ယူမှုရလဒ်များ၊ သင်ရိုးဝင်အကြောင်းအရာများ၊ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် တတ်မြောက်မှုစစ်ဆေးခြင်းတို့အပါအဝင် ကျောင်းတွင်းနှင့် ကျောင်းပြင်တို့၌ လေ့လာသင်ယူရမည့်ပညာရပ်နယ်ပယ်အလိုက် စနစ်တကျရေးဆွဲသတ်မှတ်ထားသောအစီအစဉ်များကို ဆိုသည်။

(ယ) **သင်ရိုးညွှန်းတမ်းအညွှန်းဘောင်** ဆိုသည်မှာ သင်ရိုးညွှန်းတမ်းဆိုင်ရာ သင်ယူမှုနယ်ပယ်များ ရွေးချယ်ရသည့် နောက်ခံအကြောင်းရင်းများ၊ သင်ယူမှုနယ်ပယ်များဆိုင်ရာရည်မှန်းချက်နှင့် သင်ယူမှုရလဒ်များ၊ သင်ရိုးဝင်အကြောင်းအရာများ၊ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် တတ်မြောက်မှုစစ်ဆေးနည်းများကို ပြည့်စုံစွာရေးသားထားသောမူဘောင်ကို ဆိုသည်။

(ရ) **ကျောင်းသားဗဟိုပြုချဉ်းကပ်နည်း** ဆိုသည်မှာ သင်ယူသူများကိုယ်တိုင် သင်ယူမှုဖြစ်ထွန်းစေရန် ဆရာများက ထိရောက်သောနည်းလမ်းများကိုအသုံးပြု၍ အပြုသဘောဆောင်သော ဆရာကျောင်းသား ဆက်ဆံရေးဖြင့် ပံ့ပိုးဖော်ဆောင်ပေးသော သင်ကြား၊ သင်ယူမှု ဖြစ်စဉ်ကို ဆိုသည်။

(လ) **အခြေခံပညာကျောင်း** ဆိုသည်မှာ အခြေခံပညာရေးစနစ်၏ အဆင့်တိုင်းအတွက် အတည်ပြုပြဋ္ဌာန်းထားသော အမျိုးသားပညာရေး သင်ရိုးညွှန်းတမ်းစံများနှင့်အညီ ပညာသင်ကြားပေးသော ကျောင်းကို ဆိုသည်။

(ဝ) **အစိုးရကျောင်း** ဆိုသည်မှာ အခြေခံပညာရေးစနစ်၏ အဆင့်တိုင်းအတွက် အတည်ပြုပြဋ္ဌာန်းထားသော အမျိုးသားပညာရေး သင်ရိုးညွှန်းတမ်းစံများနှင့်အညီ မူကြိုပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေးဆိုင်ရာ အခြေခံများသင်ကြားပေးရန် အစိုးရကတည်ထောင်ဖွင့်လှစ်ထားသည့်ကျောင်းကို ဆိုသည်။

(သ) **ပုဂ္ဂလိကကျောင်း** ဆိုသည်မှာ ပုဂ္ဂလိကပညာရေးဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်ထားသည့် အခြေခံပညာကျောင်းများကို ဆိုသည်။

(ဟ) **သင်ယူမှုဝန်းကျင်ကောင်း** ဆိုသည်မှာ ကျောင်းသားများ၏ဘက်စုံပညာရရှိရေးအကောင်အထည်ဖော်ရာတွင် ကျောင်း၏ရုပ်ပိုင်းနှင့် ကျောင်းသားများ၏ စိတ်ပိုင်းဆိုင်ရာပံ့ပိုးသည့် အခြေအနေများ ဖွံ့ဖြိုးတိုးတက်အောင် ဖန်တီးပေးခြင်းဖြင့် အောင်မြင်ထိရောက် သော သင်ယူမှုကို ဖြစ်ထွန်းစေသည့်ဝန်းကျင်ကို ဆိုသည်။

(ဠ) **မိဘဆရာအသင်း** ဆိုသည်မှာ အခြေခံပညာကျောင်းများတွင် သင်ယူသူများ၏ပညာတတ်မြောက်ရေးနှင့် ကိုယ်၊ နှုတ်၊ နှလုံးကောင်းမွန်လာရေးကို ပိုမိုထိရောက်အောင်မြင်စေရန် မိဘ သို့မဟုတ် အုပ်ထိန်းသူတို့နှင့် ဆရာတို့အတူတကွ ပူးပေါင်းဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(အ) **ကျောင်းအကျိုးဆောင်အဖွဲ့** ဆိုသည်မှာ အခြေခံပညာကျောင်းများ တွင် မိဘဆရာအသင်းကို ဖြည့်ဆည်းပြီး ပညာရေးနှင့် လူမှုရေး ဆိုင်ရာကဏ္ဍတို့တွင် အများကြည်ညိုလေးစားမှုရှိသူများ ပါဝင်သည့် ကျောင်းပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများဆောင်ရွက်ရန် ဖွဲ့စည်းထား သည့် အဖွဲ့အစည်းကိုဆိုသည်။

### အခန်း(၂)
### အခြေခံပညာရေး၏ ရည်မှန်းချက်များ

၃။ အခြေခံပညာရေး၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံသားတိုင်း အခြေခံပညာပြီးဆုံးသည်အထိ သင်ယူတတ်မြောက်ရန်၊

(ခ) အခြေခံပညာအဆင့်အလိုက် တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံသားကောင်းများဖြစ်ရန်၊

(ဂ) ပြည်သူ့နီတိနှင့် ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများဖြင့် ဥပဒေကို လေးစားလိုက်နာတတ်သည် နိုင်ငံ့သား ကောင်းများဖြစ်ရန်၊

(ဃ) ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့ကို တန်ဖိုးထား၍ ထိန်းသိမ်းမြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများဖြစ်ရန်၊

(င) သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးကာကွယ်ထိန်းသိမ်းပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်သော နိုင်ငံသားများဖြစ်ရန်၊

(စ) နိုင်ငံတကာအဆင့်မီ ပညာရပ်ဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများကို ထိရောက်စွာ အသုံးပြုခြင်းဖြင့် သင်ကြားရေး၊ သင်ယူရေး အရည်အသွေးမြင့်မားရန်၊

(ဆ) အားကစားနှင့် ကာယပညာလုပ်ငန်းများ၊ ကျောင်းကျန်းမာရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကိုယ်ခန္ဓာ ကျန်းမာ ကြံ့ခိုင်ပြီး အားကစားစိတ်ဓာတ်ဖွံ့ဖြိုးလာရန်၊

(ဇ) အသက်မွေးဝမ်းကျောင်းပညာရေးနှင့် အဆင်မြင့်ပညာရေး အတွက် အခြေခံကောင်းများရရှိရန်၊

(ဈ) လူတစ်ဦးချင်းဖြစ်စေ၊ လူ့အဖွဲ့အစည်းအလိုက်ဖြစ်စေ မတူကွဲပြားမှုများအား နားလည်လက်ခံ၍ တန်းတူညီမျှမှုကို တန်ဖိုးထားလေးစားပြီး ငြိမ်းချမ်းရေးအခြေခံအသိများနှင့်အညီ လက်တွေ့ကျင့်သုံးနေထိုင်တတ်သည် ကမ္ဘာ့နိုင်ငံသားများဖြစ်ရန်၊

(ည) မြန်မာနိုင်ငံသားတစ်ဦးအဖြစ် မြတ်နိုးဂုဏ်ယူတတ်ရန်။

### အခန်း(၃)
### အခြေခံပညာရေးဆိုင်ရာအခြေခံမူများ

၄။ အခြေခံပညာရေးဆိုင်ရာအခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံသားများ၏မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်နှင့်အညီ အခြေခံပညာကို နိုင်ငံသားတိုင်း သင်ယူတတ်မြောက်စေရေး၊

(ခ) ကျောင်းနေအရွယ်ကလေးသူငယ်နှင့် လူငယ်အားလုံးပညာသင်ယူခွင့် ရရှိရေးအတွက် မသန်စွမ်းသူ နိုင်ငံသားများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူနိုင်ခဲ့ခြင်းမရှိသူများကို အခြေခံပညာရေးအဆင့်တိုင်းတွင် လူတိုင်းအကျုံးဝင်ပညာရေးအရ အထူးပညာရေးအစီအစဉ်နှင့် ပညာရေးအထူးဝန်ဆောင်မှု အစီအစဉ်များ အပါအဝင် ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပပညာရေး တစ်ခုခုတွင် အခြေခံပညာသင်ယူနိုင်ခွင့်ရရှိရေး၊

(ဂ) အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အခြေခံပညာအဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရေး၊

(ဃ) အခြေခံပညာအဆင့်နှင့် အတန်းအလိုက်သတ်မှတ်ထားသော သင်ရိုး ညွှန်းတမ်းစံများနှင့်အညီ အရည်အသွေးအာမခံမှုရှိသော စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(င) ပညာလေ့လာသင်ယူရာတွင် သင်ယူသူ၏ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ ချမ်းသာအပါအဝင် မည်သည့်ခွဲခြားမှုမျှမရှိစေရေး၊

(စ) မြန်မာဘာသာစကားသည် ရုံးသုံးဘာသာစကားဖြစ်သဖြင့် အခြေခံပညာအဆင့်တွင် သင်ကြားသင်ယူမှုဘာသာစကားဖြစ်ရေးနှင့် လိုအပ်လျှင် သက်ဆိုင်ရာတိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ စာသင်ခန်းသုံးဘာသာစကားအဖြစ် တွဲဖက်အသုံးပြုနိုင်ရေး၊

(ဆ) တိုင်းရင်းသားဘာသာစကား သင်ကြားသင်ယူမှုကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် အခြေခံပညာမူလတန်းအဆင့်မှစတင်၍ အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်နိုင်ရေး၊

(ဇ) ပညာသင်ယူသူတိုင်း ပြည်ထောင်စုစိတ်ဓာတ်ပြည့်ဝ၍ တိုင်းရင်းသားအားလုံး၏ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုအနုပညာနှင့် ရိုးရာဓလေ့များကို မြတ်နိုးလေးစားတန်ဖိုးထားပြီး ထိန်းသိမ်းလိုစိတ်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မြှင့်တင်လိုစိတ်တို့ အကျုံးဝင်သော တန်ဖိုးထားမှုအခြေပြုသည့် အမျိုးသားစရိုက်လက္ခဏာများ ဖွံ့ဖြိုးလာစေရေး၊

(ဈ) အခြေခံပညာကဏ္ဍတွင် ကျောင်းသားဗဟိုပြု ချဉ်းကပ်နည်းအပါအဝင် ထိရောက်သော သင်နည်းများဖြင့် သင်ကြားသင်ယူမှုဖြစ်စဉ်ကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(ည) အစဉ်လေ့လာသင်ယူနေသောအလေ့အကျင့်ကောင်းများ ဖြစ်ထွန်းလာစေရန်အခွင့်အလမ်းများနှင့် သင်ယူမှုဝန်းကျင်ကောင်းများ ဖန်တီးပေးရေး၊

(ဋ) အခြေခံပညာရေးစနစ်၏ စွမ်းဆောင်ရည်ကို စနစ်တကျအစဉ်လေ့လာကြီးကြပ်အကဲဖြတ်၍ မြင့်မားလာရန်ဆောင်ရွက်ရေး၊

(ဌ) ဗဟိုချုပ်ကိုင်မှု လျှော့ချသည့် အခြေခံပညာရေးစနစ်ကို ကျင့်သုံးရေး၊

(ဍ) အခြေခံပညာကျောင်းများတွင် ဘာသာရေးနှင့် နိုင်ငံရေးအဖွဲ့အစည်းများ၏ စွက်ဖက်မှုမှ ကင်းလွတ်စေရေး၊

(ဎ) ဘက်စုံဖွံ့ဖြိုးသည် နိုင်ငံသားကောင်းများ ပြုစုပျိုးထောင်နိုင်ရေး အတွက် ဆရာအရည်အသွေးကို စဉ်ဆက်မပြတ်မြှင့်တင်ရေး၊

(ဏ) အခြေခံပညာအရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းသားမိဘများ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်များနှင့် ရပ်ရွာအဖွဲ့အစည်းများပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊

(တ) အခြေခံပညာရေးဆိုင်ရာ မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှု၊ စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှု စီမံကိန်းများကိုလည်းကောင်း၊ ပညာရေးနှင့်သက်ဆိုင်သည့် ဥပဒေများ၊ အခြားလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သော သတင်းအချက်အလက်များကိုလည်းကောင်း ပြည်သူလူထုက သိရှိရယူနိုင်ရန် စီမံပေးရေး၊

*စာမျက်နှာ ၁၆ သို့*

မြန်မာ့အလင်း



*စာမျက်နှာ ၁၅ မှ*

(ထ) အခြေခံပညာကဏ္ဍအတွက်ဆရာများ ပြုစုပျိုးထောင်ပေးနိုင်ရန် ဆရာ အတတ်ပညာကဏ္ဍနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး၊

(ဒ) ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများကို ဥပဒေနှင့်အညီ အကောင်အထည်ဖော်ရေး၊

(ဓ) ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေး အပြန်အလှန်ကူးပြောင်းနိုင်ရန်အတွက် တန်းညှိပညာရေးအစီအစဉ်ကို အကောင်အထည်ဖော်ရေး၊

(န) အခြေခံပညာဆိုင်ရာ အစိုးရကျောင်းများ၊ အခြားကျောင်းများနှင့် ပညာရေးအစီအစဉ်များအကြား အပြန်အလှန်ကူးပြောင်း သင်ကြားနိုင်ရေးအတွက် တန်းညှိစံနှင့် လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာကော်မတီများ၊ အဖွဲ့များနှင့် ညှိနှိုင်းသတ်မှတ်ရေးဆွဲပြဋ္ဌာန်းရေး၊

(ပ) ကိုယ်တိုင်သင်ယူပညာရေးအခွင့်အလမ်းများရရှိရန် ပံ့ပိုးကူညီပေးရေး။

**အခန်း(၄)**

**အခြေခံပညာရေးအဆင့်များ၊ အတန်းများနှင့် ကျောင်းအမျိုးအစားများ သတ်မှတ်ခြင်း**

၅။ အခြေခံပညာရေးကို သူငယ်တန်းပညာရေးပြီးသည့်နောက် ပညာသင်နှစ်စုပေါင်းကာလမှာ (၁၂)နှစ်ကို ဦးတည်၍ဆောင်ရွက်ရာတွင် အခြေခံပညာရေးအဆင့်များနှင့် အတန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသက်ငါးနှစ်ပြည့်ပြီးကလေးများအတွက် မူလတန်းအဆင့်ပညာရေး၏အခြေခံအတန်းအဖြစ်သတ်မှတ်သည့် သူငယ်တန်းပညာရေး၊

(ခ) ပထမတန်းမှ ပဉ္စမတန်းထိ မူလတန်းအဆင့်ပညာရေး၊

(ဂ) ဆဋ္ဌမတန်းမှ နဝမတန်းထိ အလယ်တန်းအဆင့်ပညာရေး၊

(ဃ) ဒသမတန်း၊ ဧကာဒသမတန်း၊ ဒွါဒသမတန်းတို့ပါဝင်သည့် အထက်တန်းအဆင့်ပညာရေး။

၆။ သက်ဆိုင်ရာအတန်းများပါရှိသော အခြေခံပညာကျောင်းအမျိုးအစားများကို အောက်ပါအတိုင်းသတ်မှတ်သည်-

(က) သူငယ်တန်းနှင့် မူလတန်းအဆင့် အတန်းများပါရှိသည့် အခြေခံပညာမူလတန်းကျောင်း၊

(ခ) သူငယ်တန်းနှင့် မူလတန်းအဆင့် အတန်းများပါရှိပြီး အလယ်တန်းအဆင့်အတန်းများ ပါရှိသည့် အခြေခံပညာအလယ်တန်းကျောင်း၊

(ဂ) သူငယ်တန်းနှင့် မူလတန်းအဆင့်အတန်းများပါရှိသည့် သို့မဟုတ် မပါရှိသည့် အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်အတန်းများသာပါရှိသော အခြေခံပညာအထက်တန်းကျောင်း။

၇။ ပုဒ်မ ၅ နှင့် ၆ ပါ သတ်မှတ်ချက်များနှင့်အညီ အောက်ပါကျောင်းများသည် အခြေခံပညာရေးအဆင့်နှင့်အတန်းများပါရှိသော ကျောင်းအမျိုးအစားများအဖြစ် သတ်မှတ်ရမည်-

(က) အစိုးရကျောင်း၊

(ခ) အစိုးရအထောက်အပံ့ခံကျောင်း၊

(ဂ) ဒေသန္တရအဖွဲ့အစည်းပိုင်ကျောင်း၊

(ဃ) ပုဂ္ဂလိကကျောင်း၊

(င) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊

(စ) ပရဟိတကျောင်း၊

(ဆ) ရွှေ့လျားနှင့်အရေးပေါ်ကျောင်း၊

(ဇ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့်ကျောင်း။

၈။ ဝန်ကြီးဌာနသည် ပုဒ်မ ၇ ပါ အစိုးရကျောင်းများနှင့် အခြားကျောင်းများ အပြန်အလှန် ဆက်သွယ်ကူးပြောင်းသင်ကြားနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၉။ (က) ဝန်ကြီးဌာန၏ ပညာရေးမြှင့်တင်မှုအစီအစဉ်အရ အသက်သုံးနှစ်မှ ငါးနှစ်ထိ ကလေးများအတွက် မူကြိုပညာရေးကို အခြေခံပညာကျောင်းများ၌ တွဲဖက်လေ့ကျင့်ပြုစုပျိုးထောင်ပေးရာတွင်-

(၁) မူကြိုဖွင့်ရန်ဆန္ဒပြုသည့်ကျောင်းများကို မြို့နယ်ပညာရေး မှူးရုံးမှ စိစစ်၍ အခြေခံပညာဦးစီးဌာနသို့ တင်ပြရမည်။

(၂) မူကြိုဆရာအဖြစ် သတ်မှတ်ချက်များဖြင့်ပြည့်စုံသူကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် နိုင်ငံ့ဝန်ထမ်းအဖြစ်ခန့်အပ်ပြီး လိုအပ်သောသင်တန်းများတက်နိုင်ရန် စီစဉ်ပေးရမည်။

(၃) မူကြိုတန်းများ၏ အခန်းများသည် ကလေးသူငယ်များ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေမည့် ရုပ်ပတ်ဝန်းကျင်ကောင်းနှင့်ပြည့်စုံရမည်။

(ခ) မူကြိုပညာရေးကို အကောင်အထည်ဖော်သော ကျောင်းများသည် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက ချမှတ်ထားသော သင်ရိုးညွှန်းတမ်းစံများနှင့်အညီ လေ့ကျင့်သင်ကြားရမည်။

**အခန်း(၅)**

**အခြေခံပညာရေးဆိုင်ရာ လုပ်ငန်းတာဝန်များ**

၁၀။ ဝန်ကြီးဌာနသည် အခြေခံပညာရေးရည်မှန်းချက်များနှင့် အခြေခံမူများကို အကောင်အထည်ဖော်ရန် လိုအပ်သောကော်မတီ၊ ဆပ်ကော်မတီများကို ဖွဲ့စည်းပြီး အောက်ပါလုပ်ငန်းတာဝန်များကိုဆောင်ရွက်ရမည်-

(က) အခြေခံပညာရေးကို နည်းပညာနှင့် သက်မွေးပညာရေး၊ ဆရာအတတ်ပညာရေး၊ အဆင့်မြင့်ပညာရေးတို့နှင့် ဆက်စပ်မှုရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) မူကြိုပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဂ) မသန်စွမ်းသူများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူနိုင်ခဲ့ခြင်းမရှိသူများကို လူတိုင်းအကျုံးဝင်ပညာရေးအရ ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပပညာရေးတစ်ခုခု၌ ပညာဆည်းပူးခွင့်ရရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်နေသော ဌာနသည် အသုံးစရိတ်များကို တွက်ချက်၍ ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြတောင်းခံခြင်း၊

(ဃ) ကျောင်းပြင်ပပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(င) ရွှေ့လျားနှင့်အရေးပေါ်ကျောင်းများကို ပညာရေးအထူးဝန်ဆောင်မှုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(စ) ပုဂ္ဂလိကကျောင်းများအတွက် ကျွမ်းကျင်ပညာရှင်များပါဝင်သည့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးခြင်း၊

(ဆ) အခြေခံပညာကျောင်းများတွင် ခန့်ထားမည့်ဆရာများ၏ ပညာအရည်အချင်းကို သတ်မှတ်ရာတွင် ဆရာအတတ်ပညာဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) အခြေခံပညာအဆင့်လိုက် သင်ပြမည့်ဆရာများအတွက် ဆရာအတတ်ပညာဆိုင်ရာဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်ရရှိရေးနှင့် လုပ်ငန်းခွင်ရှိ ဆရာများ၏ အရည်အချင်းကို စဉ်ဆက်မပြတ်မြှင့်တင်ရေးတို့အတွက် ဆရာအတတ်ပညာဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပညာရေးဆိုင်ရာလုပ်ငန်းများကို လိုအပ်သလိုညှိနှိုင်းဆောင်ရွက်ခြင်း၊

(ည) အစိုးရအဖွဲ့နှင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်က အကြံဉာဏ်တောင်းခံလာသော အခြေခံပညာရေးနှင့်ဆိုင်သည့်ကိစ္စများကို စဉ်းစားဆွေးနွေးခြင်းနှင့် သဘောထားပေးပို့ခြင်း။

၁၁။ ဝန်ကြီးဌာနသည် အောက်ဖော်ပြပါလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များအား တာဝန်ပေးဆောင်ရွက်ရမည်-

(က) အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်များ ရေးဆွဲပြဋ္ဌာန်းခြင်း၊

(ခ) သင်ကြားမှုနှင့် အုပ်ချုပ်မှုစွမ်းရည်များ မြှင့်တင်ခြင်း၊

(ဂ) အခြေခံပညာရေးလုပ်ငန်းများ လေ့လာကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဃ) ကျောင်းပြင်ပပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) အခြေခံပညာကဏ္ဍရှိ အဆင့်အလိုက်ဆရာများ လုံလောက်စွာပြုစုပျိုးထောင်ခြင်းနှင့် ဆရာအရည်အသွေးမြင့်မားစေရန် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

၁၂။ တာဝန်ပေးအပ်ခြင်းခံရသော ညွှန်ကြားရေးမှူးချုပ်များသည် လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ကြရမည်။

**အခန်း(၆)**

**သင်ရိုးညွှန်းတမ်းများရေးဆွဲခြင်းနှင့် ကျောင်းသုံးစာအုပ်များပြဋ္ဌာန်းခြင်း**

၁၃။ (က) ဝန်ကြီးဌာနသည် အခြေခံပညာသင်ရိုးညွှန်းတမ်း ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ရန်အတွက် အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီကို ဖွဲ့စည်းရမည်။

(ခ) အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီကို ဝန်ကြီးဌာနမှ တာဝန်ပေးအပ်ခြင်းခံရသော ညွှန်ကြားရေးမှူးချုပ်တစ်ဦးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ကော်မတီဝင်များအဖြစ် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများရှိ ဦးစီးဌာနများမှ ကိုယ်စားလှယ်များ၊ ဘာသာရပ်သင်ရိုးကော်မတီဥက္ကဋ္ဌများ၊ ဆရာကိုယ်စားလှယ်များ၊ သင်ရိုးကျွမ်းကျင်ပညာရှင်များနှင့် တိုင်းရင်းသားဘာသာကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းရမည်။

(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော သင်ရိုးကျွမ်းကျင်ပညာရှင်များနှင့် တိုင်းရင်းသားဘာသာ ကျွမ်းကျင်ပညာရှင်များသည် အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိသည်။

*ဆက်လက်ဖော်ပြပါမည်*

# တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

*ယမန်နေ့မှအဆက်*

(ဃ) ပူးတွဲတီထွင်မှုမူပိုင်ခွင့်ရရှိသူ တစ်ဦးချင်းစီ၏ တရားဝင်အမွေ ဆက်ခံသူသည် ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ)တို့တွင် ဖော်ပြထားသော အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၄၂။ (က) တီထွင်မှုပြုလုပ်သည့် အလုပ်သမားကရရှိမည့် ချီးမြှင့်ငွေနှင့်စပ်လျဉ်း၍ အလုပ်သမားသည် မြန်မာနိုင်ငံတွင်ပြုလုပ်သော အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်တစ်ရပ်အရ တီထွင်မှုတစ်ခုကို ပြုလုပ်ခြင်းဖြစ်လျှင် ထိုတီထွင်မှုအတွက် ထိုက်သင့်မျှတသည့် ချီးမြှင့်ငွေကို အလုပ်ရှင်ထံမှ ရပိုင်ခွင့်ရှိသည်။

(ခ) သက်ဆိုင်ရာအလုပ်သမားသည် တီထွင်မှုမူပိုင်ခွင့်ရရှိသူဖြစ်သည့် အလုပ်ရှင်ထံမှ ပုဒ်မခွဲ (က)အရ ချီးမြှင့်ငွေကို ရရှိခြင်းမရှိလျှင်သော်လည်းကောင်း၊ ချီးမြှင့်ငွေရရှိသော်လည်းကောင်း၊ ချီးမြှင့်ငွေပမာဏကို မကျေနပ်လျှင်သော်လည်းကောင်း နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ပေးရန် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြနိုင်သည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (ခ)အရ တင်ပြခြင်းနှင့်စပ်လျဉ်း၍ တီထွင်မှု မူပိုင်ခွင့်ရရှိသူဖြစ်သည့် အလုပ်ရှင်က သက်ဆိုင်ရာအလုပ်သမားအားပေးရမည့် ချီးမြှင့်ငွေကို အောက်ပါအချက်များအား အခြေခံပြီး သတ်မှတ်ပေးရမည်-

(၁) အလုပ်သမား၏လုပ်ခ၊

(၂) တီထွင်မှု၏အရေးပါမှု၊

(၃) တီထွင်မှုပြုလုပ်ခြင်းမှ ရရှိခဲ့သောအကျိုးအမြတ်နှင့် ရရှိနိုင်မည့်အကျိုးအမြတ်များ။

(ဃ) ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ပေးသည့် ချီးမြှင့်ငွေကို ကျေနပ်မှုမရှိသူသည် တရားရုံးသို့ အယူခံနိုင်သည်။

**အခန်း (၁၂)**

**တီထွင်မှု မူပိုင်ခွင့်အခွင့်အရေးကို လွှဲပြောင်းခြင်း**

၄၃။ တီထွင်မှု မူပိုင်ခွင့်ရရှိသူသည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဖြစ်စေ ၎င်း၏အခွင့်အရေးများကို သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းခြင်းပြုနိုင်သည်။

၄၄။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်အသစ်နှင့် မူလတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်တို့မှ သတ်မှတ်ထားသောအခကြေးငွေပေးသွင်းပြီး တီထွင်မှုမူပိုင်ခွင့်ပိုင်ဆိုင်မှုပြောင်းလဲခြင်းကို မှတ်တမ်းတင်ထားရှိပြီး ထုတ်ပြန်ကြေညာရမည်။

၄၅။ တီထွင်မှုမူပိုင်ခွင့်ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ရန် တောင်းဆိုချက်သည် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည်။

၄၆။ တီထွင်မှုမူပိုင်ခွင့်ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းပိုင်ဆိုင်မှုလွှဲပြောင်းခြင်းသည် အကျိုးသက်ရောက်မှုမရှိစေရ။

၄၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ မျိုးရိုးဗီဇ၊ ဇီဝအရင်းအမြစ် သို့မဟုတ် ရိုးရာအသိပညာမှတိုက်ရိုက်ဆင်းသက်လာသော တီထွင်မှုတစ်ခုနှင့် စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာနသည်-

(က) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဂ)ပါ ပြဋ္ဌာန်းချက်နှင့်ကိုက်ညီမှုမရှိသော တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်တစ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ အဆိုပါပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုမရှိဘဲ တီထွင်မှုမူပိုင်ခွင့်ကို မှားယွင်းစွာခွင့်ပြုထားခဲ့ကြောင်း တွေ့ရှိလျှင်ဖြစ်စေ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်း၏ အကျိုးအမြတ်ကို သက်ဆိုင်ရာအဖွဲ့အစည်းသို့ လွှဲပြောင်းပေးရန် ညွှန်ကြားခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ(က) အရ လုပ်ငန်း၏အကျိုးအမြတ်ကို လွှဲပြောင်းရယူရန်အတွက် ညွှန်ကြားရေးမှူးချုပ်၊ အစိုးရဌာန သို့မဟုတ် တာဝန်ခံဝန်ကြီးဌာနမှ သတ်မှတ်ထားသောအဖွဲ့အစည်းတို့အား အကြောင်းကြားရမည်။

(ဂ) ပုဒ်မခွဲ (က) အရ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်း၏ အကျိုးအမြတ်များကို လွှဲပြောင်းရယူပြီးနောက် တီထွင်မှုမူပိုင်ခွင့်သည် အများပြည်သူနှင့် အလွန်အမင်း သက်ဆိုင်လာလျှင် သော်လည်းကောင်း၊ ကိုယ်ကျင့်သိက္ခာနှင့် အေးချမ်းတည်ငြိမ်မှုဆိုင်ရာကိစ္စရပ်များ ဖြစ်ပေါ်ခဲ့လျှင်သော်လည်းကောင်း တီထွင်မှုမူပိုင်ခွင့်လျှောက်ထားခြင်းကို ရုပ်သိမ်းရမည် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ကို စွန့်လွှတ်စေရမည်။

**အခန်း (၁၃)**

**တီထွင်မှုမူပိုင်ခွင့်ကို လိုင်စင်ပေးခြင်း**

၄၈။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဖြစ်စေ တီထွင်မှုမူပိုင်ခွင့်ကို အသုံးပြုရန် စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ပေးနိုင်သည်။

၄၉။ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်နှင့် လိုင်စင်ရရှိသူတို့သည် လိုင်စင်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး ခွင့်ပြုချက်မိတ္တူနှင့်အတူ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားရမည်။

၅၀။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၄၉ အရ မှတ်တမ်းတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးများကို အလွဲသုံးစားပြုခြင်းနှင့် ယှဉ်ပြိုင်မှုကို ဆန့်ကျင်ခြင်းမရှိကြောင်း၊ နိုင်ငံတော်၏အကျိုးစီးပွားကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်နိုင်ခြင်းမရှိကြောင်း၊ ယေဘုယျအားဖြင့် နည်းပညာကျွမ်းကျင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား သို့မဟုတ် အနှောင့်အယှက်ဖြစ်နိုင်ခြင်းမရှိကြောင်း သို့မဟုတ် အဆိုပါအကျိုးသက်ရောက်မှုတစ်ခုခုကိုဖြစ်စေသည့် အချက်တစ်ရပ်ရပ်ပါရှိခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ထိုလိုင်စင်ပေးခြင်းကို မှတ်တမ်းတင်ပြီး သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၅၁။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်နှင့် လိုင်စင်ရရှိသူတို့မှ လိုင်စင်အား မှတ်တမ်းတင်ထားခြင်းကို ပယ်ဖျက်ရန် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တောင်းဆိုလာပါက ပယ်ဖျက်ပေးရမည်။

၅၂။ လိုင်စင်ပေးခြင်းနှင့် စပ်လျဉ်း၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းလိုင်စင်သည် အကျိုးသက်ရောက်မှု မရှိစေရ။

**အခန်း(၁၄)**

**မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်ထုတ်ပေးခြင်း**

၅၃။ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်အဖွဲ့အစည်းတစ်ရပ်ရပ်က တာဝန်ခံဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးထံလိပ်မူ၍ အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်တွင် မဖြစ်မနေထုတ်ပေးရမည့်လိုင်စင်ကို လျှောက်ထားလာပါက တာဝန်ခံဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးသည် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်-

(က) နိုင်ငံတော်၏ ကာကွယ်ရေး၊ လုံခြုံရေး၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန်လိုအပ်ခြင်း၊ အများပြည်သူ၏ အစာအာဟာရ၊ ကျန်းမာရေး၊ အမျိုးသားအကျိုးစီးပွား၏ အခြားသောအရေးပါသည့် အခန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အလွန်အမင်းလိုအပ်လျက်ရှိခြင်း၊

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

(ခ) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ၎င်း၏လိုင်စင်ရရှိသူမှ အသုံးပြုသည့်နည်းလမ်းသည် ယှဉ်ပြိုင်မှုကို ဆန့်ကျင်သည်ဟု တရားစီရင်ရေး သို့မဟုတ် အုပ်ချုပ်ရေးအဖွဲ့အစည်းမှဆုံးဖြတ်ပြီး တာဝန်ခံဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးအနေဖြင့် ဤပုဒ်မခွဲနှင့်အညီ တီထွင်မှုအား အသုံးပြုခြင်းသည် အဆိုပါယှဉ်ပြိုင်မှုကို ဆန့်ကျင်သည့် လုပ်ရပ်အား ကုစားနိုင်မည်ဟု ကျေနပ်လက်ခံခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် ၎င်း၏သီးသန့်အခွင့်အရေးများကို အလွဲသုံးစားပြုခြင်း သို့မဟုတ် လိုင်စင်ရသူက လိုင်စင်ဆိုင်ရာ သီးသန့်အခွင့်အရေးများကို အလွဲသုံးစားပြုခြင်းအား ဟန့်တားမှုမရှိဘဲ လျစ်လျူရှုထားခြင်း၊

(ဃ) တီထွင်မှုသည် မြန်မာနိုင်ငံတွင် ထုတ်လုပ်ခြင်းမှ သော်လည်းကောင်း၊ တင်သွင်းခြင်းမှ သော်လည်းကောင်း လုံလောက်သည့်အရေအတွက် သို့မဟုတ် အရည်အသွေး သို့မဟုတ် သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် မြန်မာနိုင်ငံတွင် မရရှိနိုင်ခြင်း၊

(င) စီးပွားဖြစ်စေနိုင်၍ အရေးပါသော နည်းပညာအဆင့်မြင့်မှုတစ်ရပ် ပါရှိသော တီထွင်မှုအတွက် တောင်းဆိုထားသည့် ဒုတိယတီထွင်မှုမူပိုင်ခွင့်သည် ပထမတီထွင်မှုမူပိုင်ခွင့်တွင် တောင်းဆိုထားသည့် တီထွင်မှုနှင့်ဆက်စပ်နေပြီး ဒုတိယတီထွင်မှုမူပိုင်ခွင့်သည် ပထမတီထွင်မှုမူပိုင်ခွင့်အား အသုံးမပြုဘဲ မဆောင်ရွက်နိုင်ခြင်း။

၅၄။ (က) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်၏ တောင်းဆိုချက်အရ တာဝန်ခံဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးသည် နှစ်ဖက်လုံးမှဖြစ်စေ၊ တစ်ဖက်တည်းမှဖြစ်စေ ကြားနာရန်ဆန္ဒရှိပါက ကြားနာစစ်ဆေးပြီးနောက် မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်ထုတ်ပေးရန် ဆုံးဖြတ်ခဲ့ရသော အခြေအနေများသည် ရပ်စဲသွားလျှင် သို့မဟုတ် ထပ်မံဖြစ်ပွားဟန်မရှိတော့လျှင်သော်လည်းကောင်း၊ အသုံးပြုခွင့်ပေးထားသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ကြောင်း ပေါ်ပေါက်ခဲ့လျှင်သော်လည်းကောင်း မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်ကို ရပ်စဲရမည်။

(ခ) ပုဒ်မခွဲ(က)တွင် မည်သို့ပင်ဖော်ပြစေကာမူ တာဝန်ခံဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးသည် အသုံးပြုခွင့်ပေးထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ တရားဝင်အကျိုးစီးပွားအား လုံလောက်သော အကာအကွယ်ပေးရန် လိုအပ်ချက်သည် ထိုလိုင်စင်ကို ဆက်လက်အသုံးပြုခွင့်ပေးရန် ဆုံးဖြတ်ချက်နှင့် ညီညွတ်မျှတသည်ဟု ယူဆလျှင်သော်လည်းကောင်း၊ ပုဒ်မ ၅၃၊ ပုဒ်မခွဲ (ခ)အရ ယှဉ်ပြိုင်မှုကို ဆန့်ကျင်သော လုပ်ရပ်အား ကုစားနိုင်ရန် ထုတ်ပေးထားသော လိုင်စင်ဖြစ်ခဲ့လျှင်သော်လည်းကောင်း၊ မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်ထုတ်ပေးရန် အခြေအနေများ ထပ်မံဖြစ်ပွားဟန်ရှိလျှင်သော်လည်းကောင်း အဆိုပါလိုင်စင်ကို ရပ်စဲခြင်းမပြုရ။

၅၅။ မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်သည် သီးသန့်အခွင့်အရေး မရရှိနိုင်သော လိုင်စင်ဖြစ်သဖြင့် အောက်ပါအချက်များတွင် အသုံးပြုခွင့်မရှိစေရ-

(က) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်ကိုယ်တိုင် မြန်မာနိုင်ငံတွင် ထုတ်လုပ်ရာတွင်ဖြစ်စေ၊ တင်သွင်းရာတွင်ဖြစ်စေ၊ နှစ်ရပ်စလုံးတွင်ဖြစ်စေ ၎င်း၏ တီထွင်မှုကို အသုံးပြုခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်မှ လိုင်စင်သဘောတူစာချုပ်များအား ချုပ်ဆိုခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် ပုဒ်မ ၃၈ နှင့် ၄၀ တွင် ပါရှိသော ၎င်း၏ အခွင့်အရေးများအား ဆက်လက်ကျင့်သုံးခြင်း။

၅၆။ တာဝန်ခံဝန်ကြီးဌာနသည် ပုဒ်မ ၅၃ အရ မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်ထုတ်ပေးသည့်အခါ-

(က) ထိုသို့ မဖြစ်မနေထုတ်ပေးရမည့်လိုင်စင်ထုတ်ပေးကြောင်း သက်ဆိုင်ရာ တီထွင်မှုမူပိုင်ခွင့်ရရှိသူအား ဖြစ်နိုင်သရွေ့ ဆောလျင်စွာအကြောင်းကြားရမည်။

(ခ) လိုင်စင်ရရှိသူက တီထွင်မှုမူပိုင်ခွင့်ရရှိသော တီထွင်မှုကို စတင်အသုံးပြုရမည့်နေ့ရက်နှင့် လိုင်စင်သက်တမ်းအစရှိသည့် လိုင်စင်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို ဖော်ပြပေးရမည်။

(ဂ) လိုင်စင်ရရှိသူက တီထွင်မှုမူပိုင်ခွင့် ရရှိသူအားပေးအပ်ရမည့် နစ်နာကြေးကို ထည့်သွင်းဖော်ပြပေးရမည်။

၅၇။ (က) တူညီသောဆေးဝါးထုတ်ကုန်ကိုပြုလုပ်ရန် အခြားနည်းစဉ်တစ်ခုကို မသိရှိနိုင်သော သို့မဟုတ် မရရှိနိုင်သောအခြေအနေတွင် ဆေးဝါးထုတ်ကုန်တစ်ခု သို့မဟုတ် ဆေးဝါးထုတ်ကုန်ကို ထုတ်လုပ်သည့် ထုတ်လုပ်မှုနည်းစဉ်တစ်ခုအတွက် တောင်းဆိုထားသော တီထွင်မှုမူပိုင်ခွင့်တစ်ခုအား မဖြစ်မနေထုတ်ပေးရမည့်လိုင်စင်ကို ခွင့်ပြုနိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့်နေ့ရက်မှ ၄ နှစ် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုသည့်နေ့ရက်မှ ၃ နှစ်မတိုင်မီ ကာလများအနက် ပို၍နောက်ကျသည့် ကာလအတွင်း ပုဒ်မ ၅၃၊ ပုဒ်မခွဲ (ဃ) တွင် ဖော်ပြထားသကဲ့သို့ တီထွင်မှုမူပိုင်ခွင့်ရရှိထားသော ထုတ်ကုန် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ရရှိထားသော ထုတ်လုပ်မှုနည်းစဉ်မှ ထုတ်လုပ်သည့်ထုတ်ကုန်ကို လုံလောက်စွာမထုတ်လုပ်နိုင်လျှင် မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်တစ်ရပ်ကို လျှောက်ထားခြင်းမပြုနိုင်။ ထို့အပြင် တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် ၎င်း၏မလုပ်ဆောင်နိုင်မှု သို့မဟုတ် လုံလောက်အောင် မဆောင်ရွက်နိုင်မှုအပေါ်တွင် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ခုခံချေပနိုင်ပါက အဆိုပါလျှောက်ထားချက်ကို ငြင်းဆိုရမည်။

(ဂ) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ကို အသုံးချခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ တောင်းဆိုချက်အပေါ်တွင် တာဝန်ခံဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးသည် နှစ်ဖက်စလုံးမှဖြစ်စေ၊ တစ်ဖက်တည်းကဖြစ်စေ ကြားနာရန် ဆန္ဒရှိပါက ကြားနာစစ်ဆေးပြီး ပြောင်းလဲသွားသော အခြေအနေနှင့် လိုက်လျောညီထွေဖြစ်သည်အထိ တီထွင်မှုအား တရားဝင်အသုံးချခွင့်ပြုသည့် ဆုံးဖြတ်ချက်ပါစည်းကမ်းချက်များကို ပြင်ဆင်သတ်မှတ်နိုင်သည်။

(ဃ) မဖြစ်မနေထုတ်ပေးရမည့်လိုင်စင်ကို လိုင်စင်ရပုဂ္ဂိုလ်၏ စီးပွားရေးလုပ်ငန်း သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ရရှိထားသော တီထွင်မှုအား အသုံးပြုနေသည့် စီးပွားရေးလုပ်ငန်းအခွဲများကိုသာ လွှဲပြောင်းပေးအပ်နိုင်သည်။

၅၈။ (က) ပုဒ်မ ၅၃၊ ပုဒ်မခွဲ(ဃ)အရ မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်လျှောက်ထားရာတွင် တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်လျှောက်ထားသူထံမှ တောင်းဆိုချက်ကို လက်ခံရရှိကြောင်း၊ သို့သော် အဆိုပါလျှောက်ထားသည့်ပုဂ္ဂိုလ်သည် သင့်လျော်သော အချိန်အတွင်း သင့်လျော်သော ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စည်းကမ်းချက်များပါရှိသည့် လိုင်စင်တစ်ခုရရှိနိုင်ခဲ့ခြင်း မရှိကြောင်း သက်သေခံအထောက်အထားကို ပူးတွဲတင်ပြရမည်။

(ခ) နိုင်ငံတော်အတွက် အရေးတကြီးလိုအပ်သောကိစ္စရပ်များ သို့မဟုတ် အလွန်အမင်း ဆောလျင်စွာ ဆောင်ရွက်ရန်လိုအပ်သည့် အခြားသော အခြေအနေများ သို့မဟုတ် စီးပွားရေးအကျိုးအမြတ်အတွက် မဟုတ်ဘဲ အများပြည်သူအတွက် အသုံးပြုသည့်ကိစ္စရပ်များ သို့မဟုတ် တရားစီရင်ရေး သို့မဟုတ် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ ဆုံးဖြတ်ထားသော ယှဉ်ပြိုင်မှုကိုဆန့်ကျင်သော လုပ်ငန်းများအား ကုစားရန် လိုင်စင်ပေးအပ်သည့်အခါများတွင် ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော ယခင်ကြိုးပမ်းမှုနှင့် ပတ်သက်သည့် သက်သေခံအထောက်အထားများ ပူးတွဲတင်ပြရန်မလို။

၅၉။ တာဝန်ခံဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးက လိုင်စင်ထုတ်ပေးထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမှတီထွင်မှုကို အသုံးပြုခြင်းသည် ပုဒ်မ ၅၃၊ ပုဒ်မခွဲ (ခ)အရ ယှဉ်ပြိုင်မှုကို ဆန့်ကျင်သည့်လုပ်ရပ်အား ကုစားရန် ခွင့်ပြုပေးထားသောအခါ သို့မဟုတ် မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်သည် ဆေးဝါးထုတ်ကုန်တစ်ခု သို့မဟုတ် ဆေးဝါးထုတ်ကုန်များကို ထုတ်လုပ်သော ထုတ်လုပ်မှုနည်းစဉ်တစ်ခုကို တောင်းဆိုထားသည့် တီထွင်မှု မူပိုင်ခွင့်တစ်ခုနှင့် သက်ဆိုင်နေပြီး လိုင်စင်ထုတ်ပေးရသည့် ရည်ရွယ်ချက်သည် ထုတ်လုပ်မှုစွမ်းရည်မရှိသော သို့မဟုတ် ထုတ်လုပ်ရန် စွမ်းရည်မပြည့်မီသောနိုင်ငံ သို့မဟုတ် နိုင်ငံခြားတိုင်းပြည်၏ နယ်နိမိတ်အတွင်းသို့ အဆိုပါထုတ်ကုန်များကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အထွေထွေကောင်စီ၏ ၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့ရက်စွဲပါ ဆုံးဖြတ်ချက်မှ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ တင်ပို့ရန်ဖြစ်သည့်အခါတို့မှတစ်ပါး အဓိကအားဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ဖြစ်ရမည်။

၆၀။ ပုဒ်မ ၅၃၊ ပုဒ်မခွဲ (င)အရ မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်ခွင့်ပြုသည့် အခါ-

(က) ပထမတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် ဒုတိယတီထွင်မှုမူပိုင်ခွင့်တွင် တောင်းဆိုထားသော တီထွင်မှုများကို သင့်လျော်သော စည်းကမ်းသတ်မှတ်ချက်များဖြင့် အပြန်အလှန်အသုံးပြုခွင့်လိုင်စင် ရရှိစေရမည်။

(ခ) ဒုတိယတီထွင်မှုမူပိုင်ခွင့်နှင့်အတူ ပထမတီထွင်မှုမူပိုင်ခွင့်ကို လွှဲအပ်လုပ်ကိုင်ခွင့်ပေးခြင်းမှအပ ပထမတီထွင်မှုမူပိုင်ခွင့်၏ လိုင်စင်ကို လွှဲအပ်လုပ်ကိုင်ခွင့် မရှိစေရ။

၆၁။ မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်ခွင့်ပြုပေးရန်တောင်းဆိုချက် သို့မဟုတ် နစ်နာကြေးဆိုင်ရာ ဆုံးဖြတ်ချက်အပါအဝင် မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်ခွင့်ပြုချက်နှင့်စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်အား မကျေနပ်သူသည် တရားရုံးသို့ အယူခံနိုင်သည်။

**အခန်း (၁၅)**

**တီထွင်မှုမူပိုင်ခွင့်ကို ပြန်လည်အပ်နှံခြင်းနှင့် ရုပ်သိမ်းခြင်း**

၆၂။ တီထွင်မှုမူပိုင်ခွင့် ရရှိသူသည် -

(က) တီထွင်မှုမူပိုင်ခွင့်ကို မိမိ၏ဆန္ဒအလျောက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးတွင် ပြန်လည်အပ်နှံနိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ကို နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသူများက ပူးတွဲရရှိထားပြီး ၎င်းတို့အချင်းချင်းအခြားနည်းဖြင့် သဘောတူညီချက်တစ်စုံတစ်ရာမရှိလျှင် ပူးတွဲတီထွင်မှု မူပိုင်ခွင့်ရရှိသူအားလုံး၏ သဘောတူညီချက်ဖြင့် တီထွင်မှုမူပိုင်ခွင့်ကို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးတွင် ပြန်လည်အပ်နှံနိုင်သည်။

၆၃။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် ပြန်လည်အပ်နှံခြင်းကိုစိစစ်ပြီး ယင်းသို့ပြန်လည်အပ်နှံကြောင်း မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားပြီး သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၆၄။ မှတ်ပုံတင်အရာရှိသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်၏ လျှောက်ထားချက်အရ အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိပါက တီထွင်မှုမူပိုင်ခွင့်တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ရုပ်သိမ်းနိုင်သည်-

(က) တီထွင်မှုသည် ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့အရ တီထွင်မှုမူပိုင်ခွင့်ရနိုင်သော တီထွင်မှုမဟုတ်ကြောင်း ပေါ်ပေါက်လာခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် တီထွင်မှုမူပိုင်ခွင့်ကိုရခွင့်ရှိသူ မဟုတ်ကြောင်းခိုင်လုံသော သက်သေခံအထောက်အထား ပေါ်ပေါက်လာခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်တွင် ပြင်ဆင်မှုများသည် ဖော်ပြချက်ကို ထုတ်ပြန်ကြေညာခဲ့စဉ်က မူလလျှောက်ထားချက်တွင် တောင်းဆိုထားသည့်အရာများထက် ကျော်လွန်နေကြောင်းတွေ့ရှိခြင်း၊

(ဃ) တီထွင်မှုမူပိုင်ခွင့်ကို လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ မမှန်မကန်တင်ပြ၍ဖြစ်စေ၊ သတ်မှတ်ထားသည့် အရေးပါသောသတင်းအချက်အလက်တစ်ရပ်ရပ်ကို ချန်လှပ်၍ဖြစ်စေ ရယူထားကြောင်း ပေါ်ပေါက်လာခြင်း၊

(င) တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက်တွင် တောင်းဆိုထားသော တီထွင်မှုကို ဦးစားပေးနေ့ရက်မတိုင်မီ မြန်မာနိုင်ငံတွင် လျှို့ဝှက်စွာအသုံးပြုထားခြင်း၊

(စ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် လိုအပ်သောသတင်းအချက်အလက်များကို မှတ်ပုံတင်အရာရှိထံ ထုတ်ဖော်ရန် ပျက်ကွက်ခြင်း သို့မဟုတ် သတင်းအချက်အလက်များကို မှားယွင်းစွာဖော်ပြထားခြင်း။

၆၅။ မှတ်ပုံတင်အရာရှိသည် အောက်ပါအချက်တစ်ရပ်ရပ်အရ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်အား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်သည်-

(က) လျှောက်ထားသူသည် ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) အရ လျှို့ဝှက်ထားရှိရန် အမိန့်ကိုဖောက်ဖျက်ခြင်း သို့မဟုတ် ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ဂ)ကို ဖောက်ဖျက်၍ အခြားနိုင်ငံတွင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်း၊

(ခ) ပုဒ်မ ၃၅၊ ပုဒ်မခွဲ (က)အရ အခကြေးငွေပေးသွင်းထားမှုမရှိခြင်း၊

(ဂ) တီထွင်မှုတွင် အသုံးပြုထားသော မျိုးရိုးဗီဇ သို့မဟုတ် ဇီဝအရင်းအမြစ် သို့မဟုတ် ရိုးရာအသိပညာမှ ဆင်းသက်လာသော တီထွင်မှုတွင် ပုဒ်မ ၁၄၊ ပုဒ်မခွဲ(ဂ)ပါအတိုင်း သတ်မှတ်ဖော်ပြမထားခြင်း သို့မဟုတ် မမှန်မကန်ဖော်ပြထားခြင်း။

၆၆။ မှတ်ပုံတင်အရာရှိသည်-

(က) တီထွင်မှုမူပိုင်ခွင့် အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့်ရရှိသူက တရားမကြောင်းဖြင့် တရားစွဲဆိုထားပြီးဖြစ်ပါက အဆိုပါအမှု မပြီးပြတ်မီကာလအတွင်း၌ တီထွင်မှုမူပိုင်ခွင့်ကို ရုပ်သိမ်းခြင်းအား ဆိုင်းငံ့ထားရမည်။

(ခ) သက်ဆိုင်ရာတရားရုံးက တီထွင်မှုမူပိုင်ခွင့်လက်မှတ် ပျက်ပြယ်ခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအတည်ဖြစ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် စီရင်ချက်၊ အမိန့်နှင့်ဒီကရီတို့ကို ချမှတ်သည့်အခါတွင် တီထွင်မှုမူပိုင်ခွင့်ကို ရုပ်သိမ်းရမည်။

၆၇။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့်ကိုရုပ်သိမ်းပါက ယင်းသို့ရုပ်သိမ်းကြောင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားပြီး သက်ဆိုင်ရာ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်ထံ အကြောင်းကြား၍ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ အဆိုပါရုပ်သိမ်းခြင်းကို ထုတ်ပြန်ကြေညာရမည်။

**အခန်း(၁၆)**

**အသေးစားတီထွင်မှု**

၆၈။ (က) အသေးစားတီထွင်မှုတစ်ခုသည် အသစ်ဖြစ်ရမည်ဖြစ်ပြီး စက်မှုလက်မှုလုပ်ငန်းများတွင် အသုံးပြုနိုင်ပါက အသေးစားတီထွင်မှုမူပိုင်ခွင့်အဖြစ် မှတ်ပုံတင်လျှောက်ထားနိုင်သည်။

(ခ) အောက်ပါတို့သည် အသေးစားတီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်မရရှိစေရ-

(၁) ဆောင်ရွက်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊

(၂) ဓာတု၊ ဆေးဝါး၊ ဇီဝ၊ သတ္တုဆိုင်ရာ အရာဝတ္ထုများ သို့မဟုတ် ဒြပ်ပေါင်းများ သို့မဟုတ် အခြားသောအရာဝတ္ထုများ သို့မဟုတ် ဒြပ်ပေါင်းများ၊

(၃) ဤဥပဒေနှင့်အညီ တီထွင်မှုမူပိုင်ခွင့် အကာအကွယ်ပေးခြင်းမှ တားမြစ်ထားသောအရာများနှင့်၊

(၄) ပန်းပု၊ ဗိသုကာလက်ရာများ သို့မဟုတ် သဘာဝအတိုင်း တည်ရှိနေသော အလှအပအဆင်တန်ဆာများ။

(ဂ) အသေးစားတီထွင်မှုဆိုင်ရာ ဖော်ပြချက်သည် သက်ဆိုင်ရာနည်းပညာနယ်ပယ်ရှိ သာမန်တတ်ကျွမ်းသူတစ်ဦးမှ အဆိုပါ အသေးစားတီထွင်မှုကို ဆက်လက်ပြုလုပ်နိုင်သည်အထိ ပြည့်စုံရှင်းလင်းစွာ ဖော်ပြရမည်ဖြစ်ပြီး အထူးသဖြင့် အရာဝတ္ထု၏ အသုံးဝင်မှု သို့မဟုတ် လုပ်ဆောင်ချက်များအား မည်သို့မြှင့်တင်ပေးထားသည်ကို ဖော်ပြရမည်။

(ဃ) ဤအခန်းပါ ပြဋ္ဌာန်းချက်များအား မထိခိုက်စေဘဲ တီထွင်မှုမူပိုင်ခွင့်များနှင့် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားခြင်းများဆိုင်ရာ ပြဋ္ဌာန်းချက်များကို အသေးစားတီထွင်မှု မူပိုင်ခွင့် ခွင့်ပြုရန်အတွက် လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်သည်။

၆၉။ အသေးစားတီထွင်မှု မူပိုင်ခွင့်သက်တမ်းသည် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့် နေ့ရက်မှ ၁၀ နှစ်ဖြစ်သည်။

၇၀။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မူလလျှောက်ထားချက် လျှောက်ထားသည့်နေ့ရက်ကို လျှောက်လွှာတင်သွင်းသည့် နေ့ရက်အဖြစ်မှတ်ယူပြီး အသေးစားတီထွင်မှုမူပိုင်ခွင့်အဖြစ် ပြောင်းလဲလျှောက်ထားနိုင်သည်။

(ခ) အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် အသေးစားတီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မူလလျှောက်ထားသည့်နေ့ရက်ကို လျှောက်လွှာတင်သွင်းသည့်နေ့ရက်အဖြစ်မှတ်ယူပြီး တီထွင်မှုမူပိုင်ခွင့်အဖြစ် ပြောင်းလဲလျှောက်ထားနိုင်သည်။

(ဂ) ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို တစ်ကြိမ်ထက်ပို၍ ပြောင်းလဲခြင်းမပြုရ။

၇၁။ မှတ်ပုံတင်အရာရှိသည် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်တစ်ရပ်နှင့်စပ်လျဉ်း၍ -

(က) အသေးစားတီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းကို မှတ်တမ်းတင်ထားပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထို့အပြင် သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ခ) အသေးစားတီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခဲ့လျှင် လျှောက်ထားသူအား အသေးစား တီထွင်မှုမူပိုင်ခွင့်လက်မှတ်ကို ထုတ်ပေးရမည်။

၇၂။ (က) အသေးစားတီထွင်မှု မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ၂ လအတွင်း သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး ခိုင်လုံသော သက်သေခံအထောက်အထားများဖြင့် မှတ်ပုံတင်အရာရှိထံ ကန့်ကွက်စာတင်သွင်းနိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိသည် ကန့်ကွက်ချက်ကို လျှောက်ထားသူထံ အကြောင်းကြားရမည်။

၇၃။ (က) အသေးစားတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် ၎င်း၏ သဘောတူညီချက်မပါဘဲ ပုဒ်မ ၃၈ ပါ ပြုလုပ်မှုတစ်ရပ်ရပ်ဖြင့် ၎င်း၏အသေးစား တီထွင်မှုမူပိုင်ခွင့်တွင် ထိပါးချိုးဖောက်သူ မည်သူ့ကိုမဆို ဤဥပဒေနှင့်အညီ တရားရုံးတွင် တရားစွဲဆိုခွင့်ရှိသည်။

(ခ) တရားရုံးသည် မှတ်ပုံတင်အရာရှိက အဆိုပါအသေးစားတီထွင်မှုမူပိုင်ခွင့်ကို စစ်ဆေးနေစဉ်ကာလအတွင်း ထိပါးချိုးဖောက်ခြင်းကို တားမြစ်နိုင်ရန် သို့မဟုတ် တရားစွဲဆိုထားသော ချိုးဖောက်မှုနှင့်စပ်လျဉ်းသည့် သက်ဆိုင်ရာ သက်သေခံအထောက်အထားများအား ထိန်းသိမ်းနိုင်ရန် ယာယီအရေးယူဆောင်ရွက်ချက်များကို အမိန့်ချမှတ်နိုင်သည်။

**အခန်း(၁၇)**

**တီထွင်မှုမူပိုင်ခွင့် အပြည်ပြည်ဆိုင်ရာလျှောက်ထားခြင်း**

၇၄။ ဤဥပဒေအာဏာတည်ပြီးနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် အပြည်ပြည်ဆိုင်ရာ တီထွင်မှုမူပိုင်ခွင့် ပူးပေါင်းဆောင်ရွက်ရေး

*စာမျက်နှာ ၁၈ သို့*

စာမျက်နှာ ၁၇ မှ

သဘောတူစာချုပ်သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးပါက မြန်မာနိုင်ငံအား ရွေးချယ်လျှောက်ထားသည့် အပြည်ပြည်ဆိုင်ရာ လျှောက်ထားခြင်းကိုဖြစ်စေ၊ မြန်မာနိုင်ငံမှလျှောက်ထားမည့် အပြည်ပြည်ဆိုင်ရာ လျှောက်ထားခြင်းကို ဖြစ်စေ လျှောက်ထားလိုပါက သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၇၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာနိုင်ငံအား ဖော်ပြလျှောက်ထားသော အပြည်ပြည်ဆိုင်ရာ လျှောက်ထားချက်တစ်ခုကို တီထွင်မှုမူပိုင်ခွင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အရခွင့်ပြုသော အပြည်ပြည်ဆိုင်ရာ လျှောက်ထားသည့်နေ့ရက်အား မြန်မာနိုင်ငံတွင် လျှောက်ထားသည့် နေ့ရက်အဖြစ်သတ်မှတ်ပြီး ဤဥပဒေအရလျှောက်ထားသော တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်တစ်ခုအဖြစ် မှတ်ယူရမည်။

၇၆။ မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသည် မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံတွင် နေထိုင်သူတစ်ဦးက အပြည်ပြည်ဆိုင်ရာ လျှောက်ထားချက်တစ်ခု တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ လျှောက်လွှာလက်ခံသည့် ရုံးအဖြစ် ဆောင်ရွက်ရမည်။

၇၇။ မြန်မာနိုင်ငံအသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသည် ဤဥပဒေအရ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုအကာအကွယ်ကိုရရှိရန် မြန်မာနိုင်ငံကို ဖော်ပြလျှောက်ထားလာသော အပြည်ပြည်ဆိုင်ရာ လျှောက်ထားချက်တစ်ခုနှင့်စပ်လျဉ်း၍ တာဝန်ယူဆောင်ရွက်ရန် သတ်မှတ်ထားသည့်ရုံးအဖြစ် ဆောင်ရွက်ရမည်။

## အခန်း(၁၈)
## အယူခံခြင်း

၇၈။ (က) မှတ်ပုံတင်အရာရှိက ဤဥပဒေအရချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ချမှတ်ကြောင်း ထုတ်ပြန်ကြေညာသည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံမှုတွင် ညွှန်ကြားရေးမှူးချုပ်သည် မှတ်ပုံတင်အရာရှိ၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် သက်သေခံအထောက်အထားများ ထပ်မံရယူရန် ညွှန်ကြားနိုင်သည်။

၇၉။ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သောဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း တရားရုံးသို့ အယူခံဝင်နိုင်သည်။

## အခန်း (၁၉)
## တီထွင်မှုမူပိုင်ခွင့်ထိပါးချိုးဖောက်မှုများအတွက် တရားရုံးက ဆောင်ရွက်နိုင်သော လုပ်ထုံးလုပ်နည်းများ

၈၀။ (က) တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်၏ အခွင့်အရေးများကို ထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ တရားမကြောင်းဖြင့် တရားစွဲဆိုရာတွင် တီထွင်မှုမူပိုင်ခွင့်ပါ အကြောင်းအရာသည် ထုတ်ကုန်ပစ္စည်းတစ်ခုကို ရရှိနိုင်သည့် ထုတ်လုပ်မှုနည်းစဉ်တစ်ရပ်ဖြစ်ပါက ထပ်တူညီသော ထုတ်ကုန်ပစ္စည်းတစ်ခုကို ထုတ်လုပ်ရာ၌ အသုံးပြုသော ထုတ်လုပ်မှုနည်းစဉ်သည် တီထွင်မှုမူပိုင်ခွင့်ရရှိထားသော ထုတ်လုပ်မှုနည်းစဉ်နှင့် ကွဲပြားခြားနားကြောင်း သက်သေပြရန် တရားပြိုင်အား အမိန့်ချမှတ်နိုင်သည်။

(ခ) တီထွင်မှု မူပိုင်ခွင့်ရရှိထားသောနည်းစဉ်ဖြင့် ထုတ်လုပ်ထားသော ထုတ်ကုန်သည် အသစ်ဖြစ်လျှင် တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်၏ ခွင့်ပြုချက်မရရှိဘဲ ထုတ်လုပ်ထားသည့် တူညီသော မည်သည့်ထုတ်ကုန်ပစ္စည်းကိုမဆို ဆန့်ကျင်ကွဲလွဲသည့် သက်သေမပြနိုင်လျှင် တီထွင်မှုမူပိုင်ခွင့်ရရှိထားသောနည်းစဉ်ဖြင့် ထုတ်လုပ်ထားသည်ဟု မှတ်ယူရမည်။

(ဂ) တရားရုံးသည် ယင်း၏ရှေ့မှောက်၌ စွဲဆိုလာသော တရားစွဲဆိုမှုများအတွက် ပုဒ်မခွဲ (က)အရ သက်သေခံအထောက်အထားတင်ပြရန် တောင်းခံရာတွင် ချိုးဖောက်ကျူးလွန်သည့် တရားပြိုင်က ၎င်း၏ ထုတ်လုပ်မှုနည်းစဉ်များနှင့် စီးပွားရေးဆိုင်ရာ လျှို့ဝှက်ချက်များကို ထုတ်ဖော်ပြသခြင်းမရှိခဲ့လျှင် ထိုသူ၏ တရားဝင်အကျိုးစီးပွားများကို ထည့်သွင်းစဉ်းစားရမည်။

၈၁။ (က) တရားရုံးသည် တီထွင်မှုမူပိုင်ခွင့် ထိပါးချိုးဖောက်မှုများနှင့် စပ်လျဉ်း၍ အောက်ပါယာယီအရေးယူဆောင်ရွက်သည့် အမိန့်များကို ချမှတ်နိုင်သည်-

(၁) တီထွင်မှုမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်ခြင်းအား ကာကွယ်တားဆီးရန်နှင့် အကောက်ခွန်ကင်းလွတ်ခွင့်ရပြီး လျှင်ပြီးချင်း တင်သွင်းသော ကုန်ပစ္စည်းများအပါအဝင် တီထွင်မှုမူပိုင်ခွင့် အခွင့်အရေး ထိပါးချိုးဖောက်သည့် ကုန်ပစ္စည်းများ မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးနယ်ပယ်အတွင်းသို့ ဝင်ရောက်လာခြင်းကို ကာကွယ်တားဆီးရန်၊

(၂) တီထွင်မှုမူပိုင်ခွင့် ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကုန်ပစ္စည်းများနှင့်သက်ဆိုင်သည့် သက်သေခံအထောက်အထားများအား မူလအခြေအနေမပျက်ထိန်းသိမ်းထားရန်။

(ခ) တရားရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် တစ်ဖက်အမှုသည်၏မျက်ကွယ်၌ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်များကို ချမှတ်နိုင်သည်-

(၁) အခွင့်အရေးရရှိသူကို ပြင်ဆင်၍မရနိုင်သော ထိခိုက်နစ်နာစေနိုင်သည့် နှောင့်နှေးကြန့်ကြာမှု တစ်စုံတစ်ရာရှိခြင်း၊

(၂) သက်သေခံအထောက်အထားများကို ဖျက်ဆီးခံရမည့် အန္တရာယ် အမှန်တကယ်ကျရောက်နေခြင်း။

(ဂ) တရားရုံးသည်-

(၁) လျှောက်ထားသူသည် အခွင့်အရေးရရှိသူဖြစ်ကြောင်း၊ ၎င်း၏ အခွင့်အရေးကို ထိပါးချိုးဖောက်နေကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာရှိကြောင်း ကျေနပ်စေလောက်သည့် ခိုင်လုံသော အ ထောက်အထားဖြစ်စေရန် အလို့ငှာ လျှောက်ထားသူအား လိုအပ်သည့် သက်သေခံအထောက်အထားများတင်ပြရန် တောင်းဆိုနိုင်သည်။

(၂) လျှောက်ထားသူက အလွဲသုံးစားပြုလုပ်ခြင်းမှ ကာကွယ်တားဆီးရန်နှင့် တရားပြိုင်အားကာကွယ်ရန်အတွက် အာမခံချက်တစ်ရပ်တင်သွင်းရန် လျှောက်ထားသူအား တောင်းဆိုနိုင်သည်။

(ဃ) တရားရုံးသည် တစ်ဖက်အမှုသည်၏မျက်ကွယ်၌ ချမှတ်သော ယာယီအရေးယူ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးလျှင် ပြီးချင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ထိခိုက်နစ်နာသူများထံ အသိပေးအကြောင်းကြားရမည်။ အဆိုပါ အရေးယူဆောင်ရွက်ချက် များကို တရားရုံးကသတ်မှတ်သည့် သင့်လျော်သော အချိန်ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ချက်မရှိခဲ့လျှင် ရုံးဖွင့်ရက် ၂၀ ရက်အတွင်း ပြီးမြောက်အောင်ဆောင်ရွက်ရမည်။ အဆိုပါ အရေးယူဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် အတည်ပြုခြင်းတို့အား ဆုံးဖြတ်ပေးရန် တစ်ဖက်အမှုသည်၏ တောင်းဆိုချက်အရ ကြားနာခွင့်အပါအဝင် ပြန်လည်စစ်ဆေးခြင်း တစ်ရပ်ကို ရုံးဖွင့်ရက် ၂၀ ရက်အတွင်း ဆောင်ရွက်ရမည်။

(င) တရားရုံးသည် တီထွင်မှုမူပိုင်ခွင့် ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံ ရသော ကုန်ပစ္စည်းများအား ခွဲခြားသတ်မှတ်နိုင်ရန်အတွက် လိုအပ်သော အခြား သတင်းအချက်အလက်များကို တင်ပြရန် လျှောက်ထားသူထံမှ တောင်းဆိုနိုင်သည်။

(စ) တောင်းဆိုထားသည့် ယာယီအရေးယူဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အရေးယူဆောင်ရွက်ချက်များကို ချမှတ်သော တရားရုံးက သတ်မှတ်ထားသည့် သင့်လျော်သောကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ထားခြင်းမရှိခဲ့လျှင် ရုံးဖွင့် ရက် ၂၀ ရက် သို့မဟုတ် ပြက္ခဒိန်ရက် ၃၁ ရက်တို့အနက် ပိုမိုကြာမြင့်သည့် အချိန်ကာလ ထက်မပိုသော အချိန်အတွင်း တရားစွဲဆိုမှု အပေါ်ဆောင်ရွက်ချက်များကို စတင်ခဲ့ခြင်းမရှိခဲ့လျှင် ပုဒ်မခွဲ (ဃ)ကို မထိခိုက်စေဘဲ ပုဒ်မခွဲ (က)နှင့် (ခ)တို့အရ ချမှတ်ထားသော ယာယီအရေးယူ ဆောင်ရွက်ချက်များကို တရားပြိုင်၏ တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် တစ်နည်းအားဖြင့် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

(ဆ) တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ချက်များအား ရုပ်သိမ်းလျှင်ဖြစ်စေ၊ လျှောက်ထားသူ၏ပျက်ကွက်မှု သို့မဟုတ် ပြုလုပ်မှုတစ်ရပ်ရပ်ကြောင့် ဆိုင်းငံ့လျှင်ဖြစ်စေ၊ တီထွင်မှုမူပိုင်ခွင့်အခွင့်အရေး ချိုးဖောက်ခြင်းမရှိကြောင်း သို့မဟုတ် ချိုးဖောက်ရန်အလားအလာ မရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ တရားပြိုင်၏ တောင်းဆိုချက်အရ အဆိုပါ အရေးယူဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်သော ထိခိုက်နစ်နာမှုများ အတွက် နစ်နာမှုနှင့်ညီမျှသည့် သင့်လျော်သော လျော်ကြေးပေးဆောင်ရန် လျှောက်ထားသူကို အမိန့်ချမှတ်နိုင်သည်။

၈၂။ တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ တရားမဆိုင်ရာဥပဒေများနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) အကောက်ခွန်ကင်းလွတ်ခွင့် ရပြီးလျှင်ပြီးချင်း တ င်သွင်းလာသော တီထွင်မှုမူပိုင်ခွင့်ချိုးဖောက်ထားသည့် ကုန်ပစ္စည်းများ မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေး နယ်ပယ်အတွင်းသို့ ဝင်ရောက်လာခြင်းအား ကာကွယ်တားဆီးခြင်းအပါအဝင် တီထွင်မှုမူပိုင်ခွင့် ထိပါးချိုးဖောက်မှုကို ရပ်ဆိုင်းရန် ချမှတ်သည့်အမိန့်၊

(ခ) (၁) တီထွင်မှုမူပိုင်ခွင့် ထိပါးချိုးဖောက်ခြင်းကြောင့် အခွင့်အရေး ရရှိသူ၏ ထိခိုက်နစ်နာမှုများအတွက် ပေးလျော်ရန် လုံလောက်သော နစ်နာကြေးအား ထိပါးချိုးဖောက်သူမှ အခွင့်အရေး ရရှိသူထံ ပေးဆောင်ရန်အတွက် ချမှတ်သည့်အမိန့်၊ သင့်လျော်သောကိစ္စရပ်များတွင် တရားရုံးသည် မူလရင်းနှီးမြှုပ်နှံထားသော နစ်နာကြေးကိုဖြစ်စေ၊ အကျိုးအမြတ်ကိုဖြစ်စေ၊ နှစ်ရပ်လုံးကို ဖြစ်စေ ပြန်လည်ရရှိစေရန် အစားထိုးအမိန့်၊

(၂) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့ အပါအဝင် ကျသင့်သော ကုန်ကျစရိတ်များအား ပေးဆောင်ရန်အမိန့်။

၈၃။ အရေးယူမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အလွဲသုံးစားပြုသော အခွင့်အရေးရရှိသူသည် ထိုကဲ့သို့ အလွဲသုံးစားပြုခြင်းကြောင့် နစ်နာမှုအတွက် မှားယွင်းစွာဟန့်တားခံရသည့် တရားပြိုင်အား လျော်ကြေး ပေးဆောင်ရန် တာဝန်ရှိသည်။ ထို့အပြင် တရားရုံးသည် တရားပြိုင်၏ ကျသင့်သည့် ရှေ့နေစရိတ်အပါအဝင်ဖြစ်သော တရားစရိတ်နှင့်အခြား ကုန်ကျစရိတ်များအား အခွင့်အရေးရရှိသူက ပေးဆောင်ရန် အမိန့်ချမှတ်ရမည်။

၈၄။ (က) တရားရုံးသည် အောက်ပါအခြေအနေများတွင် တရားမကျင့်ထုံးဥပဒေပါပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သင့်လျော်သောကိစ္စရပ်များတွင် လျှို့ဝှက်သတင်းအချက်အလက်များကို အကာအကွယ်ပေးလျက် သက်သေခံအထောက်အထားများကို တရားပြိုင်က တင်ပြရန် အမိန့်ချမှတ်နိုင်သည်-

(၁) အခွင့်အရေးရရှိသူက ၎င်း၏တောင်းဆိုချက်များကို လုံလောက်စွာ အထောက်အကူပြုနိုင်မည့် ခိုင်လုံသောသက်သေခံအထောက်အထားများကို တင်ပြထားသောအခါ၊

(၂) ၎င်းတောင်းဆိုချက်များနှင့် ဆီလျော်သည့် ခိုင်လုံသော သက်သေခံအထောက်အထားများသည် တရားပြိုင်၏လက်ဝယ်တွင်ရှိကြောင်း တိကျစွာဖော်ပြထားသောအခါ။

(ခ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ မိမိသဘောဆန္ဒအလျောက် ထိပါးချိုးဖောက်မှုတွင် တရားရုံးသည် အောက်ပါအခြေအနေများ၌ ထိခိုက်နစ်နာသူနှင့် ထိပါးချိုးဖောက်သူတို့၏ စွပ်စွဲချက်များ သို့မဟုတ် သက်သေခံအထောက်အထားများအရ ကြားနာခွင့်ပေးပြီး ၎င်းတို့အပြန်အလှန်စွပ်စွဲ ငြင်းဆိုသည့်အချက်များအပါအဝင် သတင်းအချက်အလက်များအပေါ် အခြေခံ၍အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်းစသည့် ပဏာမနှင့် အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည်-

(၁) လိုအပ်သည့် သတင်းအချက်အလက်များကို ရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သောကာလအတွင်း လိုအပ်သော သတင်းအချက်အလက်များအား မပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့် စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာဟန့်တားလျှင်။

၈၅။ တရားရုံးသည် တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးနှင့်စပ်လျဉ်း၍ ထိပါးချိုးဖောက်သော ကုန်ပစ္စည်းများကို ဖြန့်ဖြူးခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းတွင် ပါဝင်ပတ်သက်သော အခြားသူများမှာ မည်သူမည်ဝါဖြစ်ကြောင်း တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် အခွင့်အရေးရရှိသူအား အသိပေးစေရန် ထိပါးချိုးဖောက်သူကို အမိန့်ချမှတ်နိုင်သည်။

၈၆။ တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်အခွင့်အရေးကို ထိပါးချိုးဖောက်ခြင်းအတွက် ယာယီအရေးယူဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အမိန့်ချမှတ်ရန် ဤဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့် တရားမကျင့်ထုံးဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

## အခန်း(၂၀)
## ပြစ်ဒဏ်များ

၈၇။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ သိန်းနှစ်ဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) တီထွင်မှုမူပိုင်ခွင့်ကို မမှန်မကန်ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုစေခြင်း၊

(ခ) မှတ်ပုံတင်စာရင်းတွင် မမှန်မကန်ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း၊

(ဂ) တီထွင်မှု မူပိုင်ခွင့်လျှောက်ထားချက်နှင့်အတူ တီထွင်မှုဆိုင်ရာ အသေးစိတ် အချက်အလက်များနှင့်သက်ဆိုင်သော စာတမ်းအမှတ်အသားများကို ထုတ်ပြန်ကြေညာခြင်းမပြုမီ သတ်မှတ်သည့်ကာလအတွင်း၌ မသက်ဆိုင်သူအား ထုတ်ဖော်အသိပေးခြင်း၊

(ဃ) တီထွင်မှုဆိုင်ရာ အသေးစိတ်အချက်အလက်များကို သက်ဆိုင်မှုမရှိသူအား ခွင့်ပြုချက်မရှိဘဲပေးအပ်ခြင်း၊ အများပြည်သူသို့ ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်း။

၈၈။ မည်သူမဆို ထုတ်ကုန်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက် တင်သွင်းထားခြင်းမရှိဘဲဖြစ်စေ၊ တင်သွင်းထားခဲ့သည့် လျှောက်ထားချက်ကို ငြင်းပယ်ခံထားရလျက်ဖြစ်စေ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို တင်သွင်းထားသည်ဟုလည်းကောင်း၊ တီထွင်မှုမူပိုင်ခွင့်ရရှိခြင်းမရှိဘဲ တီထွင်မှုမူပိုင်ခွင့်ရရှိပြီးဖြစ်သည်ဟုလည်းကောင်း တစ်နည်းနည်းဖြင့် မမှန် မကန်ဖော်ပြကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ၆ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ သိန်းနှစ်ဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၉။ မည်သူမဆို တရားရုံးက ပုဒ်မ ၈၅ အရ ချမှတ်သောအမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ တစ်ဆယ့်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

## အခန်း (၂၁)
## အထွေထွေ

၉၀။ ဤဥပဒေအရ ပြစ်မှုကြောင်းဖြင့်ဖြစ်စေ၊ တရားမကြောင်းဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်းနှင့် တရားမကြောင်းနှစ်ရပ်လုံးဖြင့်ဖြစ်စေ စွဲဆိုသောအမှုများနှင့်စပ်လျဉ်း၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာတရားရုံးနှင့် ယင်းရုံး၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းထားသည့် တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့်လုပ်ပိုင်ခွင့်များသည် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေတွင်ပြဋ္ဌာန်းထားသည့် စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များအတိုင်းဖြစ်သည်။

၉၁။ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ရာတွင် တစ်စုံတစ်ဦးအား ထိခိုက်နစ်နာစေမည်ဆိုပါက ထိုသူအား တင်ပြကြားနာခွင့်ပေးရမည်။

၉၂။ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၉၃။ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်း တာဝန်ခံလက်မှတ်ရေးထိုးပြီး တံဆိပ်ခတ်နှိပ်ထားသော တီထွင်မှုမူပိုင်ခွင့် လက်မှတ်မိတ္တူနှင့် အထောက်အထားစာရွက်စာတမ်းများကို သက်ဆိုင်ရာတရားရုံးတွင် သက်သေခံအဖြစ် တင်ပြခွင့်ရှိသည်။

၉၄။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့တင်ပို့ရန်မလွယ်ကူပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ ယင်းသက်သေခံပစ္စည်းကို မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားသက်သေခံစာရွက်စာတမ်း အထောက်အထားများကို တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့တွင် သက်သေခံပစ္စည်းတင်ပြသကဲ့သို့မှတ်ယူ၍ သက်ဆိုင်ရာတရားရုံးက ဤဥပဒေနှင့်အညီ အဆိုပါပစ္စည်းကို စီမံခန့်ခွဲရန်အတွက် အမိန့်ချမှတ်ရမည်။

၉၅။ တီထွင်ထားသည့် ထုတ်ကုန်နှင့် ထုတ်လုပ်မှုနည်းစဉ်တို့သည် ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ မည်သည့်ပုံစံဖြင့်မဆိုရှိစေကာမူ ရွှေ့ပြောင်းနိုင်သောပစ္စည်းအဖြစ် မှတ်ယူရမည်။

၉၆။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် အစိုးရဌာနနှင့် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်က စီးပွားရေးအလို့ငှာမဟုတ်ဘဲ နိုင်ငံတော်၏ အရေးပေါ်အခြေအနေနှင့် အများပြည်သူဘေးအန္တရာယ်ဆိုင်ရာ ကိစ္စများတွင် တီထွင်မှုမူပိုင်ခွင့်နှင့် သက်ဆိုင်သော ကုန်ပစ္စည်းတစ်ခုခုကို အသုံးပြုခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၉၇။ အငြင်းပွားသူပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို တရားမကြောင်းအရဖြစ်စေ၊ နှစ်ဦးနှစ်ဖက်ညှိနှိုင်းစေခြင်းဖြင့် ချစ်ကြည်ရင်းနှီးစွာဖြေရှင်းသည့်နည်းလမ်းအရဖြစ်စေ ဖြေရှင်းနိုင်သည်။

၉၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) တာဝန်ခံဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) တာဝန်ခံဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လည်းကောင်း၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသည် အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

# စီးရီးအေရပ်ဝန်းက လှပတဲ့အနာဂတ်ပုံဖော်မယ့် ထိပ်တန်းကလပ်တွေ



## မိုးမြင့်လင်းလက်

လာမယ့်ဩဂုတ်လမှာ ဥရောပထိပ်တန်းလိဂ်ပြိုင်ပွဲတွေ စတင်တော့မှာ ဖြစ်ပါတယ်။ ရာသီအကြိုခြေစမ်းပွဲစဉ်တွေ၊ ဘောလုံးသမားအသစ်ခေါ်ယူမှုတွေနဲ့ ပြင်ဆင်နေတဲ့အချိန်မှာ အီတလီနိုင်ငံရဲ့ စီးရီးအေပွဲစဉ်တွေကို အကောင်းဆုံးယှဉ်ပြိုင်နိုင်ဖို့ ထိပ်တန်းကလပ်တွေ ပြင်ဆင်နေကြပြီဖြစ်ပါတယ်။ လုပ်ပွဲတွေ၊ မသမာမှုတွေနဲ့ ရောပြွန်းပြီး ပုံရိပ်ကောင်းတွေကျဆင်းနေတဲ့ စီးရီးအေအသင်းတွေဟာ ရာသီအကြိုကာလမှာ ဘောလုံးသမားသစ်တွေကို ခေါ်ယူပြီး ပြင်ဆင်နေကြတာမို့ စီးရီးအေထိပ်တန်းကလပ်တွေရဲ့ လှုပ်ရှားမှုကို လေ့လာကြည့်တဲ့အခါ စိတ်ဝင်စားစရာတွေ တွေ့မြင်နေရပြီဖြစ်ပါတယ်။

စီးရီးအေရဲ့ ထိပ်တန်းကလပ် ဂျူဗင်တပ်စ်ကတော့ ရာသီအကြိုလှုပ်ရှားမှုအဖြစ် အူဒီးနီးစ်အသင်းမှ ပီရီယာကို ပြောင်းရွှေ့ကြေး ယူရို ၁၄ သန်းနဲ့ ခေါ်ယူလိုက်ပြီဖြစ်သလို အက်သလက်တီကိုက မန်ဇူကစ်ကိုလည်း ပြောင်းရွှေ့ကြေး ယူရို ၁၉ သန်းနဲ့ ရအောင်ခေါ်ယူထားနိုင်ပြီဖြစ်ပါတယ်။ ဂျူဗင်တပ်စ်ဟာ ဒီနှစ်နွေရာသီဘောလုံးသမားအပြောင်းအရွှေ့ကာလမှာ ဈေးအကြီးဆုံးပေးပြီး ခေါ်ယူခဲ့တဲ့ ကစားသမားက ပါလာမိုအသင်းက ဒိုင်ဘာလာဖြစ်ပြီး ပြောင်းရွှေ့ကြေး ယူရို ၃၂ သန်းအထိပေးပြီး ခေါ်ယူခဲ့ခြင်းဖြစ်ပါတယ်။

ဂျူဗင်တပ်စ်အသင်းဟာ အခုနွေရာသီအပြောင်းအရွှေ့မှာ အကောင်းဆုံးခေါ်ယူမှုကတော့ ရီးရဲမက်ဒရစ်က ခီဒီယာဖြစ်ပြီး အလွတ်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူထားပြီဖြစ်ပါတယ်။ အားထားရတဲ့ ကစားသမားတစ်ဦးဖြစ်ပြီး ပင်ကိုပါရမီရှင်တစ်ဦးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဂျူဗင်တပ်စ်က ခီဒီယာကို ခေါ်ယူနိုင်ခြင်းဟာ လာမယ့်ဘောလုံးရာသီမှာလည်း အောင်မြင်မှုတွေ မှတ်တမ်းတွင်ရစ်အောင် ကြိုးစားဖို့ အရေးပါတဲ့ခြေလှမ်း တစ်လှမ်းအဖြစ် ရှုမြင်နေပါတယ်။ ဒါ့အပြင် တာနာနာကလပ်က ဘရစ်နိုလီကို ပြောင်းရွှေ့ကြေး ယူရို ၁ ဒသမ ၇၅ သန်းနဲ့ ခေါ်ယူထားပြီဖြစ်လို့ ဂျူဗင်တပ်စ်ရဲ့ ဒီနှစ် ကစားသမားခေါ်ယူမှုကတော့ ပြည့်စုံလုနီးပါးဖြစ်နေတာမို့ ဂျူဗင်တပ်စ်ရဲ့ လာမယ့်ရာသီခြေစွမ်းကို စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ရာသီမှာ ချန်ပီယံမဖြစ်ခဲ့လို့ သင်ခန်းစာတွေရရှိထားတဲ့ ရိုးမားတို့ကတော့ ဘောလုံးသမားသစ်ခေါ်ယူမှုအဖြစ် ဘိုကာဂျူနီယာ အသင်းမှ ပါရီဒက်စ်ကို ပြောင်းရွှေ့ကြေး ပေါင် ၄ ဒသမ ၅ သန်း၊ ကက်ဂလီယာရီအသင်းက နိုင်ဂိုလန်ကို ပြောင်းရွှေ့ကြေး ယူရို ၁၄ သန်း၊ အမ်ပိုလီအသင်းမှ ရာဒန်ဂျစ်ကိုလည်း ခေါ်ယူထားတဲ့အပြင် ဂျီနိုအာအသင်းမှ တိုက်စစ်မှူး ဖယ်လ်ကေးနဲ့ ကွင်းလယ်လူ ဘာတိုလက်စီတို့ကိုလည်း ခေါ်ယူထားပါတယ်။ ဒါကြောင့် လာမယ့်ဘောလုံးရာသီမှာ ရိုးမားတို့ကလည်း ဘောလုံးသမားအသစ်တွေနဲ့ အားဖြည့်ထားပြီး စီးရီးအေချန်ပီယံအဖြစ် မျှော်မှန်းချက်ကြီးကြီးထားပြီး ပြင်ဆင်နေပြီဖြစ်ပါတယ်။

ပြီးခဲ့တဲ့ရာသီမှာ ရှုံးနိမ့်ခဲ့ရတဲ့ အင်တာမီလန်တို့ကလည်း ဘောလုံးသမားသစ်ခေါ်ယူမှုတွေ ပြုလုပ်ထားပြီဖြစ်ပါတယ်။ ထူးခြားတဲ့ ခေါ်ယူမှုကတော့ မိုနာကိုအသင်းမှ ကွန်ဒေါ်ဘီယာဖြစ်ပြီး ပြောင်းရွှေ့ကြေး ယူရိုသန်း ၄၀ နဲ့ ခေါ်ယူထားခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ဂရန်နာဒါအသင်းက မူရီလိုကို ပြောင်းရွှေ့ကြေး ယူရို ၈ သန်းနဲ့ ခေါ်ထားပြီးဖြစ်သလို နယူးကာဆယ်အသင်းက ဒေးဗစ်ဆန်တန်ကိုလည်း ပြောင်းရွှေ့ကြေး ယူရို ၃ ဒသမ ၇ သန်းနဲ့ ခေါ်ယူထားခဲ့ပြီဖြစ်ပါတယ်။ နောက်ပြီး အက်သလက်တီကိုမက်ဒရစ်က မီရန်ဒါကိုလည်း အငှားခေါ်ယူအားဖြည့်ထားပါတယ်။ အင်တာမီလန်က ဘီနက်စီဟာ တိုရီနိုအသင်းကို ပြောင်းရွှေ့သွားပေမယ့် အင်တာမီလန်ဟာ လာမယ့်ရာသီအတွက် တောက်ပတဲ့ အနာဂတ်ကို ဖန်တီးနိုင်ဖို့ အားသစ်တွေဖြည့်ဆည်းထားပြီဖြစ်ပါတယ်။

အေစီမီလန်တို့ကတော့ ရိုးမားအသင်းက ဘာတိုလက်စီကို ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ နဲ့ ခေါ်ယူထားပြီဖြစ်သလို တိုရီနိုအသင်းက ဗာဒီကိုလည်း ယူရို ၄ ဒသမ ၅ သန်းနဲ့ အားဖြည့်ထားပြီဖြစ်ပါတယ်။ ဒါပေမယ့် အေစီမီလန်အသင်းကနေပြီး ရော်ဘင်ဟိုထွက်ခွာဖို့ရှိနေတာမို့ လူသစ်ထပ်ခေါ်ဖို့ ပြင်ဆင်မှုတွေပြုလုပ်နေပြီဖြစ်ပါတယ်။ ဒါ့အပြင် အေစီမီလန်မှ တာပိုနာရာက အမ်ပိုလီအသင်းကို ယူရို လေးသန်းနဲ့ ပြောင်းရွှေ့သွားပြီဖြစ်သလို အက်ဆီယန်ကလည်း ပါနာသီနာကိုစ်အသင်းကို အလွတ်ပြောင်းရွှေ့မှုနဲ့ ရောက်ရှိသွားတာမို့ အေစီမီလန်ဟာ လာမယ့်ရာသီမှာ ရလဒ်တွေကောင်းဖို့ ကစားသမားအသစ် ဖြည့်ဆည်းမှုတွေ၊ ပြင်ဆင်မှုတွေပြုလုပ်ရဦးမှာ ဖြစ်ပါတယ်။

လာမယ့်ရာသီမှာ ရည်မှန်းချက်ကြီးကြီးထားနေတဲ့ အသင်းကတော့ လာဇီယိုတို့ပဲဖြစ်ပါတယ်။ လာဇီယိုဟာ ငွေကြေးနည်းနည်းပဲသုံးပြီး ကစားသမားသစ်တွေခေါ်ယူတဲ့အခါ အူဒီးနီးစ်အသင်းမှ ဘက်စ်တာကို ပြောင်းရွှေ့ကြေး ယူရို ငါးသန်းနဲ့ ခေါ်ယူထားသလို စပို့တင်းလစ္စဘွန်းက မာရီစီယိုကိုလည်း ပြောင်းရွှေ့ကြေး ယူရို ၂ ဒသမ ၆၅ သန်းနဲ့ ခေါ်ယူထားပါတယ်။ ဒါ့အပြင် ဘာစီလိုနာ(ဘီ)အသင်းမှ ပက်ထရစ်ကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူထားသလို အယ်လ်ကမာအသင်းမှ ဝက်စ်လေဟောကိုလည်း ပြောင်းရွှေ့ကြေး ယူရို ငါးသိန်းနဲ့ ခေါ်ယူထားပြီဖြစ်လို့ အခုဆိုရင် အသင်းခြေစမ်းပွဲအတွက် အမေရိကန်နိုင်ငံကို ခရီးထွက်မှာဖြစ်ပါတယ်။

စီးရီးအေဟာ ဘောလုံးပွဲမသမာမှု၊ အရှုပ်တော်ပုံတွေကြောင့် ကမ္ဘာ့ပရိသတ်တွေအလယ် ပုံရိပ်ကျဆင်းမှုဖြစ်နေပေမယ့် အသင်းတိုင်းဟာ ရာသီကြိုပြင်ဆင်မှုတွေနဲ့ လှုပ်လှုပ်ရှားရှားရှိနေတာတော့ အမှန်ပါပဲ။ ။

# အသင်းသစ်မတွေ့တဲ့ ဗန်ပါစီ မန်ယူပြန်ရတော့မယ်ဆိုပဲ



ဟော်လန်တိုက်စစ်မှူး ဗန်ပါစီဟာ မန်ယူမှ ထွက်ခွာရတော့မယ်လို့ ကောလာဟလများ ပြောဆိုနေခြင်းအပေါ် သူ့ရဲ့ အေးဂျင့်က ငြင်းဆိုလိုက်ပါတယ်။ ဗန်ပါစီဟာ တနင်္လာနေ့မှစပြီး ကာရင်တန်လေ့ကျင့်ရေးကွင်းမှာ မန်ယူကစားသမားတွေနဲ့ စတင်ပြီးလေ့ကျင့်နေပြီလို့ ဆိုပါတယ်။ ဗန်ပါစီအနေနဲ့ တူရကီကလပ်တစ်ခုသို့ ပြောင်းရွှေ့လိမ့်မယ်လို့ သတင်းတွေ ထွက်ပေါ်ခဲ့ပေမယ့် ကလပ်နှစ်ခုကြား ဆွေးနွေးညှိနှိုင်းမှုတွေ မအောင်မြင်ခဲ့တဲ့အတွက် မန်ယူကိုပဲ ပြန်လာပြီလို့ ဆိုပါတယ်။ ပြီးခဲ့တဲ့ရာသီက ဂိုးများများ သွင်းပေးနိုင်ခဲ့ခြင်းမရှိတဲ့ ဗန်ပါစီအပေါ် တစ်နိုင်ငံတည်းသား နည်းပြ ဗန်ဟားလ်က မန်ယူမှာ ဆက်ပြီးထားချင်တဲ့အနေအထား မရှိဘူးလို့ ဆိုပါတယ်။ သို့ပေမယ့် ဗန်ပါစီအနေနဲ့ကတော့ သူ့ရဲ့ လက်ကျန်စာချုပ်ကုန်ဆုံးတဲ့အထိ မန်ယူမှာပဲ ဆက်လက်ကစားလိုတယ်လို့ ဆိုပါတယ်။ ဗန်ပါစီအနေနဲ့ မန်ယူမှာပဲ ဆက်ကစားဖို့ ဆန္ဒပြင်းပြနေပေမယ့် နည်းပြဗန်ဟားလ်ရဲ့ လိုလားခြင်းမရှိတဲ့အတွက် အသင်းသစ်ရှာဖွေရာမှာ မအောင်မြင်ခဲ့ဘူးလို့ ဆိုပါတယ်။ ဒါကြောင့်လည်း ရာသီကြိုကာလအထိတော့ ဗန်ပါစီဟာ မန်ယူနဲ့အတူ ရှိနေဦးမယ်လို့ ဆိုပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# စပါးကို ရောက်လာမယ့် အယ်လ်ဒါဝီယဲလ်



အက်သလက်တီကိုနောက်တန်းကစားသမား တိုဘီအယ်လ်ဒါဝီယဲလ်ကို စပါးက ပေါင် ၁၁ ဒသမ ၅ သန်းနဲ့ ခေါ်ယူဖို့သဘောတူလိုက်ပြီဖြစ်ပါတယ်။ အယ်လ်ဒါဝီယဲလ်ဟာ အက်သလက်တီကိုအသင်းမှာ အဓိကအားထားရတဲ့ ခံစစ်မှူးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ရာသီက ဆောက်သမ်တန်အသင်းမှာ လာရောက်အငှားကစားခဲ့တဲ့ အယ်လ်ဒါဝီယဲလ်ကို စပါးက ခေါ်ယူဖို့ ကြိုးစားခဲ့တာပါ။ ပရီမီယာလိဂ်မှာ လာရောက်ကစားဖူးတဲ့ ခံစစ်မှူး အယ်လ်ဒါဝီယဲလ်ကို စပါးက ခေါ်ယူဖို့မျက်စိကျနေတာကြာခဲ့ပါပြီ။ ယခုအနေမှာတော့ ပေါင် ၁၁ ဒသမ ၅ သန်းနဲ့ ခေါ်ယူဖို့ သဘောတူလိုက်ပြီဖြစ်ပါတယ်။ သို့ပေမယ့် စာချုပ်သက်တမ်းကိစ္စကိုတော့ နှစ်ဖက်အသင်းတာဝန်ရှိသူတွေ ဆွေးနွေးညှိနှိုင်းနေဆဲဖြစ်ပါတယ်။ မကြာမီ အပြီးသတ်စာချုပ်နိုင်မယ်လို့ မျှော်လင့်ရပါတယ်။ နောက်တန်း ကစားသမားကောင်းတစ်ဦးလိုအပ်နေတဲ့ စပါးအသင်းအတွက်တော့ အယ်လ်ဒါဝီယဲလ်ဟာ အကောင်းဆုံးဖြစ်လာလိမ့်မယ်လို့ ဆိုပါတယ်။ အယ်လ်ဒါဝီယဲလ်ဟာ ကလပ်အသင်းတွေမှာ ခြေစွမ်းပြနေသလို နိုင်ငံလက်ရွေးစင် ဘော့စနီးယားအသင်းမှာလည်း အဓိက ကစားသမားအဖြစ် ပါဝင်ကစားနေသူဖြစ်ပါတယ်။



# စတုတ်ဂိုးသမား ဘီဂိုဗစ်ကို မန်ယူပစ်မှတ်ထားနေ

ချယ်လ်ဆီးက ပေါင် ၈ သန်းပေးပြီး ခေါ်ယူဖို့ကြိုးစားနေတဲ့ စတုတ်ဂိုးသမား အက်ရှ်မီယာဘီဂိုဗစ်ကို ဂိုးသမားလိုအပ်နေတဲ့ အနီရောင်နတ်ဆိုး မန်ယူက ခေါ်ယူဖို့ကြိုးစားနေတယ်လို့ ဆိုပါတယ်။ ချယ်လ်ဆီးနဲ့ မန်ယူက စတုတ်ဂိုးသမားကို အပြိုင်ခေါ်ယူဖို့ ကြိုးစားနေပါတယ်။ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုအနေနဲ့ အာဆင်နယ်ကို ပြောင်းရွှေ့သွားတဲ့ ပီတာဆက်ချ်နေရာမှာ အစားထိုးနိုင်ဖို့ ဂိုးသမားတစ်ဦး အမြန်ဆုံးခေါ်ယူဖို့ ကြိုးစားနေတာပါ။ ပြီးခဲ့တဲ့ရာသီက ပုံမှန်ပွဲထွက်ခွင့်မရခဲ့တဲ့ ပီတာဆက်ချ်ဟာ အာဆင်နယ်ကို ပြောင်းသွားခဲ့ပါပြီ။ ဒီအတောအတွင်း မန်ယူကလည်း ပြီးခဲ့တဲ့ရာသီက အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့တဲ့ ဂိုးသမား ဒီဂီယာ စပိန်ကလပ် ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့နိုင်မယ့် အနေအထားကြောင့် ဂိုးသမားတစ်ဦးခေါ်ယူဖို့ ကြိုးစားနေတာပါ။ ဘော့စနီးယားလက်ရွေးစင် ဂိုးသမား ဘီဂိုဗစ်အနေနဲ့ ပြီးခဲ့တဲ့ရာသီက စတုတ်အသင်းအတွက် အကောင်းဆုံးကာကွယ်ပေးနိုင်ခဲ့ခြင်းကြောင့် ပရီမီယာလိဂ်ထပ်သီးတွေရဲ့ ပစ်မှတ်ဖြစ်လာခဲ့ပါတယ်။ သို့ပေမယ့် သူ့ရဲ့အသင်းပြောင်းရွှေ့မှုကတော့ မသေချာသေးပါဘူး။ ချယ်လ်ဆီး သို့မဟုတ် မန်ယူဖြစ်လာနိုင်ပါတယ်။

# အင်းတော်၌ အုတ်ဈေးများမြင့်တက်မှုရှိလာ

**အင်းတော် ဇူလိုင် ၇**


စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၌ ဇွန်လကုန်ရက်ပိုင်းကာလမှ စတင်ကာ အုတ်ဈေးများ မြင့်တက်လာကြောင်း သိရသည်။

"ကျွန်တော်တို့ အုတ်လုပ်ငန်းတွေလုပ်ရတာ ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလမှာ တွင်ကျယ်မှုရှိတယ်။ အေးတဲ့ရာသီမှာ အုတ်ထင်းတွေရှာဖွေရတာလည်း လွယ်တဲ့အပြင် အုတ်ဖုတ်တဲ့အခါမှာ စနစ်တကျပြင်ဆင်လို့ရတယ်။ အခု ဇွန်လအတွင်းမှာတော့ မိုးရွာလိုက် နေပူလိုက်ဆိုတော့ လုပ်ရ ကိုင်ရတာမလွယ်ဘူး။ မိုးရာသီမှာ အုတ်တွေလုပ်ကိုင်ရတာ မလွယ်ကူလို့ အုတ်တွေကို ဈေးမြင့်ပြီးတော့ ရောင်းသွားမှာဖြစ်ပါတယ်"ဟု အင်းတော်မြို့နယ်အတွင်းရှိ အုတ်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

အဆိုပါ အင်းတော်မြို့နယ်အတွင်းရှိသော အုတ်လုပ်ငန်းရှင်များမှာ ဆောင်းရာသီ ကာလများတွင် အုတ်ဖုတ်သည့် လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပြီး အုတ်တစ်ချပ်လျှင် ငွေကျပ် ၈၅ ကျပ်နှုန်းနှင့် ငွေကျပ် ၈၀ နှုန်းဖြင့် ရောင်းချလျက်ရှိသည်။ ယခုရက်ပိုင်းအတွင်း အုတ်တစ်ချပ်လျှင် ငွေကျပ် ၉၀ မှ ငွေကျပ် ၁၀၀ အထိ ဈေးမြင့်တက်လာကြောင်း သိရသည်။

အင်းတော်မြို့နယ် အတွင်း၌ တစ်ပိုင်တစ်နိုင် အုတ်လုပ်ငန်းများကိုလုပ်ကိုင်ကာ အုတ်ဖုတ်ပြီး ရောင်းချလေ့ရှိနေကြသော လုပ်ငန်းရှင်များမှာ ယခုအခါ အုတ်အရောင်းအဝယ်လုပ်ငန်းများ ဈေးနှုန်းမြင့်တက်လာပြီဖြစ်၍ ဝင်ငွေကောင်းကာ တွက်ခြေကိုက်နေကြပြီဖြစ်ကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**



# ဖုန်းဆက်သွယ်ရေးလိုင်းများ ကောင်းစေလို

**ဗန်းမော် ဇူလိုင် ၇**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်၌ ပြည်သူအများ ဆက်သွယ်ရေးလွယ်ကူစေရန် ၁၅၀၀ တန်ဖုန်းများချပေးခဲ့ကာ အစပိုင်းတွင် လိုင်းအတော်အသင့်ကောင်းမွန်သော်လည်း ယခုနောက်ပိုင်း ဖုန်းသုံးစွဲသူများဆက်သွယ်ပြောဆိုရာ၌ အဆင်မပြေမှုများဖြစ်ပေါ်နေကြကြောင်း သိရသည်။

ယခုကဲ့သို့ဖြစ်ရပ်မျိုးမှာ တစ်မြို့တည်းတွင်သာမဟုတ်ဘဲ ပြည်နယ်အတွင်းရှိ ကျန်ဒေသအချို့၌ပါ အခက်အခဲဖြစ်နေသည်မှာ သုံးလခန့်ရှိပြီဖြစ်၍ ဖုန်းလိုင်းများ အမြန်ဆုံးကောင်းလာစေရန် ဒေသခံများမျှော်လင့်လျက်ရှိနေကြသည်။

ဒေသဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဖုန်းသုံးစွဲသူအရေအတွက် တိုးပွားလာသဖြင့် ဆက်သွယ်ရေးစနစ် ယခုထက် ပိုမိုကောင်းမွန်ရန် လိုအပ်နေကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

# မြန်မာဂီတနေ့ မှတ်တမ်းတင်ဂုဏ်ပြု

**ရန်ကုန် ဇူလိုင် ၇**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မြို့နယ်ဂီတအစည်းအရုံးမှ ကြီးမှူး၍ မြန်မာဂီတနေ့အခမ်းအနားကို တောင်ညွန့်မီးရထားရပ်ကွက် ဓမ္မပါလဓမ္မာရုံကြီး၌ ဇူလိုင် ၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားကို တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးကျော်စိုး၊ ဂီတအစည်းအရုံးဗဟိုဥက္ကဋ္ဌ ဦးတင်ဦးလေး၊ ဒုတိယဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြို့နယ် ဂီတအစည်းအရုံးဥက္ကဋ္ဌ ဒေါ်မေနွယ်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကိုထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင်ဝန်ကြီးနှင့် ဂီတအစည်းအရုံးဗဟိုဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍မျိုးဆက်သစ်လူငယ်များက စုပေါင်းသီချင်းဆိုဖွင့်လှစ်ပေးပြီး ဦးသန်းထွန်းလေး၊ မြို့မကြည်ကြည်အေး၊ ဒေါ်သီသီမာ၊ မချို၊ မခိုင်ဇင်၊ လက်ပံတန်း ဦးဝင်းမြင့်၊ ဒေါ်မေနွယ်စိုးနှင့် ဂီတအနုပညာရှင်များက ညမွှေးပန်းတေးဂီတနှင့်အတူ တွဲဖက်သီဆိုခဲ့ကြပြီး ညပိုင်းတွင် မြနန္ဒာသီချင်းနှင့် ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထူးချွန်အမျိုးသမီးများအားဂုဏ်ပြု

**ရန်ကုန် ဇူလိုင် ၇**

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က တိုင်းဒေသကြီးအတွင်းမှ ထူးချွန်သော အမျိုးသမီးများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင် ၅ ရက် နံနက်က လှိုင်မြို့နယ် ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန (IBC)၌ ကျင်းပခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ခင်သက်ငြေးက နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူ၊ သာသနာရေးဆိုင်ရာ ထူးချွန်ဆု(အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့)ရရှိသူ၊ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ၌ ထူးချွန်ဆုရရှိသူ အမျိုးသမီးများကို ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ နာယက ဒေါ်သင်းသင်းမြက အားကစားထူးချွန်သူ၊ တက္ကသိုလ်ဝင် စာမေးပွဲတွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး၌ ပထမဆုရရှိသူ၊ တိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးရ ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ခရိုင်လေးခရိုင်အတွင်းမှ အကြိမ်အများဆုံးသွေးလှူရှင် အမျိုးသမီးလေးဦးတို့အား ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ပြီး နာယက ဒေါ်ခင်အေးနွယ်က တက္ကသိုလ်ဝင်အဆင့်၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတို့၌ ဆုရရှိသူ ကျောင်းသူလေးများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ဝါးခယ်မမြို့နယ် ချောင်းကူးတံတား ဆောက်လုပ်ပြီးစီး

**ဝါးခယ်မ ဇူလိုင် ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် မြစ်ကလေးကျေးရွာအုပ်စုနှင့် ဘလေးကျေးရွာတို့ ဆက်သွယ်သောဂိတ်ကြီးချောင်းကူးတံတားကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ပြီး အဆိုပါတံတားကို တိုင်းဒေသကြီး လျှပ်စစ်စက်မှုဝန်ကြီး ဦးစောမြသိန်း၊ ဝါးခယ်မမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ အဆိုပါချောင်းကူးတံတားမှာ အရှည်ပေ ၁၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၂၄ပေ၊ သံပေါင်ရက်မသံကူကွန်ကရစ်တံတားဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(ဝါးခယ်မ)**

# အိမ်မြေဂရန်များ ထုတ်ပေးနိုင်ရေးဆောင်ရွက်

**မောင်တော ဇူလိုင် ၇**

မောင်တောမြို့နယ် ငါးခူရကျေးရွာရှိ အိမ်မြေများကို မြေဂရန်များ ဆောင်ရွက်ပေးနိုင်ရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမြင့်နှင့် ဌာနဆိုင်ရာ အဖွဲ့တို့သည် ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီက ငါးခူရကျေးရွာရှိ အိမ်ခြံမြေပိုင် ပြည်သူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက နိုင်ငံတော်၏ စီမံချက်အရ မောင်တောမြို့နယ်တွင် ငါးခူရကျေးရွာကို မြေဂရန်ဆောင်ရွက်ပေးရန် ရွေးချယ်မှုနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးလှထွန်းဖြူက မြေဂရန်ဆောင်ရွက်ပေးနိုင်ရန်အတွက် လိုအပ်သည့်ပုံစံလျှောက်လွှာများ၊ ပိုင်ဆိုင်မှုအထောက်အထားများ အချက်အလက်များကို ရှင်းလင်းဆွေးနွေးသည်။ ငါးခူရကျေးရွာတွင် မြေဂရန်ဆောင်ရွက်ပေးရန်အတွက် မြေပိုင်ရှင် ၅၆ ဦး၏ မြေများကို မြေစာရင်းအဖွဲ့မှ လိုက်လံတိုင်းတာပြီး တာဝန်ရှိသူများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ပြည်မြို့နယ် ကုန်းကြီး- ကုန်းဇင်းကျေးလက်လမ်းပေါ်ရှိ နဝင်းချောင်းကူးတံတားတည်ဆောက်မည့် မြေနေရာအား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းလွင်တို့ ဇွန်လကုန်က ကွင်းဆင်းစစ်ဆေး၍ တံတားဆောက်လုပ်မည့်နေရာကို ပန္နက်ရိုက်စဉ်။ (မြန်မာ့အလင်း)

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ**

# ဖိလစ်ပိုင်နိုင်ငံအသင်းအားအနိုင်ရရှိရေးအတွက် မသန်စွမ်းဝှီးချဲ ဘတ်စကက်ဘောအားကစားသမားများ စခန်းသွင်းလေ့ကျင့်

**ရန်ကုန် ဇူလိုင် ၆**

(၈)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲအား မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်မှ ဝင်ရောက်ယှဉ်ပြိုင်ကြတော့မည်ဖြစ်ရာ အုပ်စုလိုက်ဝင်ရောက်ယှဉ်ပြိုင် ကစားကြမည့် လက်ရှိမသန်စွမ်း ဝှီးချဲဘတ်စကက်ဘောအားကစားသမားများမှာလည်း စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိနေကြပြီး ဖိလစ်ပိုင်နိုင်ငံအသင်းအား အနိုင်ရရှိရေး အပြင်းအထန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။

မသန်စွမ်းဝှီးချဲဘတ်စကက်ဘောအားကစားသမားများ၏ နည်းပြဦးအောင်မျိုးမြင့်က "ဒီနှစ်ကတော့ ခြောက်သင်းလောက် ဝင်ရောက်ယှဉ်ပြိုင်ရမယ်နဲ့တူတယ်၊ လေ့ကျင့်နေတဲ့ ဒီကာလအတွင်းမှာတော့ ကစားသမားတွေက လူဟောင်းတွေပါသလို လူသစ်တွေထပ်ခေါ်ထားတာလည်း ရှိပါတယ်။ လေ့ကျင့်မှုအပိုင်းကတော့ တိုးတက်မှုတွေရှိနေပါပြီ။ မနှစ်ကလူဟောင်း လက်ရှိလေ့ကျင့်နေတာ ရှစ်ဦးလောက်ရှိပါတယ်။ မနှစ်က ကျွန်တော်တို့က ၁၂ ဦး ယှဉ်ပြိုင်ကြတာပါ။ လောလောဆယ်စခန်းသွင်းလေ့ကျင့်နေတာက ပဏာမ ၁၅ ဦးထဲမှာ ခုနစ်ဦးကအသစ်ပါ၊ ဆေးအဆင့်နဲ့ကိုက်ညီတဲ့ အရင်ယှဉ်ပြိုင်ကစားဖူးကြတဲ့ ကစားသမားတွေကိုလည်း ပြန်ခေါ်ထားပါတယ်။ မနှစ်က အိမ်ရှင်အနေနဲ့ကစားတဲ့အခါမှာ ဖိလစ်ပိုင်နိုင်ငံနဲ့ တတိယလုပွဲစဉ်မှာ ရှုံးနိမ့်ခဲ့ရပါတယ်။ ဒါလည်း မနှစ်ကမှ ကျွန်တော်တို့ ဝှီးချဲဘတ်စကက်ဘောအားကစားသမားစုစည်းပြီး လေ့ကျင့်စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရလို့ပါ။ ဒီဖိလစ်ပိုင်ကစားသမားများအသင်းရဲ့ ဖွဲ့စည်းပုံသက်တမ်းကလည်း ကိုးနှစ်လောက်ရှိနေပါပြီ။ ဒီအားကစားနည်းစနစ်ကလည်း မြန်မာနိုင်ငံမှာ မနှစ်ကမှစလုပ်ခဲ့တာပါ။ အုပ်စုလိုက်ယှဉ်ပြိုင်ကစားကြရတာ ဆိုတော့ မနှစ်က ယှဉ်ပြိုင်ခဲ့တဲ့ပြိုင်ပွဲအတွေ့အကြုံနဲ့ အသင်းသားတွေရဲ့ကြိုးစားတိုးတက်လာမှုကြောင့် ဒီနှစ်ကတော့ ဖိလစ်ပိုင်အသင်းကို တတိယမှန်းထားသလို နိုင်အောင်လည်း ယှဉ်ပြိုင်တော့မှာပါ။ မနှစ်ကဆို ဖိလစ်ပိုင်အသင်းရဲ့ ဝှီးချဲတွေက အလွန်ကောင်းတယ်။ ကျွန်တော်တို့ဆို ပြည်တွင်းဖြစ် ငါးသိန်းတန် စက်မှုဇုန်ထုတ်ဝှီးချဲနဲ့ ဝင်ရောက်ယှဉ်ပြိုင်ရတာပါ။ ဒီလိုကွာခြားမှုတွေနဲ့လည်း ဆိုင်ပါတယ်။ ဒီနှစ်အတွက်တော့ အမေရိကန်နိုင်ငံထုတ် ငွေကျပ်သိန်း ၃၀ ကျော်တန်တဲ့ ဝှီးချဲနဲ့ ဝင်ရောက်ယှဉ်ပြိုင်တော့မှာပါ။ မနှစ်ကတော့ ဝှီးချဲမကောင်းဘူးဆိုပေမယ့် ဖိလစ်ပိုင်နိုင်ငံ ကစားသမားအသင်းများရဲ့ အတွေ့အကြုံကို ကျွန်တော်တို့က တတိယပိုင်းလောက်ထိ ခံဆော့လို့ရခဲ့ပါတယ်"ဟု ရှင်းပြသည်။

မသန်စွမ်းဝှီးချဲဘတ်စကက်ဘောအားကစားသမားများသည် ပြီးခဲ့သည့် မေ ၁ ရက်က စတင်စခန်းသွင်းလေ့ကျင့်နေကြခြင်းဖြစ်ပြီး စနေနေ့ ညနေပိုင်းအချိန်နှင့် တနင်္ဂနွေနေ့မှလွဲကာ နေ့စဉ်နံနက် ၈ နာရီမှ ၁၁ နာရီနှင့် ညနေ ၄ နာရီမှ ၆ နာရီအထိကို လေ့ကျင့်လျက်ရှိပြီး ဇူလိုင်လကုန်ပိုင်းတွင် JICA အကူအညီဖြင့် ဝှီးချဲများအသစ်ထုတ်ကာ စခန်းသွင်းလေ့ကျင့်ကြရန် စီစဉ်ထားကြောင်း သိရသည်။

**စိုးဝင်း(SP)**

# ရွှေပြည်သာမြို့နယ်၌ ဈေးသစ်တည်ဆောက်

**ရန်ကုန် ဇူလိုင် ၇**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် အခြေခံလူတန်းစားအများစု နေထိုင်သည့် ရွှေပြည်သာမြို့နယ် အမှတ်(၉)ရပ်ကွက်တွင်ဆိုင်ခန်းပေါင်း ၂၈၈ ခန်းပါရှိမည့် steel structure တစ်ထပ်ဈေးရုံ လေးရုံနှင့် ကားပါကင်၊ ပွဲရုံဈေးမြေနေရာပါဝင်သည့် အမိုးကြီးဈေးသစ်ကို ၂၀၁၅ ခုနှစ်မကုန်မီ အပြီး တည်ဆောက်သွားမည်ဟု သိရသည်။

အမိုးကြီးဈေးတည်ဆောက်မည့် မြေနေရာမှာ အမှတ်(၉)ရပ်ကွက်မြေတိုင်း(၁)နှင့် မြေတိုင်း(၂)အစပ်၊ မဟာမြိုင်ယာဉ်သွားလမ်းမကြီးနှင့် စိန်စီဂုဏ်ရောင်လမ်းအကြားရှိ ယခင် (၁၇၇) ပါရမီယာဉ်လိုင်းဂိတ်ဝင်းအပါ ဧရိယာအကျယ်အဝန်းပေ ၅၅၀×၄၀၀ ရှိ မြေကွက်လပ်တွင် တည်ဆောက်မည်ဖြစ်သည်။

ဈေးတည်ဆောက်မှု မြေပြင်အနေအထားအရ မဟာမြိုင်ယာဉ်သွားလမ်းမကြီးဘက်တွင် ဈေးအဝင်အထွက်နှင့် ကားပါကင်၊ ပွဲရုံဈေးတို့ကို အကွက်ချ သတ်မှတ်ထားမည်ဖြစ်ပြီး စိန်စီဂုဏ်ရောင်လမ်းဘက်တွင် ပေ (၇၆×၆၀) တစ်ထပ်ဈေးရုံ လေးရုံကို သတ်မှတ်ဧရိယာအတိုင်း ဆောက်လုပ်မည်ဖြစ်သည်။ ဈေးအဝင်အဓိကလမ်းမကြီးများကို အကျယ် ၂၅ ပေနှင့် ဈေးဝင်းအတွင်းလမ်းများကို အကျယ်ပေ ၂၀ ကွန်ကရစ်လမ်းများ ခင်းကျင်းပေးထားမည်ဖြစ်သည်။

"ဒီဈေးကနံနက်ပိုင်းနဲ့ ညနေပိုင်းအချိန်တွေမှာ ဈေးရောင်းဈေးဝယ်သူတွေ စည်ကားလွန်းလို့ ယာဉ်သွား၊ လူသွားခက်ခဲမှုများ ရှိနေကြရပါတယ်။ အခုလိုသက်ဆိုင်ရာဌာနက စီမံကိန်းချပြီးဈေးအသစ်အဖြစ်ဆောင်ရွက်ပေးတဲ့အတွက် ဝမ်းမြောက်မိပါတယ်။ ဒါပေမယ့်အမိုးကြီးဈေးသစ်ကြီး တည်ဆောက်လို့ပြီးစီးသွားပြီ။ ဈေးရောင်းချနိုင်ဖို့ ဆိုင်ခန်းတွေ၊ ပွဲရုံဈေးကွက်တွေကို ရောင်းချနေပြီး အမိုးကြီးပွဲရုံဈေးဟောင်းက ဈေးသည်တွေက နဂိုအတိုင်းပဲ ရှိနေသေးတယ်ဆိုရင် ဘယ်လိုလုပ်ကြမလဲ၊ အခြေခံလူတန်းစားအချင်းချင်း နားလည်မှုပေးထားရတဲ့ပြည်သူတွေရဲ့သွားလာမှု၊ ကျန်းမာရေးတွေကိုလည်း ထည့်သွင်းစဉ်းစားသင့်တယ်"ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

"ဆိုင်ခန်းတွေ၊ ပွဲရုံနေရာတွေကိုရောင်းချတဲ့အခါမှာ အမှန်တကယ်ဈေးရောင်းချတဲ့ ဈေးသည်တွေကို ဦးစားပေးသွားမှာပါ၊ မြို့နယ်မှာ အများဆုံးနေထိုင်ကြတဲ့ ပြည်သူတွေဟာ အခြေခံလူတန်းစားတွေများနေလို့ပါ၊ အချို့ကျတော့ဈေးမရောင်းချဘဲ ငွေပိုငွေလျှံရှိတဲ့သူတွေကလာဝယ်မယ်၊ ပြီးတော့သူတို့အမြတ်ရအောင် ဈေးကစားမယ်၊ ဒီလိုမဖြစ်အောင်သတ်မှတ်ချက်တွေနဲ့အညီစိစစ်ပြီး လုပ်ဆောင်သွားမှာပါ"ဟု ယာယီဈေးတာဝန်ခံ ဦးချစ်လွင်က ပြောသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**



# သံတောင်ကြီးမြို့တွင် bed and breakfast ခရီးသွားလုပ်ငန်း စတင်ဆောင်ရွက်မည်

**သံတောင်ကြီး ဇူလိုင် ၇**

ကရင်ပြည်နယ် သံတောင်ကြီး တောင်စခန်းမြို့တွင် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်းများပါ ရရှိစေမည့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဦးစီးဌာနနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ပထမဦးဆုံး စတင်ဆောင်ရွက်မည့် (bed and breakfast) ခရီးသွားလုပ်ငန်းကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဇူလိုင် ၃ ရက်က ကရင်ပြည်နယ် စီမံကိန်းနှင့် စီးပွားဝန်ကြီး ဦးနိုင်မင်းစိုးသိန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဌေးဝင်းနှင့်တာဝန်ရှိသူများသည် လုပ်ငန်းဆောင်ရွက်မည့်အခြေအနေများကို တွေ့ဆုံဆွေးနွေးကြပြီး bed and breakfast ခရီးသွားလုပ်ငန်း စမ်းသပ်လုပ်ကိုင်မည့် အဆောက်အအုံများကို သွားရောက်ကြည့်ရှုကြကြောင်း သိရသည်။



**စောမင်းသား(ပြန်/ဆက်)**

# ကုမ္ပဏီရုံးခန်းရှိ မီးခံသေတ္တာအတွင်းမှ အမေရိကန်ဒေါ်လာငွေများခိုးယူသူ ဝန်ထမ်းနှစ်ဦးအား ဖမ်းဆီးအရေးယူ

**ရန်ကုန် ဇူလိုင် ၇**

ပုဇွန်တောင်မြို့နယ်တွင် ကုမ္ပဏီရုံးခန်းရှိ မီးခံသေတ္တာအတွင်းမှ အမေရိကန်ဒေါ်လာငွေများ ခိုးယူသွားသော ဝန်ထမ်းနှစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုဇွန်တောင်မြို့နယ်နေ ဦးကျော်မြင့်သည် နေအိမ်တွင်ရှိနေစဉ် ၎င်း၏ ပြည်တွင်းပြည်ပဝန်ဆောင်မှုကုမ္ပဏီမှ ဝန်ထမ်းဖြစ်သူ ရဲနိုင်နှင့် ငြိမ်းချမ်းအောင်တို့ နှစ်ဦး ဇွန် ၂၉ ရက် နံနက် ၇ နာရီခွဲက ရောက်ရှိလာပြီး (၅၄)လမ်းတွင် ဖွင့်လှစ်ထားသော ရုံးခန်းအား သန့်ရှင်းရေးပြုလုပ်မည်ဟု ပြောဆိုကာ သော့တောင်းသဖြင့် ပေးလိုက်ကြောင်း၊ နံနက် ၁၁ နာရီတွင် ၎င်းတို့ နှစ်ဦးမှာ ရုံးခန်းအား သော့ဖွင့်လျက်ထားခဲ့ကြောင်း သိရသဖြင့် သွားရောက်စစ်ဆေးရာ ရုံးခန်းအတွင်းထားရှိသည့် မီးခံသေတ္တာ၏ လော့နံပါတ်များ မှားယွင်းနေပြီး အတွင်းမှ အမေရိကန်ဒေါ်လာ ၁၀၀ တန် ၄၉ ရွက်မှာ ပျောက်ဆုံးနေကြောင်းသိ၍ ရဲနိုင်နှင့် ငြိမ်းချမ်းအောင်တို့ကို စစ်ဆေးအရေးယူပေးရန် တိုင်တန်းခဲ့ကာ ပုဇွန်တောင်မြို့မရဲစခန်းက အမှုဖွင့်ကာ စုံစမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။


အဆိုပါအမှုမှ ပြစ်မှုကျူးလွန်သူ ဧရာဝတီတိုင်းဒေသကြီးနေ ရဲနိုင် (၁၉)နှစ်နှင့် ငြိမ်းချမ်းအောင် (၁၇)နှစ်တို့ နှစ်ဦးအား ဖမ်းဆီးရမိရေးအတွက် ပုဇွန်တောင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက စုံစမ်းရှာဖွေခဲ့ရာ ဇွန် ၃၀ ရက် နံနက် ၁ နာရီခွဲခန့်က ၎င်းတို့ နှစ်ဦးကို ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းဆိပ်ကမ်းအနီး၌ တွေ့ရှိ ဖမ်းဆီးရမိခဲ့သဖြင့် အမှုနှင့်ပတ်သက်၍စစ်ဆေးရာ ထိုသူ နှစ်ဦးမှ ခိုးယူခဲ့ကြောင်းနှင့် ခိုးယူခဲ့သည့် အမေရိကန်ဒေါ်လာများအား မြန်မာငွေများဖြင့် လဲလှယ်ထားရှိကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ၎င်းတို့ထံမှ ငွေကျပ် (၄၅၃၁၀၀၀)နှင့် ဝယ်ယူထားသည့် အဝတ်အထည် အသုံးအဆောင် ပစ္စည်းများကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့ပြီး ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးဝင်း (SP)**

**ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ၂၀၁၅ ခုနှစ် မြို့နယ်အားကစား ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ရေစကြိုမြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၅ ရက်က မြို့နယ်အားကစားကွင်းအတွင်း၌ ကျင်းပရာ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ဦးခိုင်ထွန်းက အမှာစကားပြောကြားစဉ်။**

အိမွန်ဆွေ(ရေစကြို)





# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပွဲကျင်းပ

**မင်းတပ်**

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက်က ခေါ်နူးရိပ်သာအနီး၌ ကျင်းပသည်။ အဆိုပါပွဲတွင် မင်းတပ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အုံ့မောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ယူကလစ်ပင် ၃၀၀ ၊ မဲဇလီပင် ၅၀၀ နှင့် မြန်မာကုက္ကိုပင် ၂၉၀ တို့ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**မတူပီ**

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၃ ရက်က မတူပီမြို့ပြည်သူ့ဆေးရုံဝန်းကျင်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်နှင့် တာဝန်ရှိသူများက ကျွန်းပင် ၁၀၀၊ ယူကလစ်ပင် ၁၀၀၊ မဲဇလီပင် ၁၀၀ နှင့် မောက်ငိုပင် ၅၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**စလင်း**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၄ ရက်ကမကွေးတိုင်းဒေသကြီး စလင်းမြို့နယ် စလင်း-စေတုတ္တရာ ကား လမ်းဘေး မိုင်တိုင် ၆/၀ မိုင်အနီး၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်း၊ မြို့နယ်သစ်တောဦးစီးမှူး ဦးမျိုးမြင့်ထွန်းတို့က ဦးဆောင်ပြီး ရတနာတန်းဝင်ကျွန်း၊ ရေတမာ၊ မယ်ဇယ်၊ မဲဇလီ၊ ယူကလစ်၊ တမာ၊ အသောက၊ သစ်စိမ့် စုစုပေါင်း အပင် ၂၉၄၀ စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

**မြန်အောင်**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပွဲတော်ကို မြန်အောင်မြို့ မြန်အောင်ရေနံမြေတွင် ဇူလိုင် ၂ ရက်က ကျင်းပရာ မြန်အောင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရှားတောအုပ်စုမှ ကျေးရွာပြည်သူများက ကျွန်းပင် ၁၆၀၊ ယူကလစ်ပင် ၅၀၀ ၊ မဟော်ဂနီပင် ၁၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

**ကြာအင်းဆိပ်ကြီး**

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ကြာအင်းဆိပ်ကြီး မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းဝင်း၌ ဇူလိုင် ၃ ရက်က ကျင်းပခဲ့သည်။ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်၊ ယူကလစ်၊ မဲဇလီ၊ စိန်ပန်း စုစုပေါင်းပျိုးပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မျိုးမင်းဦး (ပြန်/ဆက်)**

**မိုးကောင်း**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မိုးကောင်းမြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့်မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲကို မိုးကောင်းမြို့ လေးမိုင်ကျေးရွာ အခြေခံမူလွန် ကျောင်းဝင်းအတွင်း၌ ဇူလိုင် ၃ ရက်က ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် အရိပ်ရပင်များဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ ယေမနေ၊ ပိတောက်၊ မဲဇလီ၊ ခရေ၊ တမလန်း အစရှိသည့် အရိပ်ရပင် ၄၀၀ ကို စိုက်ပျိုးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ 'မန္တလေးမျဉ်းဖြောင့်များ' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay 'အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော 'မန္တလေးမျဉ်းဖြောင့်များ'ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော မူလ'မန္တလေး မျဉ်းဖြောင့်များ'ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# အပေါ်စီး အမြင်သစ် ၇၈ လမ်းမ

**ဆူးငှက်**

*ယခင်အပတ်က အဆက်*



လမ်း ၃၀ နှင့် ၃၄ လမ်းကြားကို မီးရထားလိုင်းဟု ခေါ်ခဲ့ကြတာ တစ်နေ့မနေ့ကအထိ ဖြစ်ပါသည်။ "က" လိုင်း၊ "ခ" လိုင်း စသည်ဖြင့် ခေါ်တွင်ခဲ့သည်။ ကျွန်တော်တို့ ဦးကြီးတစ်ယောက်က မီးရထားလိုင်းတွင် တစ်လမ်းဝင် တစ်လမ်းထွက် ဆီကိုရောင်းသည်။ ဟန်းဘားစက်ဘီး၏ နောက်တွင် အမေရိကန်စစ်သုံး ဓာတ်ဆီသံပုံးပြားကြီး နှစ်ပုံးကို ချိတ်သည်။ ထိုစက်ဘီးကြီးကိုစီးကာ တစ်အိမ်ဝင် တစ်အိမ်ထွက် ဆီရောင်း၏။ သို့သော် လက်ငင်းမဟုတ်. . .။ လစာချမှ ပိုက်ဆံရသည်။ မီးရထား ဝန်ထမ်းလစာ ချရက်ကလည်း သူများလို လကုန်ရက်ချည်းမဟုတ်၊ သူ့ရက်နှင့်သူဖြစ်သည်။ ထိုရက်များမှ ပိုက်ဆံပေါ်သည်။ ဦးကြီးဆုံးတာလည်းကြာပြီ၊ သူ့ဖောက်သည် များလည်းရှိကြမှာ မဟုတ်တော့။ ထို့အတူ ထိုမီးရထားလိုင်းဟု ခေါ်သော လမ်း ၃၀ နှင့် ၃၄ ကြားလမ်း ရှင်းလင်းဖျက်သိမ်းပြီးပြီ။ မီးရထားဝန်ထမ်းများက တချို့ သိုးခြံ၊ တချို့အေလမ်း၊ တချို့ ၇၇ လမ်း၊ တချို့ ၂၇ လမ်းက အဆင့်မြင့် တိုက်တန်းကြီးတွေပေါ် ရောက်ကုန်ကြသည်။ အရင်လို တစ်စုတည်း မဟုတ်တော့။

ထိုနေရာတွင် ရတနာပုံအဆင့်မြင့် ဈေးသစ်စီမံကိန်းကြီးကို စတင်နေပါပြီ။ ၇၈ လမ်းမသည် ဘူတာကြီးနှင့် ခါးလွယ်ခုတ်နေရာတွင် လေးလံကြီးမားသည့် ကွန်ကရစ်တောကြီးတစ်ခုကို ထမ်းပိုးရချေဦးတော့မည်။ ရတနာပုံဈေးသစ်ကြီးမှာ ဘူတာကြီး အနောက်ဘက် ၇၉ လမ်းပေါ်က တရုတ်တန်းဈေးကိုလည်း ပြောင်းရွှေ့နေရာချထားပါလိမ့်မည်။

မန္တလေး၏ ဈေးသစ်စီမံကိန်းကြီးများက "မဟာမန္တလေး" စီမံကိန်း၏ အစိတ်အပိုင်းများ ဖြစ်ချေ၏။ ဈေးကြီးများ၏ မြေညီထပ် ဆိုင်ခန်းများ ပေါက်ဈေးမှာ သိန်းဆယ်ဂဏန်းကျော်ချည်းဖြစ်ရာ လက်ရှိရောင်းချနေကြသော မူလဈေးသည်အများစုသည် မြေညီထပ်ကို ကပ်နိုင်စွမ်းမရှိတော့. . .။ မြေညီထပ်သည် လက်သစ်ဈေးသည်များအတွက်သာ ဖြစ်တော့သည်။ ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ်၊ စတုတ္ထထပ်၊ ပဉ္စမထပ် အစရှိသဖြင့် ဈေးသည်တို့ မျက်စိမကျသော အပေါ်ထပ် အဆောက်အအုံမှ ဆိုင်ခန်းပေါင်းများစွာသည် မည်ကဲ့သို့သော မက်လုံးများ ပေးလေသည်မသိ။ ဈေးချိုတော်၊ သီရိမင်္ဂလာ၊ နန်းရှေ့၊ ကိုင်းတန်းဈေး၊ မင်္ဂလာဈေး၊ ရတနာပုံ ဈေးသစ်ကြီးများ၏ အပေါ်ထပ်အဆောက်အအုံများကား အခန်းရှင်ကို မျှော်လင့်ရင်း ကွက်လပ်ဖြစ်နေကြသည်။ ဈေးချိုတော်ကြီးသည် တည်ဆောက်ပြီးသည်မှာ လေးငါးနှစ်ရှိသော်လည်း မြေညီထပ်မှာသာလျှင် မြေလွတ်မကျန် ဆိုင်ခန်းများ တည်ဆောက်ရောင်းမလောက်ဖြစ်နေသော်လည်း အပေါ်ထပ်များ အလဟဿဖြစ်နေသည့် ပြဿနာမှာ စဉ်းစားစရာဖြစ်သည်။ ဤကဲ့သို့ အပေါ်ထပ်ပြဿနာများ မဖြေရှင်းနိုင်ပါလျက်နှင့် နောက်ထပ်၊ နောက်ထပ် အထပ်ပေါင်းများစွာမြင့်သော ဈေးသစ်ကြီးများ တည်ဆောက်နေခြင်းကား ငွေကုန်ရကျိုးနပ်ပါမည်လောဟု သုံးသပ်သင့်ပေသည်။

"၇၈" လမ်းပေါ်က ရတနာပုံဈေးသစ်ကြီးကဖြင့် ရုပ်လုံးပေါ်လာပါပြီ။ မြေညီထပ်ဆိုင်ခန်းများ ပေါက်ဈေးကလည်း သိန်းဆယ်ဂဏန်းကျော်နေပါပြီ။ ရတနာပုံဈေးသစ်ကြီးတွင် ပြောင်းရွှေ့ရန်အတွက် ဖျက်သိမ်းလုဆဲဆဲ တရုတ်တန်းဈေးမှ ပန်းကန်သည်များ အပါအဝင် ဈေးသည်အတော်များများက ဈေးနှုန်းအတော်အတန်သက်သာသော အနောက်ပိုင်း သီရိမင်္ဂလာဈေးသို့ ပြောင်းရွှေ့ကြကုန်သည်။ မန္တလေး၏ ဈေးဂယက်များကလည်း မသေးလှ။ အရင်ကတော့ ချိန်ခွင်လေးနှင့် ခံတောင်းအလွတ်လေးရှိလျှင် အရင်းအနှီးမလိုဘဲ ဈေးရောင်းစားသောက်နိုင်သော်လည်း အခုတော့ ငွေသိန်းလေးငါးဆယ်မှ မရှိလျှင် ဈေးရောင်းစားလို့မရ။

"၇၈" လမ်းပေါ်တွင် ဘူတာနယ်နိမိတ်သည် ၃၄ လမ်းအထိရှိ၏။ ဘူတာ၏ တောင်ဘက်အစွန် ၇၈ လမ်းပေါ်တွင် မီးရထားစက်ခေါင်းပြင်ရုံရှိသည်။ တစ်ခါတစ်ရံ ဘူတာဝင်းထဲ၌ ပြေးဆွဲအလုပ်လုပ်နေသော စက်ခေါင်းများထက် ပြုပြင်ရန် ထိုးထားသော စက်ခေါင်းများ အရေအတွက်က များပြားနေတတ်သည်။ မြန်မာပြည် မီးရထားဌာနတွင် ယခင်ကနဦးက ရေနွေးငွေ့စက်ခေါင်းကြီးများကို အသုံးပြုခဲ့သည်။ အပေ့ါစား **A,E,MS, ST,F,FS ,L,LS** စက်ခေါင်းများနှင့် အလတ်စား **J,JS,K,KS,C** စက်ခေါင်းများအပြင် အလေးစား YB,YC,YD,D,GB,GC အမျိုးအစား စက်ခေါင်းကြီးများဖြစ်သည်။ ထိုရေနွေးငွေ့ စက်ခေါင်းကြီးများကား အင်္ဂလန်နှင့် အမေရိကန်နိုင်ငံလုပ်များ ဖြစ်သည်။

နောက် ဒီဇယ်စက်ခေါင်းခေတ်ရောက်သောအခါ ပြင်သစ်နိုင်ငံထုတ် Alston၊ အနောက်ဂျာမနီနိုင်ငံလုပ် Krupp၊ ဂျပန်နိုင်ငံလုပ် KSK, Hitachi,Kawasaki စက်ခေါင်းများကို အသုံးပြုလာသည်။ အခုတော့ တရုတ်နိုင်ငံလုပ် စက်ခေါင်းများကိုသာ တင်သွင်းအသုံးပြုနေတာ ကြာပါပြီ။ စက်ခေါင်းပြင်ရုံတွင် တစ်ချိန်က မန္တလေးမြို့တွင်း မြို့ပတ်ရထားလမ်း မဖျက်သိမ်းမီက ပြေးဆွဲခဲ့သော ကားရထားများကိုလည်း တွေ့ရတတ်၏။ ကားရထားဟူသော ဝေါဟာရက မီးရထားတွင် အတော်ကျယ်ပြန့်စွာ နေရာယူလာပါပြီ။ ပြည်တွင်းတွင် မီးရထားလမ်းသစ်ပေါင်း မြောက်မြားစွာ တိုးချဲ့ဖောက်လုပ် ဖွင့်လှစ်နေသဖြင့် အားရဝမ်းသာစရာ ကောင်းလှသည်။ ထိုလမ်းသစ်ကြီးများ၌ မီးရထားကြီးများ အလျှင်မပြတ် ပြေးဆွဲနေလျှင် ပို၍ပို၍ ဝမ်းသာရပါသည်။

"၇၈" လမ်း၏ ၃၄ လမ်းနှင့် ၃၅ လမ်းကြားကား မျက်ပါးရပ်အစဖြစ်၏။ ရွှေချည်ထိုးရပ်ဟုလည်း ခေါ်ကြသည်။ မန္တလေး၏ ရပ်ကွက်နာမည်များက အပိုင်စားပေးသနားခြင်းခံရသည့် ဝင်းရှင်ကိုအစွဲပြု၍ ခေါ်သည်လည်းရှိ၏။ ဥပမာ-တိုင်တားမင်းကြီးဝင်း၊ ဝက်မစွပ် ဝန်ထောက်ဝင်း၊ သုံးဆယ်ဝင်း၊ ရွှေလုံ့ဗိုလ်ဝင်း။ လုပ်ငန်းအစုကို အမည်စွဲ၍ ခေါ်တွင်သော အရပ်များလည်းရှိ၏။ ဥပမာ-ရွှေချည်ထိုးရပ်၊ မျက်ပါးရပ်၊ စာတိုက်တန်း၊ မာရဘင်။ လာရောက်နေထိုင်သူ အစုအဝေး၏ ဇာတိများကို စွဲ၍ ခေါ်တွင်သော အရပ်များလည်းရှိ၏။ ဥပမာ-ငပရင်းဝင်း၊ ရသာ (ရွာသာ)တန်း၊ ရဟိုင်း (ရွာဟိုင်း) ဈေးရပ်၊ (ရဟိုင်းအမည်က ထိုင်းမြို့ အမည်ဖြစ်သည်။)၊ စည်ပါတန်း၊ နဘဲကြူးစသည်. . .။

မျက်ပါးရပ်ကတော့ မြန်မာ့လက်မှုလုပ်ငန်းဖြစ်သော ရွှေဆိုင်း ရွှေခတ်လုပ်ငန်းတည်ရာ အရပ်ဖြစ်၏။ ထိုလုပ်ငန်းက ပုဂံခေတ်ထက် နောက်မကျသော ရိုးရာလက်မှုလုပ်ငန်းဖြစ်၏။ ပုဂံခေတ်က ရွှေချသည်ကို ရွှေထိုးသည်ဟု ခေါ်သည်။

***စာမျက်နှာ ၂၃ သို့***

## ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေးလုပ်ငန်းညှိနှိုင်း

**မန္တလေး ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီးတွင် ရွှေ့ပြောင်းဆောင်ရွက်မည့် ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို တိုင်းဒေသကြီး အစည်းအဝေးခန်းမ၌ ဇူလိုင် ၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က မြို့နယ်များအလိုက် တစ်ရွာစီ ရွှေ့ပြောင်းဆောင်ရွက်မည့် ကျေးရွာများကို မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းအဆင့်ဆင့် အဆင်ပြေချောမွေ့အောင် ဌာနဆိုင်ရာများ၊ ပြည်သူများ သိရှိသဘောပေါက်ပြီး ဝိုင်းဝန်းဆောင်ရွက်ကြရာတွင် တွေ့ကြုံရမည့် အခက်အခဲများကို စုပေါင်းညှိနှိုင်းဖြေရှင်းကြမည်ဖြစ်ကြောင်း၊ ကျေးရွာမြေများကို မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းအဖွဲ့အဆင့်ဆင့်ကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ထားပါကြောင်း၊ တိုင်းဒေသကြီးအတွင်း ခရိုင်ခုနစ်ခုရှိပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ငါးမြို့နယ် ချန်လှပ်၍၊ ကျန်ရှိသည့် မြို့နယ် ၂၃ မြို့နယ်မှ တစ်မြို့နယ်လျှင် တစ်ရွာစီ ရွှေ့ပြေးဖြင့် ကျေးရွာမြေငှားဂရန်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**(၁၀၆)**



## ဆွာမြို့ဘူတာဝန်းကျင် ချုံနွယ်များခုတ်ထွင်ရှင်းလင်းပြီးစီး

**ရေတာရှည် ဇူလိုင် ၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ဘူတာအနီး ရထားလမ်းအရှေ့ဘက်ခြမ်းတွင် ထူထပ်စွာပေါက်ရောက်လျက်ရှိသော ချုံနွယ်ပိတ်ပေါင်းများကို ဇူလိုင်လပထမပတ်က မြန်မာ့မီးရထားဝန်ထမ်းများ စုပေါင်းခုတ်ထွင်ရှင်းလင်းကာ သွားလာ၍မရဖြစ်နေသည့် ရထားလမ်းကူးကိုလည်း ဆက်လက်ပြုပြင်ပြီးစီးသွားပြီဖြစ်၍သည်။

**ကိုလွင်(ဆွာ)**

# မင်းတပ်မြို့နယ်၌ မိုးစပါးပုလဲသွယ် (GAP) မျိုးစေ့ချသရုပ်ပြ

**မင်းတပ် ဇူလိုင် ၇**

မိုးစပါး ပုလဲသွယ် (GAP) မျိုးစေ့ချသရုပ်ပြပွဲကို ချင်းပြည်နယ် မင်းတပ်မြို့နယ် ထင်ချောင်းကျေးရွာ သုံးရာပိုင်စိုက်ကွင်း၌ ဇူလိုင် ၃ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ လေ့လာကြည့်ရှုခဲ့ကြသည်။

အဆိုပါ မျိုးစေ့ချသရုပ်ပြပွဲသို့ တက်ရောက်လာကြသော တောင်သူလယ်သမားများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဝန်ထမ်းများက ပေါင်စနစ်ဖြင့် ပျိုးထောင်ပုံ အဆင့်ဆင့်ကို လက်တွေ့ပြသခဲ့ကြသည်။ **(ယာပုံ)**

မင်းတပ်မြို့နယ်အတွင်း ပုလဲသွယ် စပ်မျိုးစပါးကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကူညီမှုဖြင့် စိုက်ပျိုးလျက်ရှိရာ အထွက်နှုန်းတိုးပြီး တောင်သူများအတွက် အကျိုးစီးပွားဖြစ်ထွန်းလျက်ရှိကြောင်း ၁၀ ဧက စံပြကွက်ရှိ တောင်သူဦးမောင်ဝင်းထံမှ သိရသည်။

**(ခရိုင် ပြန်/ဆက်)**




# လူထုလှုပ်ရှားမှုအသွင်ဖြင့် အမှိုက်ကင်းမဲ့ဇုန်ဖော်ဆောင်

**သီပေါ ဇူလိုင် ၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်သည်မန္တလေး၊ လားရှိုး၊ မူဆယ်သွား ပြည်ထောင်စုကားလမ်းမကြီးပေါ်တွင်တည်ရှိပြီး မြို့အင်္ဂါရပ်နှင့်အညီ မြို့သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်ကင်းမဲ့ဇုန်အဖြစ် ဇူလိုင် ၄ ရက် နံနက် ၇ နာရီမှ စတင်၍ ပြည်ထောင်စုလမ်းမကြီးဘေးဝဲ၊ ယာနှင့် မိုင်းပွန်လမ်း၊ သရလမ်းတို့တွင် လုပ်ကွက် (၁၂) ကွက် သတ်မှတ်လျက် ပြည်သူအကျိုးပြု သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်ပြည်သူများက မြို့နယ်ပြည်သူ့ဆေးရုံဝန်းကျင်တွင် ချောင်းမြောင်းများ ရေစီးရေလာ ကောင်းမွန်အောင် တူးဖော်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်းရှင်းလင်းခြင်း၊ ကြွပ်ကြွပ်အိတ်များကောက်ယူခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

အမှိုက်ကင်းမဲ့ဇုန် စမ်းသပ်နယ်မြေအဖြစ် မန္တလေး၊ လားရှိုး၊ မူဆယ်သွား ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက် အစပြုကာ ဆောင်ရွက်သွားကြမည်ဖြစ်ပြီး ၄င်းမှတစ်ဆင့် မိုင်းပွန်လမ်းနှင့် လမ်းမတော်လမ်းတို့ကို အမှိုက်ကင်းမဲ့ဇုန်အဖြစ် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ၂၀၁၅ စတုတ္ထပွဲစဉ်(မန္တလေး)တွင် ကျင်းပမည်

**မန္တလေး ဇူလိုင် ၇**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများပေါ်ထွက်လာစေရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တိုက်တွန်းအားပေးကူညီမှုဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံအဆင့်မြင့် ဂေါက်သီးပညာရှင်များအသင်း (Myanmar PGA) တို့က ကြီးမှူး၍ ကမ္ဘောဇဘဏ်လီမိတက်မှ အဓိကကူညီပံ့ပိုးမည်ဖြစ်သော မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ်အား ၂၀၁၅ ခုနှစ် ဇူလိုင် ၂၃ ရက်မှ ၂၆ ရက်အထိ မန္တလေးမြို့ရှိ ရေတံခွန်တောင်ဂေါက်ကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲကို ပရော်ဖက်ရှင်နယ်အဆင့်၊ အပျော်တမ်းအမျိုးသား (Handicap 0-12) အဆင့်ရှိသူများနှင့် အမျိုးသမီး (Handicap 0-24) ပြိုင်ပွဲများဟူ၍ ပါဝင်ပြီး R&A (Rules Limited St.Andrew) ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရ စည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်၍ ပြိုင်ပွဲဝင်ကစားသမားများသည် ပြိုင်ပွဲတွင် အသုံးပြုခွင့် (Conforming) ရရှိထားသော ဂေါက်တုတ်များဖြင့်သာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပရော်ဖက်ရှင်နယ်အဆင့်နှင့် အပျော်တမ်းအမျိုးသမီးဂေါက်သီးအားကစားမောင်မယ်များသည် ၂၀၁၅ ခုနှစ် ဇူလိုင် ၂၀ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေးနှင့်အတူ အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး အပျော်တမ်းအဆင့် အမျိုးသားများအတွက် လူဦးရေ ကန့်သတ်ထားသောကြောင့် လက်ရည်စစ်ပြိုင်ပွဲအား ဇူလိုင် ၂၀ ရက်တွင် ပြုလုပ်မည်ဖြစ်ကာ ဇူလိုင် ၁၈ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ဖုန်း (၀၉-၂၀၃၇၆၇၁၊ ၀၉-၂၆၂၅၅၂၄၅၂၊ ၀၉-၂၅၄၇၂၅၀၈၁)နှင့် ပြိုင်ပွဲကျင်းပမည့် ရေတံခွန်တောင်ဂေါက်ကွင်းတို့တွင် အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

(ရန်ကုန်မြို့တွင် ကျင်းပပြီးစီးပြီဖြစ်သော ပြိုင်ပွဲတွင် အဆင့်(၁)မှ (၂၅)အထိ ဆုရရှိသူများမှာ လက်ရည်စစ်ပွဲအား ယှဉ်ပြိုင်ရန်မလိုပါ။) ပြိုင်ပွဲဝင်များ သွားလာရေးအဆင်ပြေစေရန် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ဇူလိုင် ၁၉ ရက်တွင် ကားစီစဉ်ထားရှိပေးမည်ဖြစ်ပြီး၊ ပြိုင်ပွဲ ဝင်ကြေးအနေဖြင့် Professional ကစားသမားများအတွက် ငွေကျပ် ၃၀၀၀၀၊ အပျော်တမ်းအဆင့် အမျိုးသားနှင့် အမျိုးသမီးများအတွက် ငွေကျပ် ၁၀၀၀၀ ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးပေးသွင်းရန် နောက်ကျသော ကစားသမားများအား ပြိုင်ပွဲအတွဲဇယားတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း သတင်းရရှိသည်။

**ဖိုးသော်ဇင်**

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

**စာမျက်နှာ ၂၂ မှ**

အင်းဝခေတ်ရောက်သောအခါ ရွှေမျက်ပါးခတ်စသော ရွှေဆိုင်းလုပ်ငန်းပိုမိုတွင်ကျယ်လာသည်။ အင်းဝခေတ်က ရွှေချသည်ကို မျက်ပါးကျံသည်၊ ရွှေကျံသည်ဟုခေါ်၏။ ကုန်းဘောင်ခေတ်တွင်မူ ရွှေမျက်ပါးပညာသည်များကိုပင် နေရာချပေးကာ ရွှေတိုက်တော်မှ ရွှေစံတော်၊ ရွှေတုံးများထုတ်ပေး၍ ရွှေမျက်ပါးခတ်စေခဲ့၏။

"၇၈" လမ်း အနောက်ဘက် ၃၅ လမ်း၊ ဘေးဝဲယာ ၇၉ လမ်းအထိကိုတော့ ရွှေချည်ထိုးရပ်ဟု မန္တလေးကခေါ်သည်။ ရွှေမျက်ပါးနှင့် ရွှေချည်ထိုးကလည်း ဆက်စပ်နေသည်။ မြန်မာဘုရင်ခေတ်က နန်းဝတ်နန်းစား၊ သဘင်အခမ်းအနားများတွင် ရွှေချည်ထိုးမပါမဖြစ်။ ထိုလုပ်ငန်းများအတွက် ရွှေချည်ထိုးအမှုထမ်းတို့က တာဝန်ယူလုပ်ကိုင်ကြရသည်။ တစ်လလျှင် စပါးတင်း ၃၃၀ သနားတော်မြတ်ခံရသည်ဟု ဆို၏။ ရွှေချည်ထိုးအနုပညာက အလောင်းမင်းတရားလက်ထက်တွင် စတင်ခဲ့သည်ဆို၏။ သို့သော် သိပ်မထွန်းကားလှ။ မြေဒူးမင်း (၁၇၆၃-၆၆) လက်ထက် အယုဒ္ဓယကို သိမ်းယူသောအခါ ရွှေချည်ထိုးပညာရှင်အများအပြားပါလာသည်။ ထိုပညာ၊ ထိုအဆက်အနွယ်များက အမရပူရခေတ်နှင့် ရတနာပုံခေတ်တွင် အလွန်တိုးတက်ခဲ့တော့သည်။

အယုဒ္ဓယသားများကား ပြောင်မြောက်သော ရွှေချည်ထိုးအနုပညာကိုသာမက သူတို့၏ ရိုးရာအစားအသောက်များကိုပါ မန္တလေးတွင် တွင်ကျယ်နေရာယူသွားအောင် စွမ်းဆောင်နိုင်ခဲ့ကြ၏။ တကယ်တော့ ထိုးမုန့်၊ နန္ဒင်းမကင်း၊ မာစကပ်စသော မန္တလေး အစားအသောက်များကား အယုဒ္ဓယသားတို့၏ ရိုးရာအစားအသောက်များ ဖြစ်ခြေ၏။ မြန်မာအစားအစာ စစ်စစ်မဟုတ်။ မြန်မာ့ရိုးရာအစားအစာက ဆန်မုန့်ညက်နှင့် ထန်းလျက်ကိုသာ အသုံးပြုသည်။ ကောက်ညှင်း၊ သကြား၊ အုန်းသီးဆန်များပါလာလျှင်တော့ မြန်မာမုန့်စစ်စစ် မဟုတ်တော့။ ထို့ကြောင့် အယုဒ္ဓယသားတို့ အခြေချခဲ့ရာ ရပ်ကွက်သည် ထိုးမုန့်၊ နန္ဒင်းမကင်း၊ မာစကပ်ဖြင့်လည်း နာမည်ကြီး၏။ "မျက်ပါးရပ်ထိုးမုန့်" ဟူသည်ကား ထိုးမုန့်သမိုင်းတွင် ကနဦးအမည်ဖြစ်၏။ ထိုးမုန့်၏ စံအရည်အသွေးနာမည်ဖြစ်၏။ "ထိုးမုန့်မူလ၊ အယုဒ္ဓယ၊ မျက်ပါးရပ်မှာစ. . ." ဟု ဆိုရပေမည်။

အယုဒ္ဓယသား အစားအစာများကား တွင်ကျယ်ကြီးထွားကာ "မြန်မာပြည်သား" လုံးလုံးဖြစ်နေ၍ လွယ်လင့်တကူ ဝယ်ယူ စားသောက်နိုင်သော်ငြား၊ မြန်မာပြည်သားစစ်စစ် မုန့်ဗိုင်းတောင့်၊ မုန့်လက်ညှိုး၊ မုန့်စိမ်းပေါင်း၊ ထန်းသီးမုန့်၊ မုန့်ကွဲသည်း၊ မုန့်ကြာလိပ်၊ အထက်မီး အောက်မီးမုန့်. . . စသည်များကား နာမည်ကိုပင် မေ့လုမတတ် ပျောက်ကွယ်ကုန်ပြန်ပေ့ါ။ အညာကျေးလက်က ကလေးငယ်က မြို့ပြန်လက်ဆောင် "နိုင်လွန်ဝေဖာ" ကို မျှော်နေ၏။ "ပီကေ" ကို ဝါးနေ၏။ တတ်နိုင်သူက စနိုးရေခဲချောင်း။

မြန်မာ မုန့်ပဲသရေစာ စစ်စစ်များကား အခုပင်လျှင် ပျောက်ကွယ်နေပါပြီ။ ကျွန်တော်တို့ မသိမမီဘဲ ပျောက်ကွယ်သွားသည့် မုန့်များလည်း အများအပြားရှိဦးမည်။ မုန့်ပျားသလက်ပင်လျှင် ယခင်က စားဖူးသော ပဲလွန်းစေ့လေး ပြောက်ပြောက်၊ အသားထူထူ မျိုးမတွေ့ရတော့။ ပါးလှပ်လှပ် ရေပါးမှာ ခရမ်းချဉ်သီး၊ ငရုတ်သီး၊ ကြက်ဥ၊ စားတော်ပဲ၊ အုန်းသီး၊ မဆလာတွေနိုင်းချင်းနှင့် အကြွပ်ကြော်ထားသည့် မန္တလေးက ချွေတာရေးဟု ခေါ်သည့် မုန့်ပျားသလက်များပင်။ အခုတော့ အယုဒ္ဓယသားတို့၏ ထိုးမုန့်ကတော့ မြန်မာမုန့်စစ်စစ်အသွင်ပြောင်းသွားချေပြီ။ ၇၈ လမ်း၊ (၃၄/၃၅)ကြားမှာ ထိုးမုန့်ဆိုင်တွေရှိ၏။ ၃၅ လမ်းနှင့် ၃၆ လမ်းကြား ၇၈ လမ်းအနောက်ခြမ်းမှာ မျက်ပါးရပ်၏ မူလလက်ဟောင်း ထိုးမုန့်ဆိုင်တစ်ဆိုင် ကျန်ပါသေးသည်။

၇၈ လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြားတွင် ထိုးမုန့်သည်များနှင့်အတူ မန္တလေး၏ ပေါများလှသော အလှူပွဲ၊ ဘုရားပွဲ၊ ကျောင်းပွဲများအတွက် အခမ်းအနားအပြင်အဆင်နှင့် ရွှေချည်ထိုးထည်များ၊ လက်ဝတ်ရတနာ အဆောင်အယောင်များ ငှားရမ်းသော လုပ်ငန်းကြီးများလည်းရှိ၏။ လတ်တလောအလုပ်ဖြစ်လှသော လုပ်ငန်းကြီးများဖြစ်သည်။ အရင်ကတော့ ရှင်ပြုအလှူပွဲအတွက် မောင်ရှင်လောင်းအဝတ်အစား၊ နားရံ အဝတ်အစားအတွက် ငှားရမ်းရုံပဲဖြစ်သည်။ အခုတော့ ပန္နက်တော်တင်၊မြေတော်သန့်စင်၊ ထီးတော်တင်၊ စံကျောင်းတော်ချ၊ ထီးဖြူတော်ဖွင့် စသည့် စသည့် ရွှေဘုံနိဒါန်းလာ မင်းခမ်းမင်းနားကြီးများ ခြိမ့်ခြိမ့်သဲ ကျင်းပကြသောကြောင့် ရှေ့ဝင်း၊ နောက်ဝင်း၊ ထွက်တော်မူကြီး စသည်တို့အတွက် အဝတ်အစား၊ အဆောင်အယောင်များ ငှားရမ်းရမှုလုပ်ငန်းက လက်မလည်အောင် ရှိနေသည်။ တစ်ခါတစ်ရံ တစ်နေ့တည်း ပွဲတွေတိုက်နေ၍ အဆင်ပြေအောင် စီစဉ်ရ၏။ ပွဲကူးတစ်ခုနှင့်တစ်ခု အချိန်မီအောင် ပြေးလွှားကြရသည်။ ထိုအဝတ်အစားများ ငှားရမ်းရမှုနှင့်အတူ ရွှေငွေရေစက်ချခွက်များ၊ ကော်ဇောနီလိပ်ကြီးများလည်း တွင်ကျယ်စွာ ငှားရမ်းနေရသည်။ ကော်ဇောနီသည် နိုင်ငံတော်အခမ်းအနားတွင်သာမက ဟိုတယ်ဖွင့်ပွဲ၊ စားသောက်ဆိုင်ဖွင့်ပွဲ၊ ဆုနှင်းသဘင်၊ အရောင်းခန်းမဖွင့်ပွဲ၊ အင်္ကျီဆိုင်ဖွင့်ပွဲ၊ စက်ချုပ်သင်တန်းဖွင့်ပွဲ . . . စသည် စသည်များအထိ လိုအပ်နေသောကြောင့် ဤလုပ်ငန်းလည်း တွင်ကျယ်ပါသည်။

၇၈ လမ်း၏ (၃၄/၃၅)ကြားတွင် ထိုးမုန့်ဆိုင်များ၊ ရွှေချည်ထိုးငှားရမ်းသောဆိုင်များအပြင် ကြေးမုံအထူးကုဆေးခန်းလည်း ရှိ၏။ မန္တလေး အထူးကုဆေးခန်းများတွင် မူလစတင်သည့် ဆေးခန်းလည်းဖြစ်၏။ ၇၈ လမ်းနှင့် ၃၅ လမ်းထောင့်တွင် မန္တလေး၏လက်ဟောင်း လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိပါသည်။ ထူးခြားသည်က ထိုဆိုင်သည် နေ့မှာမဖွင့်။ ညနေစောင်းမှသည် မနက်ပိုင်းထိ ဖွင့်သည်။ ဆိုင်နာမည်မရှိ။ ညပိုင်းတွင် စားသောက်သူများဖြင့် စည်ကားနေတတ်၏။ အီကြာကွေးနာမည်ကြီးလှသည်။ ညဦးပိုင်း အဆာပြေစားချင်၍ အီကြာကွေးကို တန်းစီကာ စောင့်၍ဝယ်ရသည်။ အီကြာကွေး၊ မလိုင် အစားများသည်။ ကျွန်တော်တို့ မန္တလေးတက္ကသိုလ်တက်စဉ်ကာလ (၁၉၇၅-၇၉)များတွင် ညတိုင်း ထိုဆိုင်မှာပဲ ချိန်းဆိုဆုံဖြစ်ကြသည်။ ယနေ့ ၃၅ လမ်းတစ်လျှောက် ခေတ်စားနေသော "အလင်းဆိုင် ယဉ်ကျေးမှု" ကို ထိုဆိုင်က စတင်ခဲ့သည်။ အခုတော့ မူလပထမ ထိုအီကြာကွေးဆိုင်လည်း ပိတ်၍ထားတာ အတော်ကြာပြီ။ အလုပ်မဖြစ်၍ ပိတ်တာလည်း မဟုတ်။ သားစဉ်မြေးဆက် စေတနာကောင်း၊ အလုပ်ကောင်း၍ မန္တလေးက အားပေးမှုလည်း ကောင်းဆဲဖြစ်၏။ သို့သော် ပိတ်ထားသည်။ မေးမြန်းကြည့်တော့ လမ်းမဆုံကြီးမှာ ကားရပ်၊ ဆိုင်ကယ်၊ စက်ဘီး ရပ်စရာနေရာမပေးနိုင်၍ ဟုဆို၏။ အခုတော့ ပြန်ဖွင့်နေပြန်သည်။ ဩော်. . .၊ ဩော်. . .။

အသွားအလာများသော ၃၅ လမ်းတွင် ရန်ကြီးအောင် ခုံးကျော်တံတားရှိ၍ ခုံးကျော်တံတားတစ်ဖက်အစွန်း ၇၈ လမ်းဆုံကလည်း အသွားအလာများသောအခါ ထိုနေရာသည် ယာဉ်တိုက်မှုအများဆုံး ကြုံရသည်။ လမ်းဆုံ၏ အထူးသဖြင့် တောင်ဘက်ခြမ်းထောင့် အိမ်များက အိမ်ထဲကားထိုးဝင်မှာ လေလားဟု တထိတ်ထိတ်ရင်ဖိုနေကြရသည်။ မန္တလေးသားများကတော့ ထိုနေရာကို မျက်ပါးရပ် မီးပွိုင့်ဟုခေါ်ကြသည်။ တိုက်လိုက်ပြန်ပြီဆို မျက်ပါးရပ်မီးပွိုင့်. . .။ မှောက်လိုက်ပြန်ပြီဆို မျက်ပါးရပ်မီးပွိုင့်. . .။

*(မန္တလေးမျဉ်းဖြောင့်များ အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်)*

# မိုးနည်းသဖြင့် တာချီလိတ်ခရိုင်အတွင်းမှ စိုက်ပျိုးရေးလုပ်ငန်းများ အခက်ကြုံနေ



**တာချီလိတ် ဇူလိုင် ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း ယခုနှစ် မိုးဦးကျကာလတွင် မိုးရွာသွန်းမှုနည်းပါးနေသဖြင့် တောင်သူများ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် အခက်အခဲဖြစ်နေကြောင်း သိရသည်။

"သကြံန်အလွန်မှာ မိုးရွာလိုက်တဲ့အတွက် တောင်သူတွေက ဒီနှစ်မိုးဦးစောမယ်လို့ မျှော်မှန်းပြီး ပျိုးထောင်ခဲ့ကြတယ်။ ဒါပေမယ့် မေလမှာ မိုးရွာသွန်းမှုလျော့ကျသွားတဲ့အတွက် ပျိုးပင်အချို့ ပျက်စီးခဲ့ရပါတယ်။ ပုံမှန်အားဖြင့် မေလမှာ မိုးရေချိန်ပျမ်းမျှ ၁၀ လက်မ ရှိရမှာပါ။ ဒီနှစ်မှာ ၆ ဒသမ ၃၂ လက်မပဲ ရှိခဲ့ပါတယ်။ ဇွန်လအတွင်းမှာလည်း မိုးရွာသွန်းရက် ၁၂ ရက်နဲ့ မိုးရေချိန် ကိုးလက်မ၊ ၁၀ လက်မရှိရာမှ မိုးရွာသွန်းရက် ၈ ရက်သာရှိပြီး မိုးရေချိန် ၆ လက်မသာ ရှိခဲ့ပါတယ်။ ဒီတော့ကျွန်တော်တို့အခု ဇူလိုင်လ မိုးရွာသွန်းမှုကို အားကိုးရပါတော့မယ်။ တာချီလိတ်ဒေသဟာ မိုးကောင်းသောက်စနစ်ကို အဓိကထားသလို နွေစပါးကိုလည်း စိတ်ဝင်စားမှုနည်းပါးပါတယ်။ အခုလိုရာသီဥတုတွေ ပြောင်းလဲဖောက်ပြန်နေချိန်မှာ မိုးကောင်းသောက်စနစ်ထက် ရေတော်မိုးတော်စနစ်ကို ပြောင်းလဲကျင့်သုံးဖို့ လိုအပ်နေပါပြီ"ဟု တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှဝင်းက ရှင်းပြသည်။

**"အခုလို ရာသီဥတုတွေ ပြောင်းလဲဖောက်ပြန်နေချိန်မှာ မိုးကောင်းသောက်စနစ်ထက် ရေတော်မိုးတော်စနစ်ကို ပြောင်းလဲကျင့်သုံးဖို့ လိုအပ်နေပါပြီ"**

ယခုနှစ်ရေအခက်အခဲကြုံတွေ့နေရပုံနှင့် ပတ်သက်၍ ဒေသခံတောင်သူတစ်ဦးက "မိုးကတော့ ဒီနှစ်ထဲ သိသိသာသာ နည်းပါတယ်။ ပျိုးထောင်ပြီးမှ မိုးမရွာတော့ အခက်အခဲဖြစ်ရတယ်။ ဒီဒေသမှာ ဆင်းဧကရီ-၃ ကို အဓိကထား စိုက်ပျိုးပါတယ်။ ဒီစပါးမျိုးက ရေမြုပ်ဒဏ်၊ ရေငတ်ဒဏ်ကို ၁၅ ရက်အထိ ခံနိုင်တဲ့အတွက် ဇူလိုင်လအတွင်း မိုးရွာသွန်းရင်တော့ မျှော်လင့်ချက်လေး ရှိပါသေးတယ်။ အခုတော့ တတ်နိုင်သမျှလေး ရေတင်ပြီး စိုက်နေရတာပါပဲ။ လွန်းကျိုင်းကွင်းဖက်မှာဆိုရင် ရေအတွက် အချင်းချင်း စကားအခြေအတင်တောင် ပြောနေရတဲ့အခြေအနေပါ။ မိုးဆက်ပြီးခေါင်နေမယ်ဆိုရင်တော့ ဆည်မြောင်းဌာနကနေ လယ်တွေကို ရေသွင်းပေးဖို့ ကူညီပေးစေလိုပါတယ်"ဟု ပြောသည်။

တာချီလိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုင်းခင်ဇော်လတ်က "မိုးရွာသွန်းမှု နည်းပါးနေတဲ့အတွက် ကျွန်တော်တို့အနေနဲ့လည်း နေ့စဉ်ကွင်းဆင်းပြီး တောင်သူတွေရဲ့ အခက်အခဲကို အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးနေပါတယ်။ ဒီရက်ပိုင်းအတွင်း မိုးရွာဖို့လိုပါတယ်။ မရွာရင်တော့ ပျိုးထောင်ပြီးသားတွေ ဆုံးရှုံးသွားနိုင်ပါတယ်။ ဌာနအနေနဲ့ကတော့ တောင်သူတွေအတွက် မျိုးထောက်ပံ့ပေးဖို့ အဆင်သင့် စုဆောင်းထားပါတယ်။ တာချီလိတ်ဒေသရဲ့ မိုးစပါးရာသီက ဩဂုတ်လကုန်ခန့်မှ ထွန်တုံးပိတ်တာဖြစ်တဲ့အတွက် အချိန်မီမိုးရွာသွန်းရင် ဆုံးရှုံးမှုနည်းပါးမှာပါ"ဟု ပြောသည်။

တာချီလိတ်မြို့နယ်တွင် ၂၀၁၅ ခုနှစ် မိုးစပါးစိုက်ရာသီအတွင်း မိုးကောင်းသောက်လယ် ၁၇၁၆၄ ဧက၊ ရေတော်မိုးတော် ၁၉၈၈ ဧကနှင့် အခြားယာနှင့် တောင်ယာအပါအဝင် ၂၉၆၅၀ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုအချိန်အထိ လယ် ၁၃၆၃ ဧက၊ တောင်ယာ ၃၅၅ ဧကနှင့် ယာ ၈၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

တာချီလိတ်ခရိုင်အတွင်း မိုးစပါးစိုက်ရာသီတွင် မိုင်းယောင်းမြို့နယ်၌ ၄၂၈၈၀ ဧက၊ မိုင်းဖြတ်မြို့နယ်တွင် ၁၆၆၁၉ ဧက၊ တာချီလိတ်မြို့နယ်တွင် ၂၉၆၅၀ ဧက စိုက်ပျိုးရန် လျာထားသည့်အနက် မိုင်းယောင်းနှင့်မိုင်းဖြတ်မြို့နယ်များတွင် မိုးရွာသွန်းမှု ပုံမှန်ရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နိုင်သော်လည်း တာချီလိတ်မြို့နယ်တွင်မူ မိုးရွာသွန်းမှုနည်းပါးနေသဖြင့် ဒေသခံတောင်သူများ အခက်ကြုံနေပြီး မိုးကိုမျှော်နေကြရကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

## အမျိုးသမီးများနေ့အထိမ်းအမှတ် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲကျင်းပ

**မိုးကုတ် ဇူလိုင် ၇**

မိုးကုတ်မြို့နယ်အတွင်းရှိ အမျိုးသမီးငယ်လေးများအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းတတ်စေရန်နှင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မိုးကုတ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှကြီးမှူး၍ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲကို ပတ္တမြားမြေမိုးလုံ လေလုံအားကစားခန်းမ၌ ဇူလိုင် ၃ ရက်က ကျင်းပသည်။

ပြိုင်ပွဲတွင် ရပ်ကွက်ကျေးရွာအုပ်စုများမှ မြန်မာအမျိုးသမီးငယ် ၁၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုကို မခိုင်ဇင်ဖြိုး၊ ဒုတိယဆုကို မထိုက်နန္ဒာအောင်၊ တတိယဆုကို မခိုင်စုစုဝေနှင့် ပရိသတ်အများဆုံးရွေးချယ်မှုဆုကို မမေသဲနွယ်တို့က ရရှိခဲ့သည်။ ဆုရရှိသူများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဌ ဒေါ်စောစုမြိုင်က ဆုချီးမြှင့်ခဲ့ပြီး ခိုင်သစ္စာ ကျောက်မျက်ကုမ္ပဏီနှင့် ပတ္တမြားထွန်းထွန်း ကျောက်မျက်ကုမ္ပဏီများကလည်း ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ခဲ့ကြသည်။

ပြိုင်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ပြည်သူများ လာရောက်အားပေးခဲ့ကြသည်။

**နေဝါ(မိုးကုတ်)**

## သတင်းတို

### ကျေးရွာမူလတန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ကျောက်တန်းကျေးရွာအုပ်စု လျှောပင်ကျေးရွာ တွဲဖက်အခြေခံပညာမူလတန်းကျောင်းကို မူလတန်းကျောင်းအဖြစ် ဇူလိုင် ၄ ရက်က အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။ ဖွင့်ပွဲတွင် ဒုတိယမြို့နယ်ပညာရေးမှူးဦးဌေးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ဦးရွှေတို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

**ချင်းတွင်းသား(iprd)**




# ယင်းမာပင်ခရိုင်အတွင်း၌ လယ်ယာသုံးစက်ကိရိယာများကို တောင်သူများ ငှားရမ်းအသုံးပြုမှု များပြားလာ

**ယင်းမာပင် ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ဒေသခံတောင်သူများ၏ ထွန်ရေးထယ်ရေးလုပ်ငန်းများနှင့် ရိတ်သိမ်းခြင်းလုပ်ငန်းများ အဆင်ပြေစေရန်အတွက် ရှေ့တန်းစခန်းများဖွင့်လှစ်ပြီး စက်ကိရိယာများကို အလွယ်တကူငှားရမ်းအသုံးပြုနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိရာ ရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်းအသုံးပြုသည့်တောင်သူများ များပြားလာကြောင်း သိရသည်။

ယင်းမာပင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက "ကျွန်တော်တို့ဌာနအနေနဲ့ တောင်သူတွေရဲ့ စိုက်ပျိုးရေးနဲ့ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ အဆင်ပြေစေဖို့အတွက် ရှေ့တန်းစခန်းကို ဇွန် ၂၅ ရက်က ယင်းမာပင်မြို့နယ် လယ်တောင်းကြီးကျေးရွာမှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ အဓိကအနေနဲ့ ထွန်ရေး၊ ထယ်ရေးနဲ့ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းတွေကို ဝန်ဆောင်မှုပေးပါတယ်။ တစ်ဧကေ ရိတ်သိမ်းခ ၃၀၀၀၀ကျပ်ပဲ ကုန်ကျတယ်။ လူနဲ့ရိတ်သိမ်းမယ်ဆိုရင်တော့ အခုထက်လည်း အကုန်အကျများမယ်။ အလေအလွင့်များမယ်။ နောက်သီးနှံစိုက်ပျိုးဖို့အတွက် ပြင်ဆင်တဲ့လုပ်ငန်းတွေလည်း နောက်ကျနိုင်တယ်။ အခုလို စက်တွေသုံးတဲ့အတွက် အချိန်ကုန်၊ ငွေကုန်သက်သာတယ်။ အလေအလွင့်နည်းသွားတယ်ဆိုတာကို တောင်သူတွေ သိရှိလာလို့ ငှားရမ်းအသုံးပြုလာတာပါ"ဟု ပြောသည်။

ပုလဲမြို့နယ် သင်တီးကန်ကျေးရွာမှ တောင်သူတစ်ဦးက ''ရိတ်သိမ်းခြွေလှေ့စက်တွေနဲ့ ရိတ်တဲ့အတွက် အချိန်ကုန်၊ ငွေကုန်သက်သာပြီး လူအင်အားလည်း အသုံးပြုစရာမလိုဘူး၊ နောက်သီးနှံစိုက်ပျိုးဖို့အတွက်လည်း ပြင်ဆင်ချိန်ပိုရတယ်။ စပါးတွေ အစိုဓာတ်နည်းနည်းပါလို့ နေလှန်းပေးရတဲ့အဆင့်ပဲရှိတယ်။ တလင်းပြင်တာတို့ ကောက်လှိုင်းတွေ သယ်ပြီး ခြွေလှေ့တာတို့ လုပ်စရာမလိုဘဲ စက်ကပဲ အကုန်လုပ်သွားတာဆိုတော့ အတော်ကို အဆင်ပြေပါတယ်။ ကျွန်တော်တို့ကျေးရွာက တောင်သူတွေကလည်း စက်ကိုသဘောကျပြီး ထပ်ပြီးငှားရမ်းပြီးရိတ်သိမ်းနေကြတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး အများအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကိုလုပ်ကိုင်လျက်ရှိရာ ယခင်က ထွန်ယက်ခြင်းတွင် နွားများအသုံးပြုကြသကဲ့သို့ စိုက်ပျိုးရေးနှင့် ရိတ်သိမ်းခြင်းလုပ်ငန်းများကို လူအားဖြင့်သာ လုပ်ကိုင်ခဲ့ကြရာမှ ယခုနောက်ပိုင်းတွင် လုပ်သားရှားပါးမှုများ ရှိလာသဖြင့် လူများ၊ ကျွဲ၊ နွားတိရစ္ဆာန်များနေရာတွင် လယ်ယာသုံးစက်ကိရိယာများဖြင့် ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းများကို ပြောင်းလဲလုပ်ကိုင်လာကြခြင်းဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



# ရွှေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်း မိုင်းကိုင်မြို့နယ်၌ ဖွင့်လှစ်

**မိုင်းကိုင် ဇူလိုင် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်အတွင်းမှ မဲဆန္ဒရှင် ပြည်သူများအတွက် ရွေးကောက်ပွဲဆိုင်ရာ မဲဆန္ဒရှင်အသိပညာပေးသင်တန်းကို မြို့နယ်ခန်းမ၌ ဇူလိုင် ၅ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းတင်က ရွေးကောက်ပွဲဆိုင်ရာ မဟာဗျူဟာစီမံကိန်း၊ ယခင်ရွေးကောက်ပွဲ၏ အားနည်းချက် အားသာချက်များ စသည်တို့ကို ရှင်းလင်းပြောကြားပြီး ခရိုင်ရွေးကောက်ပွဲအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းနိုင်က ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိ ဦးစိုးမိုးနိုင်က ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများ၊ တရားမဲ့ပြုကျင့်မှုများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် သင်တန်းသားများနှင့် လေ့လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

**နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**

# တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းကုသ

**ကျုံပျော် ဇူလိုင် ၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ပေါက်ကုန်းကျေးရွာမှ ဒေသခံပြည်သူများအား မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနမှ ဆရာမဒေါ်သီတာခိုင်နှင့် ဝန်ထမ်းများက ဇူလိုင် ၄ ရက်တွင် တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ရွာက မြို့နဲ့အလှမ်းဝေးတော့ သက်ကြီးရွယ်အိုတွေအတွက် ကျန်းမာရေးကိစ္စမှာ ပြသဖို့အခက်အခဲလေးတွေ ရှိပါတယ်။ အခုလို တိုင်းရင်းဆေးဦးစီးဌာနက ကျေးရွာအထိကွင်းဆင်းပြီး အခမဲ့ဆေးကုသပေးတဲ့အတွက် ကုသချင်တဲ့သူတွေလည်းများတယ်။ ကျေးရွာပြည်သူတွေအတွက်လည်း အဆင်ပြေပါတယ်"ဟု ကျေးရွာနေပြည်သူတစ်ဦးက ပြောသည်။ တိုင်းရင်းဆေးဦးစီးဌာနအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ကျေးရွာများသို့ကွင်းဆင်း၍ အခမဲ့ဆေးဝါးကုသမှုများ ဆောင်ရွက်လျက်ရှိသည့်အပြင် ဆေးပဒေသာပင် အလှူရှင်များ၏ ပံ့ပိုးမှုဖြင့်လည်း အပတ်စဉ် စနေနေ့တိုင်း အောင်ဆန်းဓမ္မာရုံ၌ အခမဲ့ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မိုးရာသီတစ်လျှောက်လုံး ခြင်ဆေးဖျန်းမည်

**ချောက် ဇူလိုင် ၇**

ချောက်မြို့ ပြည်သူ့ဈေးကြီး၊ အခြေခံပညာကျောင်းများနှင့် မူလတန်းကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် ခြင်ဆေးဖျန်းခြင်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဇူလိုင် ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကာ မိုးရာသီကာလတစ်လျှောက်လုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခြင်ဆေးဖျန်းခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်နှင့် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် စည်ပင်ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ပြည်သူ့ဈေးကြီးတွင် ဈေးရုံ ၁၈ ရုံ၊ ဆိုင်ခန်း ၁၂၀ ရှိသည့်အနက် ဈေးဆိုင်ခန်းများအောက်နှင့် ဈေးအတွင်းရေမြောင်းများတွင် ခြင်ဆေးဖျန်းခဲ့ခြင်းဖြစ်ကာ ဈေးကော်မတီနှင့်ပူးပေါင်းပြီး မိုးရာသီကာလတစ်လျှောက်လုံး အပတ်စဉ် ခြင်ဆေးဖျန်းသွားမည်ဖြစ်ကြောင်း၊ မြို့ပေါ်ရပ်ကွက်များရှိ စာသင်ကျောင်းများကိုလည်း ကျောင်းသား ကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါများ မဖြစ်ပွားစေရန်အတွက် လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ခြင်ဆေးဖျန်းသွားမည်ဖြစ်ကာ အစိုးရမူကြိုကျောင်း၌လည်း ခြင်ဆေးဖျန်းပြီးဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ ဦးထင်အောင်က ပြောသည်။

ချောက်မြို့ပြည်သူ့ဆေးရုံ၌ လက်ရှိအချိန်အထိ သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ ဆေးကုသမှုခံယူနေသူ မရှိသေးကြောင်း၊ မြို့ပေါ်ရပ်ကွက်များတွင်လည်း ဖြစ်ပွားမှုမရှိသေးကြောင်း၊ ချောက်မြို့နယ်ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ကျော်ဇေယျ**


## အမည်ပြောင်း

သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့နေ ဦးစိုးဝေဦး၏သား ကျိုက္ခမီ အထက အ၄မတန်းမှ မောင်ကောင်းဇေဟန်အား မောင်ကောင်းထက်ဝေယံဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းထက်ဝေယံ**

## တစ်ဦးတည်းဖြစ်ကြောင်း

ပဲခူးတိုင်းဒေသကြီးအနောက်၊ လက်ပံတန်းမြို့နယ် အထက(၁)အ၄မတန်း(D)မှ မောင်ထက်ဝေယံဖြိုး၏ ဖခင် ဦးကျော်နိုင်ဦး(ခ)ဦးနိုင်ဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကျော်နိုင်ဦး(ခ)ဦးနိုင်ဦး ၇/လပတ(နိုင်)၀၁၃၀၃၉**

## မွေးသက္ကရာဇ်အမှန်

ဦးသန်းနိုင်၏သား မောင်နိုင်ကိုကို သတ္တမတန်း(B)အထက(၁)ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၁၀-၂၀၀၀ ဖြစ်ပါသည်။ **မောင်နိုင်ကိုကို**

## အမည်ပြောင်း

ဦးသန်းထိုက်လွင် ၁၂/သဃက(နိုင်)၀၉၉၁၅၂၏သမီး ရန်ကုန်မြို့၊သဃ်န်းကျွန်းမြို့နယ်အထက(၁)သဃ်န်းကျွန်း တက္ကသိုလ်ဝင်တန်း(C)မှ မကြည်ဖြူစင်သန့်အား ကြည်စင်သန့်ဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ ၉၊၁၀၊၁၁(ကမာရွတ်) အေးရိပ်မွန်အိမ်ရာ၊ မြေကွက်အမှတ် (၈၉/က)၊ ဧရိယာ ၀ဒသမ၀၅၂ ဧကသည် နှစ်၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးကျော်မင်း၊ ဒေါ်ရီရီချို ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံအား ပိုင်ဆိုင်ကြောင်းကြေညာစာချုပ် (၄၃၁၅/၂၀၁၅)တင်ပြ၍ ဦးကျော်မင်း ၇/ပတတ(နိုင်) ၀၄၈၁၅၅ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံ တင်ပြ၍ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြေတိုင်းဌာနခွဲ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အမြန်ပြန်လာပါ

မြင့်မြင့်အေး အမြန်ပြန်လာပါ **အစ်မ ဒေါ်အေးစန္ဒာ ဖုန်း-၀၁-၉၆၆၆၁၂၀၊ ၀၉-၅၁၁၆၇၂၇၊ အမှတ် (8-L)၊ မင်းဓမ္မလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်**

## ဖောင်းကြွနံပါတ်ပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6B-4166၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

## ရွှေခံအိမ်အဆောင့်မြင့်တည်းခိုခန်း

ပန်းဆိုးတန်းသင်္ဘောဆိပ်မှ ၅မိနစ်သင်္ဘောစီး
ဒလဘက်ရောက်လျှင် ၅မိနစ်ဆိုက်ကားစီး
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဇညားဒလရပ်ကွက်၊ ဒလမြို့နယ်။
၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၃၃
၈၀၀၀ ကျပ် ၁၂၀၀၀ ကျပ်

## EAGLE GUEST HOUSE

ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရလွယ်ကူသော EAGLE တည်းခိုရိပ်သာ
၁၉၂၊ အာသာဝတီလမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာ၊ မယ်လမုဘုရားမီးပွိုင့်အနီး
ဖုန်း ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၄၃၆၇၃
၀၉ ၃၂၂၂၁၄၄၇
၁၀၀၀၀ ကျပ် ၁၅၀၀၀ ကျပ်

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်း-၂၀)**
**မင်းလှမြို့နယ်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၈**

ဒေါ်ထားထားမြင့် **နှင့်** ၁။ ဦးအေးထွန်း
၂။ ဒေါ်မြင့်မြင့်မော်
**တရားလို** **တရားပြိုင်များ**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ စိန်ပုကျေးရွာအုပ်စု၊ ကျွဲတဲကုန်းကျေးရွာနေ ဦးအေးထွန်း(ဘ)ဦးထွန်းလှိုင်နှင့် ဒေါ်မြင့်မြင့်မော်(ဘ)ဦးတင်ဝ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဒေါ်ထားထားမြင့်က နွားဖိုးငွေ(၁၂၀၀၀၀၀/-) (တစ်ဆယ့်နှစ်သိန်းကျပ်) ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၀ရက် (၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(အေမီဝင်းနိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**မင်းလှမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ ပေါင်းလောင်း-၃၊ မြေကွက်/ဦးပိုင်အမှတ် ၁၄၇၀၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဦးတင်ရွှေအမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးတင်ရွှေ ၉/ပမန(နိုင်)၂၀၀၇၂၆ (ဘ) ဦးသီက ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး မြေငှားဂရန် သက်တမ်းတိုး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/အုပ်ကံ၊ မြေကွက်/ဦးပိုင်အမှတ် ၂ဈ၊ ၃ဓ၊ ၄ဃ၊ ဧရိယာ ၀ဒသမ၃၈၀ဧကရှိ ဦးထွန်းဖေ ပါ -၂ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးလင်းနိုင်မိုး (အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ) ၉/ပမန(နိုင်) ၀၅၅၆၅၉ (ဘ) ဦးထွန်းဖေမှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ပိုင်ဆိုင်ကြောင်းကြော်ငြာစာချုပ်ချုပ်ရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# အလုပ်သင်သတင်းထောက်များ အလိုရှိသည်

The Global New Light of Myanmar သတင်းစာတိုက်တွင် အလုပ်သင် သတင်းထောက်(လစာညှိနှိုင်း) ရာထူး(၅)နေရာအတွက် အောက်ဖော်ပြပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

၁။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိရမည်။

၂။ အသက်(၂၅)နှစ်နှင့် (၃၅)နှစ်အကြား ဖြစ်ရမည်။

၃။ နေ့ညမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အမျိုးသမီးများလည်း လျှောက်ထားနိုင်သည်။

၄။ အင်္ဂလိပ်စာ အခြေခံကျွမ်းကျင်မှုရှိပြီး အင်္ဂလိပ်စာကို အထူးဝါသနာပါသူ ဖြစ်ရမည်။

၅။ မီဒီယာလုပ်ငန်းအတွင်း ကိုယ်ရောစိတ်ပါမြုပ်နှံ တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၆။ ကွန်ပျူတာကို အင်္ဂလိပ်ဘာသာဖြင့် စာစီ/စာရိုက်အဆင့် တတ်ကျွမ်းသူ ဖြစ်ရမည်။

၇။ ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်မိတ္တူတင်ပြရမည်။

၈။ အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ် မိတ္တူတင်ပြရမည်။

၉။ လျှောက်ထားသူများအား အရည်အချင်းစစ်ဆေးမည်။ စစ်ဆေးမည့်ရက်ကို သတင်းစာများတွင် ကြေညာမည်။

၁၀။ လျှောက်လွှာများကို ကိုယ်ရေးရာဇဝင်အကျဉ်း (ပတ်စ်ပို့ဓာတ်ပုံပူးတွဲ) နှင့် စာရွက်စာတမ်းများပူးတွဲလျက် စာတည်းမှူးချုပ်၊ The Global New Light of Myanmar သတင်းစာတိုက်၊ အမှတ် ၁၅၀၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ mail ဖြင့်ပေးပို့လိုသူများသည် wallace.tun@gmail.com သို့လည်းကောင်း ၃၀-၇-၂၀၁၅ ရက် နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။

**The Global New Light of Myanmar သတင်းစာတိုက်**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ စစ်ကိုင်းခရိုင်၊ မြစ်ပေါက်-၂ (ဝမ်းပြည့်)လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ဆောင်ရွက်ရန်လိုအပ်သည့် အောက်ဖော်ပြပါတည်ဆောက်ရေးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**စဉ် ပစ္စည်းအမျိုးအမည်**

၁။ အုတ်(ပထမတန်းစား)

၂။ ခွဲကျောက်

၃။ သဲ

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၃၁-၇-၂၀၁၅ ရက်

**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ညနေ ၅း၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ စစ်ကိုင်းခရိုင်ရုံးတွင် ၁-၇-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၇၂-၂၁၆၇၂**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ မုံရွာခရိုင်၊ အရာတော်(၂)၊ လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ဆောင်ရွက်ရန်လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**စဉ် ပစ္စည်းအမျိုးအမည်**

၁။ အုတ်(ပထမတန်းစား)

၂။ ခွဲကျောက်(ချီပင်)

၃။ သစ်မာ

၄။ တောသစ်

၅။ ကျောက်ကြီး (၆"-၉")

၆။ သဲ

၇။ ကျွန်းတံခါးရွက်(ဗီရိုဆံ)

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၃၁-၇-၂၀၁၅ ရက်

**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ညနေ ၅း၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ အရာတော်(၂) စီမံကိန်းရုံးတွင် ၁-၇-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ ဖုန်း-၀၉-၆၄၅၀၅၉၆**

# အမြန်ရောင်းမည်

ပဲခူးမြို့၊ မြို့လယ်ခေါင်၊ ရွှေမော်ဓောဘုရားအနီး၊ နေရာကောင်း (ဘိုးဘွားပိုင်မြေ) ပေ၂၆×၁၉၈ အုတ်တံတိုင်းခတ်ပြီး အုတ်ခံ၊ ပျဉ်ထောင်နှစ်ထပ်အိမ်၊ ရေ၊ မီး၊ ဖုန်းပါ။

**ဆက်သွယ်ရန် ဖုန်း-၀၉-၂၆၀၂၀၁၂၀၆၊**
**ဈေးနှုန်း - သိန်းခုနစ်ထောင့်ငါးရာ**

# အသက်သာဆုံးဈေးနှုန်းဖြင့် အမြန်ရောင်းမည်

အသင့်နေနိုင်သော တိုက်အသစ် ပေအကျယ် (12½'x 50'), အမြင့် 17' အမှတ်(၃၉)၊ အောင်မင်္ဂလာမြို့ပတ်လမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ သိန်း ၆၃၀ (ညှိနှိုင်း) အရှုပ်အရှင်းကင်းသည်။

အကျိုးဆောင်ခ-(၂%)ပေးမည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၃၃၃၇၇၇၂၀၊ ၀၉-၃၃၆၀၀၃၃၃**

# လေလံခေါ်ယူခြင်း

၁။ မုံရွာမြို့နယ်၊ ခတ္တကန်တောင်ရွာ၊ မဟာဗောဓိတထောင် လေးကျွန်းစကြာရပ်တော်မူဘုရားကြီး၏ အသုံးပြုရန်မလိုအပ်တော့သည့် ၁၅၀ cm x ၆၀ cm x ၂ mm အရွယ်အစားရှိ နိုင်ငံခြားဖြစ်ကြေးပြား ၁၈၇၀ချပ်အား မျက်မြင်အနေအထားအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချမည်ဖြစ်သည်-

(က) **လေလံလျှောက်လွှာရောင်းချမည့်ရက်** - ၆-၇-၂၀၁၅ ရက်

(ခ) **လျှောက်လွှာပိတ်မည့်ရက်** - ၂၈-၇-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ

(ဂ) **လေလံပွဲကျင်းပမည့်ရက်/အချိန်** - ၂၉-၇-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ၀၉း၀၀ နာရီ

(ဃ) **လေလံပွဲကျင်းပမည့်နေရာ** - မဟာဗောဓိတထောင်ဂေါပကအဖွဲ့ရုံး၊ မုံရွာမြို့နယ်၊ ခတ္တကန်တောင်ရွာ

၂။ လေလံလျှောက်လွှာများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို လေလံရောင်းချရေးလုပ်ငန်းကော်မတီနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မုံရွာမြို့ ဖုန်း-၀၇၁-၂၂၅၃၀နှင့် ၀၇၁-၂၂၇၇၃ တို့တွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**လေလံရောင်းချရေးလုပ်ငန်းကော်မတီ**
**ဗောဓိတထောင်၊ မုံရွာမြို့**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၄)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွှေပေါက်ကံ တံတားချဉ်းကပ်လမ်းနှင့် ကုက္ကိုဝတံတားချဉ်းကပ်လမ်း တည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သောလမ်းခင်းပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသည့်ပစ္စည်းများ၏ အရေအတွက်စာရင်းနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၉-၇-၂၀၁၅ ရက်မှစ၍ လမ်းအထူးအဖွဲ့(၁၄)၊ အောင်ဇေယျတံတားဝင်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၄၅၄၀၇တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၅-၇-၂၀၁၅ ရက်၊ ၁၀း၀၀ နာရီ

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၅-၇-၂၀၁၅ ရက်၊ ၁၃း၃၀ နာရီ

**တင်ဒါဖွင့်မည့်နေရာ** - လမ်းအထူးအဖွဲ့(၁၄)၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လှိုင်သာယာမြို့။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းအထူးအဖွဲ့(၁၄) ရန်ကုန်မြို့**

# အခြေခံစာရင်းကိုင်ပညာသင်တန်းအမှတ်စဉ်(၂/၂၀၁၅)
## လျှောက်လွှာခေါ်ယူခြင်း
## ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး

အခြေခံစာရင်းကိုင်ပညာသင်တန်းအမှတ်စဉ် ၂/၂၀၁၅ သင်တန်းကို ၁၇-၈-၂၀၁၅ ရက်တွင် စတင်ဖွင့်လှစ်ပါမည်။

| | |
|---|---|
| **သင်တန်းကာလ** | - ၁၇-၈-၂၀၁၅ ရက်မှ ၁၂-၁၁-၂၀၁၅ ရက်အထိ |
| **သတ်မှတ်ပညာအရည်အချင်း** | - အခြေခံပညာအထက်တန်းအောင် (သို့မဟုတ်) တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင် |
| **သင်တန်းရက်** | - စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်မှအပ ကျန်ရုံးဖွင့်သည့် တနင်္လာနေ့မှ ကြာသပတေးနေ့အထိ |
| **သင်တန်းအချိန်** | - နံနက် ၇း၀၀ နာရီမှ ၈း၅၀ နာရီအထိ |
| **သင်တန်းနေရာ** | - ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ ပဲခူးမြို့၏ (၃)ထပ်သင်တန်းကျောင်း၊ ရပ်ကွက်ကြီး(၆)၊ အမှတ်(၅/၁၈)၊ သမိန်ဗရမ်းလမ်း၊ ပဲခူးမြို့။ |
| **လျှောက်လွှာလက်ခံမည့်ရက်/နေရာ** | - ၁၅-၇-၂၀၁၅ရက်မှ ၃၀-၇-၂၀၁၅ရက်အထိ (နံနက် ၁၀း၀၀နာရီမှ မွန်းလွဲ ၁၅း၀၀နာရီအထိ)ရုံးဖွင့်ရက်များ (သင်တန်းသူ/သင်တန်းသားဦးရေ ၈၀ ခန့်သာ လက်ခံနိုင်ပါသည်။ ဦးရာစနစ်ဖြင့် လက်ခံပါမည်) |
| **လျှောက်လွှာလက်ခံမည့်နေရာ** | - ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ ရပ်ကွက်ကြီး (၆)၊ အမှတ်(၅/၁၈)၊ သမိန်ဗရမ်းလမ်း၊ ပဲခူးမြို့၊ ရုံးအဖွဲ့ ဖုန်း-၀၅၂-၂၂၃၀၅၆၇ |
| **မှတ်ချက်** | - လိုင်စင်ဓာတ်ပုံ(၄)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်(မူရင်း/မိတ္တူ)အခြေခံပညာအထက်တန်းအောင်လက်မှတ် (မူရင်း/မိတ္တူ) |

(သိလိုသောအသေးစိတ်အချက်အလက်များကို ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၅၂-၂၂၃၀၅၆၇သို့ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။)

**ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး**

# ဝန်ထမ်းအလိုရှိသည်

- အကောင်းဆုံးလစာနှင့် အချိုရည်စက်ရုံမှ Marketing များနှင့် အရောင်းကိုယ်စားလှယ်များအလိုရှိသည်။ (လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်)
- ကိုယ်စားလှယ်များအား အကောင်းဆုံးညှိနှိုင်းဆောင်ရွက်ပေးမည်။

**Ph: 09-799507796, 09-31201222, 01-618054**

# ပိုင်ဆိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄(သမိုင်း) မြေကွက်အမှတ် ၆/က ၏ တစ်စိတ်တစ်ဒေသဧရိယာ (၂၇'×၇၀')၊ မြေပိုင်မြေအမည်ပေါက် မကြီးကြီး၊ လူနေရပ်ကွက်အခေါ် အမှတ်(၄၆) ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ရှိ မြေကွက်အား အမွေဆက်ခံခွင့်ရှိသူ ဒေါ်ခင်ခင်စီ+၁ ထံမှ ကျွန်တော် ဦးစိုးစိုးသည် အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူတစ်ဦးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးစိုး**
**၉/မခန(နိုင်)၁၂၉၇၆၈**

# ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီး၊ စိတ်ကျန်းမာရေးဆေးရုံကြီး၏ ဆောက်လုပ်ရေးလုပ်ငန်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအား ၁၇-၇-၂၀၁၅ရက်(သောကြာနေ့) ညနေ ၄း၀၀ နာရီတွင် တင်ဒါပိတ်ပြီး ၂၁-၇-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီတွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်တိုင်းဒေသကြီး**

# စံတော်ဝင် မြေဇင်းတောရ ဓမ္မရိပ်သာ(မိုးကုတ်မြို့) ကန္ဒီဥပနိဿယ ရက်(၆၀)တရားစခန်း ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့၊ လယ်ဦးအုပ်စု ရွှံ့ပန်းကြီး၊ ရွှံ့ပန်းလေးရပ်ရှိ စံတော်ဝင်မြေဇင်းတောရ ဓမ္မရိပ်သာတွင် ကမ္မဋ္ဌာနာစရိယဆရာတော် ဦးမဏ္ဍလမှ ရက်(၆၀) တရားစခန်းအား (၁၃၇၇ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက်)၊ ၁၇-၇-၂၀၁၅ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။ ရဟန်းသံဃာတော်များမှာ ဝါတော် (၅)ဝါအနည်းဆုံး ဖြစ်ရပါမည်။

**မှတ်ချက်။** ။(နှစ်စဉ် တပို့တွဲလပြည့်ကျော် ၁ရက်နေ့ အပတ်စဉ်နှင့် ကဆုန်လဆန်း ၁ရက်နေ့ အပတ်စဉ်များတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။)

**ဖုန်း-၀၉-၄၇၁၁၇၅၇၃၊ ၀၉-၄၀၂၇၈၁၇၉၂၊**
**ဦးသန်းနိုင်-ဒေါ်အေးအေးဝင်း (စံတော်ဝင်ကျောက်မျက်ရတနာကုမ္ပဏီ)**

# မိုးကောင်းမြို့နယ်အသင်း(ရန်ကုန်)

(၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် (၂၀၁၄-၂၀၁၅) တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော အသင်းဝင်များ၏သားသမီးများ ပညာရည်ချွန်ဆုပေးပွဲကို ၂၆-၇-၂၀၁၅ ရက် ကျောက်စိမ်းတွင်းဓမ္မာရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများအားလုံး ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ လှူဒါန်းခြင်းနှင့် ပညာရည်ချွန်ဆုရရှိသူများ ၂၀-၇-၂၀၁၅ ရက်မတိုင်မီ ဦးမောင်ကြီး ဖုန်း-၂၄၃၄၈၂၊ ဦးချစ်မောင် ဖုန်း-၅၀၃၁၉၈၊ ဦးအောင်သိန်း ဖုန်း-၃၈၃၉၄၆၊ ဦးတင်မောင်အုန်း ဖုန်း-၅၃၉၂၈၇၊ ဦးထင်ဆိုက် ဖုန်း-၂၂၄၅၉၁၊ ဒေါက်တာမြင့်ဦး ဖုန်း-၀၉-၃၁၇၈၈၁၇၉၊ ဦးကျော်ကို ဖုန်း-၀၉-၄၃၀၁၈၃၀၈ သို့ ဆက်သွယ်စာရင်းပေးကြပါရန် ပန်ကြားအပ်ပါသည်။

**(သီးခြားဖိတ်စာမပို့ပါ။)** **မိုးကောင်းမြို့နယ်အသင်း(ရန်ကုန်)**

# ကုမ္ပဏီတွင် ခန့်ထားရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်

၁။ **ဥပဒေဆိုင်ရာဌာန**

**ဌာနမှူး**

ဥပဒေဘွဲ့ရ၊ ရှေ့နေလိုင်စင်ရှိသူဖြစ်ရမည်။ (အတွေ့အကြုံ -၅နှစ်)သက်တမ်း ရှိရမည်။
စာချုပ်စာတမ်းမျိုးစုံ ပြုစုတတ်ရမည်။ (ကွန်ပျူတာကျွမ်းကျင်)

**လက်ထောက်**

ဥပဒေဘွဲ့ရ၊ စာချုပ်စာတမ်းမျိုးစုံ ပြုစုတတ်ရန်။ (ကွန်ပျူတာကျွမ်းကျင်)
အခြေခံလစာ-၂၅၀၀၀၀/-မှ ၇၀၀၀၀၀/-ထိ

၂။ **ကုမ္ပဏီဥက္ကဋ္ဌ၏အတွင်းရေးမှူး (Secretary) နှင့် လက်ထောက်(Personal assistant)**

**အတွင်းရေးမှူး (Secretary)**

ဘွဲ့ရ၊ ရုံးလုပ်ငန်းကျွမ်းကျင်(လုပ်ငန်းအတွေ့အကြုံ -၂နှစ်)ရှိရမည်။
ကွန်ပျူတာကျွမ်းကျင်ရမည်။ (Photoshop, Excel, Power Point, Microsoft Word) ကျွမ်းကျင်ရမည်။ လူမှုဆက်ဆံရေးကောင်းမွန်ပြေပြစ်ရမည်။
အခြေခံလစာ-၂၅၀၀၀၀/မှ ၇၀၀၀၀၀/-ထိ တိုးနိုင်ပါသည်။

၃။ **ဘဏ္ဍာရေးဌာန**

**စာရင်းစစ်မန်နေဂျာ**

ဘွဲ့ရ၊ စာရင်းစစ်လက်မှတ်တင်ပြနိုင်ရမည်။
(အတွေ့အကြုံ-၅နှစ်)ရှိရမည်။
ကုမ္ပဏီစာရင်း၊ ကျွမ်းကျင်စွာတတ်ကျွမ်းရမည်။ ကွန်ပျူတာကျွမ်းကျင်ရမည်။

**ငွေစာရင်းလက်ထောက်**

ဘွဲ့ရ၊ စာရင်းစစ်လက်မှတ်တင်ပြနိုင်ရမည်။
(အတွေ့အကြုံ -၂နှစ်)ရှိရမည်။ ကွန်ပျူတာကျွမ်းကျင်ရမည်။
အခြေခံလစာ-၂၅၀၀၀၀/-မှ ၇၀၀၀၀၀/-ထိ

၄။ **ယာဉ်မောင်းများ**

ယာဉ်မောင်းလိုင်စင်ရှိရမည်။ ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာမောင်းနှင်တတ်ရမည်။
ပြည်တွင်းခရီးဝေး အတွေ့အကြုံရှိရမည်။ ယာဉ်မောင်းသက်တမ်း(အတွေ့အကြုံ-၅နှစ်)ရှိရမည်။
ဝန်ကြီးဌာနများတွင် လုပ်ကိုင်ဖူးသူများဦးစားပေးခန့်ထားမည်။
အခြေခံလစာ-၂၅၀၀၀၀/-မှ အရည်အချင်းပေါ်မူတည်၍ တိုးပေးမည်။

၅။ **လုံခြုံရေးသင်တန်းဆရာ**

လုံခြုံရေးအတွေ့အကြုံရှိရမည်။ ရဲတပ်ဖွဲ့သင်တန်းကျောင်းနည်းပြ၊ စစ်သင်တန်းကျောင်းနည်းပြ အတွေ့အကြုံရှိသူများအား ဦးစားပေးခန့်ထားပါမည်။
အခြေခံလစာ-၅၀၀၀၀၀/-မှ ၇၀၀၀၀၀/-အထိ တိုးနိုင်ပါသည်။

**လုံခြုံရေးရဲဘော်များ**

ကျန်းမာရေးကောင်းရမည်။ စည်းကမ်းလိုက်နာနိုင်ရမည်။
ရဲဌာန၊ စစ်တပ်တွင်တာဝန်ထမ်းဆောင်ဖူးသူများဦးစားပေးခန့်ထားမည်။ အသက်(၃၀)အောက်၊
အခြေခံလစာ -၂၀၀၀၀၀/-မှ ၇၀၀၀၀၀/-အထိ တိုးနိုင်ပါသည်။

**လျှောက်ထားလိုသူများသည်-**

ကိုယ်ရေးအချက်အလက်၊ မှတ်ပုံတင်မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသောပတ်စ်ပို့ အရွယ်ဓာတ်ပုံ (၂)ပုံ အိမ်ထောင်စုဇယားမိတ္တူ၊ ဘွဲ့လက်မှတ်မူရင်း၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ အခြားတတ်ကျွမ်းသောပညာအရည်အချင်းမူရင်းတို့နှင့်အောက်ဖော်ပြပါလိပ်စာအတိုင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။ လုံခြုံရေးဆေးစစ်ချက်ထောက်ခံစာတင်ပြနိုင်ရမည်။

**အမှတ် ၉၈၊ ဗဟိုလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၇၀၅၄၇၉၊ ၀၁-၆၅၄၆၂၃**

# ဒေါ်မာမာခိုင်နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်သူ ၁၂/လကန(နိုင်)၁၄၂၃၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်မာမာခိုင် ၇/ပခန(နိုင်)၁၉၃၀၈၈ နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်သူနှင့် ဇနီးဖြစ်သူ ဒေါ်မာမာခိုင်တို့သည် ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်၍ သီးခြားစီနေထိုင်လျက်ရှိကြပါသည်။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ အမှတ်(၁၄)ရပ်ကွက်၊ ၄၀ါလမ်းရှိ ဒေါ်မာမာခိုင် လက်ရှိနေထိုင်လျက်ရှိသော တစ်ထပ်တိုက်နေအိမ်အဆောက်အအုံနှင့် ယင်းနေအိမ်အဆောက်အအုံတည်ရှိရာ ခြံမြေကွက်အပါအဝင် သိမ်တော် ထန်းတောကွင်း၊ အကွက်အမှတ် B-85၊ (၄၀'×၆၀')ဂရန်မြေကွက်အကွက်အမှတ် ၁၃၈၊ (၄၅'×၇၀')ဂရန်မြေကွက်၊ အကွက်အမှတ် ၂၄၊ (၄၀'×၆၀') ဂရန်မြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ မေတ္တာရေစင်လမ်း၊ အကွက်အမှတ် ၆/၃၅၁၊ (၄၀'×၆၀') ဂရန်မြေကွက်များနှင့် ယာဉ်အမှတ်-2E-8155 Nissan X-Trail မော်တော်ယာဉ်နှင့် ယာဉ်အမှတ် 5G-6905 Lefan Dump Truck မော်တော်ယာဉ်များသည် ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်သူအမည်ဖြင့် ဝယ်ယူထားရှိခဲ့သည့် လင်မယားနှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းများဖြစ်ပါသည်။

အဆိုပါ အိမ်၊ ခြံမြေများနှင့် မော်တော်ယာဉ်များကို ကျွန်ုပ်မိတ်ဆွေ ဦးမြင့်သူ၏ ခွင့်ပြုချက်မရဘဲ ဒေါ်မာမာခိုင်မှဖြစ်စေ အခြားသူတစ်ဦးဦးကဖြစ်စေ၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်လှူဒါန်းခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန် ဒေါ်မာမာခိုင်နှင့် အများသိစေရန် အသိပေးတားမြစ်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကြည်စိုး LL.B**
**အထက်တန်းရှေ့နေ (စဉ်-၂၂၂၇၇)**
**အမှတ် ၄၊ မင်းရဲကျော်စွာလမ်း၊ (၂)ရပ်ကွက်၊ သုံးခွမြို့၊**
**ဖုန်း-၀၉-၄၂၀၀၂၃၅၈၁၊ ၀၉-၃၂၂၃၂၆၅၆**

# ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံများ ထိခိုက်မှုမဖြစ်ပေါ်ရေး စီမံကိန်းရပ်စဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုအစိုးရအဖွဲ့**
**(အမိန့်ကြော်ငြာစာအမှတ်၊ ၆၆/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်**
**(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက်)**
**စီမံကိန်းရပ်စဲကြောင်း ကြေညာခြင်း**

၁။ ရန်ကုန်မြို့အား ခေတ်မီမြို့တော်အဖြစ် တည်ဆောက်ရာတွင် မြို့ပြစည်ပင်ဖွံ့ဖြိုးမှုလုပ်ငန်းများကို အထောက်အကူပြုရန် ရည်ရွယ်၍ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆက်လက်အသုံးပြုရန် အစီအစဉ်မရှိတော့သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်ရှိ ယခင်နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်နှင့် အမှတ်(၁)မော်တော်ယာဉ်တပ်ရင်းနေရာဟောင်းတို့အား ဖွံ့ဖြိုးမှုလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် တင်ဒါခေါ်ယူခဲ့ရာ အောက်ပါကုမ္ပဏီများမှ တင်ဒါအောင်မြင်ခဲ့ပါသည်-

(က) ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်၊
(ခ) Adventure Myanmar Tours and Incentives Co.,Ltd.၊
(ဂ) သုခရတနာကုမ္ပဏီလီမိတက်၊
(ဃ) Marga Landmark Development Co.,Ltd.။

၂။ အထက်ပါ တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီများက ကုမ္ပဏီအလိုက် နိုင်ငံတကာအဆင့်မီဟိုတယ်များ၊ Service Apartment များ၊ ကုန်တိုက်ကြီးများ၊ စီးပွားရေးလုပ်ငန်းဌာနများ၊ လူနေအိမ်ခန်းအဆောက်အအုံများနှင့် ရုံးအဆောက်အအုံများပါဝင်သည့် စီမံကိန်းများရေးဆွဲ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်များ တင်ပြခဲ့ရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့်

*စာမျက်နှာ ၁၃ ကော်လံ ၁* ✳

# အခြေခံမဲဆန္ဒရှင်စာရင်းတွေမှာ အမှားအယွင်းတွေရှိတယ်၊ ဘာကြောင့်လဲ၊ ဘာလုပ်သင့်လဲ၊ သွားပြင်ကြရဲ့လား

**သတင်းဆောင်းပါး-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးအတွက်ဟုဆိုကာ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အခြေခံမဲဆန္ဒရှင်စာရင်း ကွန်ပျူတာစာရင်းသွင်းခြင်းလုပ်ငန်းများအား ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၅ ခုနှစ် ဇွန်လအထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပုံစံ ၆၆/၆ အိမ်ထောင်စုစာရင်းကို အခြေခံကာ ၎င်းတို့ ကောက်ယူခဲ့သည့် အခြေခံမဲဆန္ဒရှင်စာရင်းများအား ၂၀၁၅ ခုနှစ် ဧပြီလမှ ဇူလိုင်လအထိ အဆင့်လေးဆင့်ဖြင့် ကပ်ထားကြေညာထားမည်ဖြစ်ကြောင်းကိုလည်း တရားဝင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပမည့် အချိန်ဇယားတို့ကို အတိအကျမကြေညာမီကာလတွင် ရွေးကောက်ပွဲကို အထောက်အကူပြုနိုင်ရန်အတွက် အခြေခံမဲဆန္ဒရှင်စာရင်း ကောက်ယူရခြင်းဖြစ်သည်ဟု ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုက ဆိုထားသည်။

ရွေးကောက်ပွဲကော်မရှင်မှ ကောက်ယူခဲ့ပြီးသည့် အခြေခံမဲဆန္ဒရှင်စာရင်းများကို ထုတ်ပြန်ကြေညာသည့်အနေဖြင့် မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၁၂ ရက်နေ့အထိ ပထမအကြိမ်အဖြစ် ထုတ်ပြန်၍ မဲစာရင်းများ ကပ်ခဲ့သည်။ ဒုတိယအဆင့် မဲဆန္ဒရှင်စာရင်းကို မေလ ၂၅ ရက်နေ့မှ ဇွန်လ ၇ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများ၌ ကြေညာခဲ့သည်။ တတိယအကြိမ်အဖြစ် ဇွန်လ ၈ ရက်နေ့မှ ၂၁ ရက်နေ့အထိ၊ စတုတ္ထအကြိမ်အဖြစ် ဇွန်လ ၂၂ ရက်နေ့မှ ဇူလိုင် ၅ ရက်နေ့အထိ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သောကြောင့်

*စာမျက်နှာ ၁၀ ကော်လံ ၁* ❖

# ပုဂ္ဂလိကသို့ရောင်းချထားသည့် ရုပ်ရှင်ရုံဟောင်းများ ပြန်လည်အသက်သွင်းမှုမရှိပါက စည်းကမ်းချက်အတိုင်းလုပ်ဆောင်မည်

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**




နှစ်ရှည်ငှားရမ်းထားသည့် ရန်ကုန်မြို့လယ်မှ သမ္မတရုပ်ရှင်ရုံ။ ဓာတ်ပုံ-မင်းထက်

**ရန်ကုန် ဇူလိုင် ၇**

ပြန်ကြားရေး ဝန်ကြီးဌာနက ပုဂ္ဂလိကသို့ အပြီးအပိုင်ရောင်းချထားသည့် ရုပ်ရှင်ရုံဟောင်းများ ပြန်လည်အသက်သွင်းဆောင်ရွက်မှုမရှိပါက စာချုပ်ပါ စည်းကမ်းချက်အတိုင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာတင်က ပြောကြားသည်။


ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုက္ကိုင်းရိပ်သာလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရုပ်ရှင်ရုံဟောင်းများ ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချထားသည့်အနက်မှ ဘဏ်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

*စာမျက်နှာ ၁၃ ကော်လံ ၄* ❒

## ယနေ့ မာတိကာ

**အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးအခြေအနေ**
နိုင်ငံတကာရေးရာသုံးသပ်ချက်
စာ ၅

**သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာအုပ်စု အင်းမကြီးလုပ်ကွက်တွင် ရွှေတူးဖော်နေသည့် ကုမ္ပဏီဝင်းအတွင်း လူအုပ်စုဖြင့် ဝင်ရောက်မီးရှို့ဖျက်ဆီး**
စာ ၁၄




မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS
R/488